# မြန်မာ့အလင်း

၁၉၁၄ ခုနှစ်က တည်ထောင်သည်။ Established in 1914

**Myanma Alinn Daily**


### မိမိအဖို့ အကျိုးများနိုင်

သူတစ်ပါး၏ အပြစ်အနာအဆာကို မကြည့်ပါနှင့်။ မိမိအဖို့ အရေးကြီးသည်ကား မိမိကောင်းမှုကိုလည်းကောင်း၊ မကောင်းမှုကို လည်းကောင်း လုပ်သည်၊ မလုပ်သည်ကိုသာ ကြည့်ရာ၏။ သူတစ်ပါးအပြစ်ကို ကြည့်ခြင်းထက် မိမိအပြစ်ကို ကြည့်ခြင်းကသာလျှင် မိမိအဖို့ အကျိုးများနိုင်သောကြောင့် ဖြစ်၏။

ပုပ္ဖဝဂ်(ဓမ္မပဒ-၅၀)


၁၃၈၆ ခုနှစ်၊ ဝါခေါင်လပြည့်နေ့ | ၂၀၂၄ ခုနှစ်၊ ဩဂုတ် ၁၉ ရက်၊ တနင်္လာနေ့ | အတွဲ (၆၃)၊ အမှတ်(၃၁၉)


## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအားမြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် (NCA) ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများ နစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျနမှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ ကျင်းပ၍ ထွက်ပေါ်လာသည့် အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

**ယနေ့ ဖတ် စ ရာ**



**ဝါခေါင်လပြည့်မေတ္တာအခါတော်နေ့နှင့် မေတ္တာပွားခြင်းအကျိုး**

ဆောင်းပါး | စာ ၁၀

**ပြည်တွင်းစားသုံးဆီဖူလုံစေရေးအတွက် တိုင်းဒေသကြီး၊ ပြည်နယ်အသီးသီး၌ နေကြာသီးနှံကေ သုံးသန်းကျော် စိုက်ပျိုးရန် လျာထားဆောင်ရွက်**

ပြည်တွင်းသတင်း | စာ ၄



**ဘားအံ၌ (၄၅)ကြိမ်မြောက် ကရင်ရိုးရာဝါခေါင်လချည်ဖြူဖွဲ့မင်္ဂလာ(လာခုဂ်ခါင်.စူး) ပွဲတော်ကို စည်ကားသိုက်မြိုက်စွာကျင်းပ**

ပြည်တွင်းသတင်း | စာ ၆

# ညောင်တုန်းမြို့နယ်၌ လျှပ်စစ်စက်ဘီးနှင့် သုံးဘီးဆိုင်ကယ်များ တပ်ဆင်ထုတ်လုပ်

ပုသိမ် ဩဂုတ် ၁၈

မအူပင်ခရိုင် ညောင်တုန်းမြို့နယ် ဇီးဖြူကျွန်းကျေးရွာရှိ MiMi Motors ကုမ္ပဏီ၌ လျှပ်စစ်စက်ဘီး (E-Bike)နှင့် သုံးဘီးဆိုင်ကယ်များကို ဘက်ထရီကြိုးနှင့် မိန်းကြိုးတပ်ဆင်နေမှု၊ ကာဗာတပ်ဆင်နေမှု၊ လက်ကိုင်ကိုင်းတပ်ဆင်နေမှု၊ ပစ္စည်းတစ်ခုချင်းအလိုက် တပ်ဆင်နေမှုနှင့် ကုမ္ပဏီမှတာဝန်ရှိသူများနှင့် ဝန်ထမ်းများက လျှပ်စစ်စက်ဘီး (E-Bike)နှင့် သုံးဘီး ဆိုင်ကယ်အား လက်တွေ့စီးနင်းမောင်းနှင်ပြသမှုများကိုဧရာဝတီတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးတင်မောင်ဝင်းနှင့်အဖွဲ့သည် ယမန်နေ့ ညနေပိုင်းက သွားရောက်ကြည့်ရှုစစ်ဆေးသည်။

စာမျက်နှာ ၃ ကော်လံ ၁ ○



## စားအုန်းဆီ အခြေခံလက်ကားရည်ညွှန်းဈေးနှုန်းတစ်ပိဿာ ငွေကျပ် ၆၁၇၀ ဖြစ်ကြောင်း ထုတ်ပြန်ကြေညာ

နေပြည်တော် ဩဂုတ် ၁၈

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ စားသုံးဆီ တင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေး ကော်မတီအနေဖြင့် စားအုန်းဆီကမ္ဘာ့ဈေးနှုန်းဖြစ်ပေါ်ပြောင်းလဲမှုနှင့်အညီ ပြည်တွင်း၌ ဖြစ်သင့်ဖြစ်ထိုက်သည့် ဈေးနှုန်းများဖြစ်ပေါ်စေရေး ထိန်းကျောင်းဆောင်ရွက်လျက်ရှိပြီး စားအုန်းဆီ အဓိကထုတ်လုပ်တင်ပို့သည့် မလေးရှားနိုင်ငံတွင် ဖြစ်ပေါ်နေသည့် FOB ဈေးနှုန်းများကို နေ့စဉ်စောင့်ကြည့်ကာ သယ်ယူပို့ဆောင်ခ ကုန်ကျစရိတ်များ၊ ဘဏ်စရိတ်များ၊ အခွန်အခများထည့်သွင်းတွက်ချက်၍ ပြည်တွင်းဈေးကွက်၌ ရောင်းဝယ်ဖောက်ကားရမည့် အခြေခံလက်ကားရည်ညွှန်းဈေးနှုန်းကို ထုတ်ပြန်ပေးလျက်ရှိသည်။

စာမျက်နှာ ၄ ကော်လံ ၁ ◆

# ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေ ခေါင်းဆောင်သည့် ကိုယ်စားလှယ်အဖွဲ့ (၉) ကြိမ်မြောက် မဲခေါင်-လန်ချန်း ပူးပေါင်းဆောင်ရွက်မှု နိုင်ငံခြားရေးဝန်ကြီးများအစည်းအဝေးသို့ တက်ရောက်ပြီး မြန်မာနိုင်ငံသို့ ပြန်လည်ရောက်ရှိ

**နေပြည်တော် ဩဂုတ် ၁၈** ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေ ခေါင်းဆောင်သည့် မြန်မာကိုယ်စားလှယ်အဖွဲ့သည် ထိုင်းနိုင်ငံ ချင်းမိုင်မြို့တွင် ကျင်းပခဲ့သည့် (၉) ကြိမ်မြောက် မဲခေါင်-လန်ချန်း ပူးပေါင်းဆောင်ရွက်မှု နိုင်ငံခြားရေးဝန်ကြီးများအစည်းအဝေးသို့ တက်ရောက်ခဲ့ပြီး ယနေ့ညပိုင်းတွင် မြန်မာနိုင်ငံသို့ ပြန်လည်ရောက်ရှိသည်။

**ဆွေးနွေး**

ချင်းမိုင်မြို့တွင် ရောက်ရှိနေစဉ်အတွင်း ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီးသည် ဩဂုတ် ၁၅ ရက် ညနေပိုင်းတွင် လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီး မစ္စတာ ဆလုံဆိုင်း ခွန်မဆစ်နှင့် သီးခြားတွေ့ဆုံခဲ့သည်။ ယင်းသို့ တွေ့ဆုံစဉ် မြန်မာနှင့် လာအိုတို့အကြား အစဉ်အလာအရ ရှိရင်းစွဲ ချစ်ကြည်ရင်းနှီးမှုနှင့် နှစ်နိုင်ငံဆက်ဆံရေး ပိုမိုခိုင်မာအားကောင်းလာစေရေး၊ လာအိုနိုင်ငံရောက် မြန်မာရွှေ့ပြောင်း အလုပ်သမားများ အလုပ်လုပ်ကိုင်ခွင့်နှင့် အလုပ်သမားရေးရာ ကိစ္စရပ်များတွင် နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်ရေး၊ ကုန်သွယ်ရေးနှင့် ရင်းနှီးမြှုပ်နှံမှု ကဏ္ဍ မြှင့်တင်ဖော်ဆောင်နိုင်ရေးအတွက် အခွင့်အလမ်းများ ရှာဖွေရေးအပါအဝင် နှစ်နိုင်ငံ အပြန်အလှန် အကျိုးရှိစေမည့် ပူးပေါင်းဆောင်ရွက်မှုများ တိုးမြှင့်ရေးနှင့် အာဆီယံအပါအဝင် ဒေသတွင်းနှင့် နိုင်ငံတကာ မျက်နှာစာတို့တွင် နှစ်နိုင်ငံ ပိုမိုနီးကပ်စွာ ပူးပေါင်းဆောင်ရွက်သွားရေးကိစ္စရပ်များကို ဆွေးနွေးခဲ့ကြသည်။

**ပါဝင်တက်ရောက်**

ထို့ပြင် ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီးသည် ဩဂုတ် ၁၆ ရက်တွင် ပြုလုပ်သည့် "တရုတ် – လာအို – မြန်မာ – ထိုင်း လေးနိုင်ငံ အလွတ်သဘောအစည်းအဝေး" သို့ ပါဝင်တက်ရောက်ခဲ့သည်။



တရုတ် – လာအို – မြန်မာ – ထိုင်း လေးနိုင်ငံ အလွတ်သဘောအစည်းအဝေး ကျင်းပစဉ်။

ယင်းအလွတ်သဘော အစည်းအဝေးသို့ တရုတ်ကွန်မြူနစ်ပါတီ ဗဟိုကော်မတီ၊ နိုင်ငံရေးရာဗျူရိုအဖွဲ့ဝင်နှင့် နိုင်ငံခြားရေးဝန်ကြီး မစ္စတာဝမ်ယိ၊ လာအိုဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီး မစ္စတာ ဆလုံဆိုင်း ခွန်မဆစ်နှင့် ထိုင်းနိုင်ငံခြားရေးဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် မစ္စစ် အက်စီရီပင်တာရုချီတို့ တက်ရောက်ခဲ့ကြသည်။

အစည်းအဝေးတွင် ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီးက မြန်မာနိုင်ငံ၏ ဖြစ်ပေါ်တိုးတက်မှု အခြေအနေများကို ရှင်းလင်းပြောကြားခဲ့သည်။

**အမြင်ချင်းဖလှယ်ကတိပြု**

ထို့နောက် တက်ရောက်လာသူများက မြန်မာ–တရုတ်–ထိုင်း–လာအို လေးနိုင်ငံအကြား နယ်စပ်ဒေသတစ်လျှောက် လုံခြုံရေးနှင့် တည်ငြိမ်အေးချမ်းရေးကို ထိန်းသိမ်းရန်နှင့် တရားမဝင် နယ်စပ်ကုန်သွယ်ရေး၊ မူးယစ်ဆေးဝါးနှင့် လက်နက်ရောင်းဝယ်မှု၊ လူကုန်ကူးမှု၊ အွန်လိုင်းလိမ်လည်မှုနှင့် နိုင်ငံဖြတ်ကျော်ရာဇဝတ်မှု စသည့် တရားမဝင် လုပ်ငန်းများကို ပူးပေါင်းတိုက်ဖျက်ရေးတို့တွင် လေးနိုင်ငံအကြား ပိုမိုနီးကပ်စွာ ပူးပေါင်းဆောင်ရွက်သွားရန် အမြင်ချင်းဖလှယ် ကတိပြုခဲ့ကြသည်။ ထို့ပြင် မြန်မာနိုင်ငံ၏ အိမ်နီးချင်းနိုင်ငံများအနေဖြင့် မြန်မာနိုင်ငံကိစ္စနှင့် ပတ်သက်၍ အပြုသဘောပူးပေါင်းဆောင်ရွက်မှုများ ပံ့ပိုးဆောင်ရွက်သွားနိုင်မည့် အခြေအနေများကိုလည်းကောင်း၊ မြန်မာနိုင်ငံ၏ရှေ့လုပ်ငန်းစဉ်(၅)ရပ်နှင့် အာဆီယံ၏ တူညီဆန္ဒ (၅)ချက်တို့ အပြန်အလှန် လိုက်လျောညီစွာ အကောင်အထည်ဖော် ဆောင်ရွက်သွားနိုင်မည့် အလားအလာများကိုလည်းကောင်း ဆွေးနွေးခဲ့ကြသည်။

**သတင်းစဉ်**



ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေနှင့် လာအိုနိုင်ငံ ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီး မစ္စတာ ဆလုံဆိုင်း ခွန်မဆစ်တို့ တွေ့ဆုံဆွေးနွေးစဉ်။




ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေ ခေါင်းဆောင်သည့် ကိုယ်စားလှယ်အဖွဲ့အား ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ တာဝန်ရှိသူများက ကြိုဆိုစဉ်။

---

❍ ***ရှေ့ဖုံးမှ***

ထိုသို့ စစ်ဆေးရာတွင် တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့်အဖွဲ့အား ကုမ္ပဏီမှ တာဝန်ရှိသူများက ပစ္စည်း တစ်ခုချင်းအလိုက် တပ်ဆင်နေမှုများနှင့် လျှပ်စစ်သုံးနှစ်ဘီး၊ သုံးဘီးဆိုင်ကယ်အမျိုးအစားများ ထုတ်လုပ်ဆောင်ရွက်နေမှုများ၊ လျှပ်စစ်စက်ဘီး (E–Bike)နှင့် နှစ်ဘီးဆိုင်ကယ်၊ သုံးဘီးဆိုင်ကယ်များ ထုတ်လုပ်အသုံးပြုခြင်းအားဖြင့် စက်သုံးဆီ သုံးစွဲမှုကို လျှော့ချနိုင်မှု၊ ကျောင်းသား ကျောင်းသူများအပါအဝင် အသက်အရွယ်မရွေး လွယ်ကူစွာ သုံးစွဲနိုင်မှုများ၊ E–Bike (MI. Bike 10 series)၊ နှစ်ဘီးဆိုင်ကယ် (MI. Bike 20 series)၊ နှစ်ဘီးဆိုင်ကယ်( MI. Bike 30 series)နှင့် သုံးဘီးဆိုင်ကယ် MI.(MET) series များကို ထုတ်လုပ်ရောင်းချသွားရန် ရည်မှန်းထားပြီး ယခုတွင် E–Bike MI. Bike 10 series) များကို စမ်းသပ် ထုတ်လုပ်နေမှုနှင့်ဈေးကွက်အတွင်း တင်ပို့ရောင်းချနေမှုများကို ရှင်းလင်းတင်ပြသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**



## မြန်မာ့ပင်လယ်ပြင် အခြေအနေ

**နေပြည်တော် ဩဂုတ် ၁၈** မြန်မာ့ပင်လယ်ပြင် အခြေအနေမှာ လှိုင်းအသင့်အတင့်ရှိမည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်း တစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ငါးပေမှ ခုနစ်ပေခန့် ရှိနိုင်သည်။

**မိုး/ဇလ**

# ပြည်တွင်းစားသုံးဆီဖူလုံစေရေးအတွက် တိုင်းဒေသကြီး၊ ပြည်နယ်အသီးသီး၌ နေကြာသီးနှံဧက သုံးသိန်းကျော် စိုက်ပျိုးရန်လျာထားဆောင်ရွက်



**နေပြည်တော် ဩဂုတ် ၁၈**
စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမင်းနောင်သည် ဩဂုတ် ၁၇ ရက်နှင့် ယနေ့တွင် ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးဆွေဝင်း၊ ဧရာဝတီတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးတင်မောင်ဝင်း၊ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးစိုးသိန်းတို့နှင့် သက်ဆိုင်ရာဒေသများ၌ တွေ့ဆုံ၍ နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေဖြင့် ဆောင်ရွက်သည့် နွေစပါး၊ မိုးစပါးစီမံကိန်းနှင့် ဆီထွက်သီးနှံစီမံကိန်းများ လုပ်ငန်းဆိုင်ရာများ၊ နေကြာသီးနှံနှင့် ဝါသီးနှံတိုးချဲ့စိုက်ပျိုးရေး၊ မေထုန်မဲ့သားစပ်လုပ်ငန်းများဖြင့် နို့စားနွားမွေးမြူရေးလုပ်ငန်းများ ပိုမိုဖွံ့ဖြိုးတိုးတက်လာရေး ဆောင်ရွက်ရန် ကိစ္စရပ်များကို ဆွေးနွေးခဲ့ကြသည်။

**နှစ်အလိုက်တိုးချဲ့ဆောင်ရွက်သွားမည်**

ထိုသို့ဆွေးနွေးရာတွင် ပြည်ထောင်စုဝန်ကြီးက ပြည်တွင်းစားသုံးဆီဖူလုံရေး မျှော်မှန်းချက်အောင်မြင်စေရန် နေကြာသီးနှံကို သီးညှပ်စိုက်ခြင်းထက် သီးထပ်သီးနှံအဖြစ် ထိထိရောက်ရောက် စိုက်ပျိုးလုပ်ကိုင်နိုင်ရန် တိုင်းဒေသကြီး ပြည်နယ်များအလိုက် စိုက်ဧကများ လျာထားသတ်မှတ်ဆောင်ရွက်သွားမည်ဖြစ်ပြီး နှစ်အလိုက် တိုးချဲ့စိုက်ပျိုးသွားမည်ဖြစ်ပါကြောင်း၊ တိုင်းဒေသကြီး ပြည်နယ်အသီးသီး၌ နေကြာသီးနှံစိုက်ပျိုးခြင်းကို ၂၀၂၄-၂၀၂၅ ခုနှစ်တွင် မိုးနှင့်ဆောင်းစိုက်ဧက ၁ ဒသမ ၀၉ သန်း လျာထားဆောင်ရွက်လျက်ရှိပြီး နှစ်အလိုက် တိုးချဲ့ဆောင်ရွက်သွားမည်ဖြစ်ကာ ၂၀၂၇-၂၀၂၈ ခုနှစ်တွင် မိုးနှင့်ဆောင်း စုစုပေါင်းစိုက်ဧက ၃ ဒသမ ၀၇ သန်း စိုက်ပျိုးရန် လျာထားဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ နေကြာပွင့်များ အစေ့အဆန်ပြည့်အောင်မြင်ပြီး ဆီထွက်နှုန်းကောင်းမွန်စေရန်အတွက် ဝတ်မှုန်ကူးစက်မှုအကျိုးပြု ပျားမွေးမြူရေးကို တောင်သူများ တွဲဖက်လုပ်ကိုင်နိုင်ရေး စီမံဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း၊ အလားတူ ဝတ်မှုန်ကူးအင်းဆက်ပိုးမွှားများ ရှင်သန်ပေါက်ပွားမှုကို ထိခိုက်စေသည့် ပိုးသတ်ဆေးသုံးစွဲမှု လျှော့ချနိုင်ရေးအတွက်ကိုလည်း တောင်သူများကို အသိပညာပေးစည်းရုံးသွားရန် လိုအပ်ကြောင်း၊ ဝါသီးနှံတိုးချဲ့စိုက်ပျိုးထုတ်လုပ်ခြင်းကို ၂၀၂၃-၂၀၂၄ ခုနှစ်မှ ၂၀၂၇-၂၀၂၈ ခုနှစ်ထိ နှစ်အလိုက် ဆောင်ရွက်သွားမည်ဖြစ်ပြီး တစ်နိုင်ငံလုံး၌ ဝါစိုက်ဧက ၇၀၀၀၀၀ စိုက်ပျိုးသွားနိုင်ရန် လျာထားဆောင်ရွက်လျက်ရှိကြောင်း။

**နည်းပညာလိုအပ်ချက် ကူညီဖြည့်ဆည်းပေး**

နို့စားနွားမွေးမြူမှုဖွံ့ဖြိုးတိုးတက်ရေး၊ ပြည်တွင်းနို့နှင့် နို့ထွက်ပစ္စည်း ထုတ်လုပ်မှုမြင့်မားလာစေရေးနှင့် ပြည်ပမှ နို့ထွက်ပစ္စည်းများ တင်သွင်းမှုလျှော့ချနိုင်ရေးအတွက် ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်မှ ၂၀၂၇-၂၀၂၈ ဘဏ္ဍာနှစ်အတွင်း ပဲခူး၊ ရန်ကုန်၊ ဧရာဝတီတိုင်းဒေသကြီးများအပါအဝင် ဒေသငါးခုတွင် နို့စားနွားမကောင်းရေ ၆၀၀၀၀ ကျော် တိုးချဲ့မွေးမြူခြင်းကို ခရိုင်အခြေပြု မေထုန်မဲ့သားစပ်လုပ်ငန်းများဖြင့် အကောင်အထည်ဖော် ဆောင်ရွက်သွားမည်ဖြစ်၍ သက်ဆိုင်ရာတိုင်းဒေသကြီး ပြည်နယ်တာဝန်ရှိသူများအနေဖြင့် လိုအပ်ချက်များကြိုတင်စီမံဆောင်ရွက်နိုင်ရေးနှင့် သီးနှံအလိုက် မျိုးကောင်းမျိုးသန့်မျိုးစေ့နှင့် သွင်းအားစုများ သုံးစွဲနိုင်ရန်၊ စိုက်ပျိုးရေးရရှိရေးနည်းလမ်းများ အသုံးပြုရန် နှင့် နည်းပညာလိုအပ်ချက် ကူညီဖြည့်ဆည်းပေးနိုင်ရန် ပြည်ထောင်စုဝန်ကြီးဌာနများနှင့် တိုင်းဒေသကြီး ပြည်နယ်အစိုးရအဖွဲ့တို့မှ ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပြောကြားသည်။

**ကဏ္ဍများအလိုက် ဖြည့်စွက်ဆွေးနွေး**

ယင်းနောက် တိုင်းဒေသကြီးဝန်ကြီးချုပ်များက သက်ဆိုင်ရာဒေသအလိုက် နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေဖြင့် ဆောင်ရွက်ခဲ့သည့် နွေစပါး၊ မိုးစပါးစီမံကိန်းနှင့် ဆီထွက်သီးနှံ မြေပဲ၊နှမ်း၊ နေကြာစီမံကိန်း လုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်ခဲ့မှုများကို ဆွေးနွေးပြောကြားကြပြီး တိုင်းဒေသကြီးဝန်ကြီးများနှင့် ဦးစီးဌာနအလိုက် ညွှန်ကြားရေးမှူးချုပ်များက သက်ဆိုင်ရာကဏ္ဍများအလိုက် ဖြည့်စွက်ဆွေးနွေးတင်ပြကြသည်။

ဧရာဝတီတိုင်းဒေသကြီး၌ ရောက်ရှိစဉ် ပြည်ထောင်စုဝန်ကြီးသည် တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးတင်မောင်ဝင်းနှင့်အတူ ညောင်တုန်းမြို့နယ် ဆားမလောက်ကျေးရွာ တောင်သူပညာပေးစခန်း၌ မိုးစပါးရေကြီးနစ်မြုပ် တောင်သူများကို သွားရောက်တွေ့ဆုံ၍ အားပေးစကားပြောကြားကြပြီး သီးထပ်စွမ်းအားမြှင့်တင်နိုင်ရေးအတွက် ပြည်ထောင်စုဝန်ကြီးဌာနနှင့် တိုင်းဒေသကြီးအစိုးရတို့က ပံ့ပိုးကူညီသွားမည့်အစီအစဉ်များကို ဆွေးနွေးပြောကြားကြပြီး မိုးစပါးရေကြီးနစ်မြုပ် တောင်သူများအတွက် သက်တမ်းတိုမျိုးစပါးနှင့် ဓာတ်မြေဩဇာများထောက်ပံ့ပေးအပ်ခဲ့ကြကာ မိုးစပါးမျိုးစေ့ထုတ်စိုက်ခင်းများ ပေါင်းလိုက်သမန်းနှီးခြင်းနှင့် မြေဩဇာကြဲပက်ခြင်း ဆောင်ရွက်နေမှုတို့ကို ကြည့်ရှုအားပေးခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

# ပြည်ထောင်စုရာထူးဝန်အဖွဲ့ နိုင်ငံ့ဝန်ထမ်းပြန်တမ်းဝင်အရာရှိအဆင့် စတင်ခန့်အရာထမ်းရာထူးများအတွက် ရေးဖြေစာမေးပွဲ ကျင်းပ

**နေပြည်တော် ဩဂုတ် ၁၈**
ပြည်ထောင်စု ရာထူးဝန်အဖွဲ့၏ ကြော်ငြာစာအမှတ် ၁/၂၀၂၄ ပါ ဝန်ကြီးဌာနနှင့် အဖွဲ့အစည်း (၂၀)၏ ပြန်တမ်းဝင်အရာရှိအဆင့် စတင်ခန့်လစ်လပ်ရာထူး ၅၃၃ နေရာ ရွေးချယ်ပေးရေးအတွက် ရေးဖြေစာမေးပွဲကို ကိုဗစ်-၁၉ ကာကွယ် ထိန်းချုပ်ရေးဆိုင်ရာ



စည်းကမ်းသတ်မှတ်ချက်နှင့်အညီ နေပြည်တော်၊ ရန်ကုန်မြို့၊ မန္တလေးမြို့၊ မကွေးမြို့နှင့်မော်လမြိုင်မြို့များရှိ စာစစ်ဌာနငါးခု၌ ဩဂုတ် ၁၈ ရက်နှင့် ၁၉ ရက်တို့တွင် တစ်ပြိုင်တည်း ကျင်းပလျက်ရှိသည်။

အဆိုပါ ရေးဖြေစာမေးပွဲ ကျင်းပနေမှုများကို ယနေ့နံနက်ပိုင်းတွင် ပြည်ထောင်စုရာထူးဝန်အဖွဲ့ အဖွဲ့ဝင် ဦးဆန်းမြင့်နှင့် အဖွဲ့ဝင် ဒေါ်ခင်မျိုးမြင့်တို့သည် မန္တလေးတိုင်းဒေသကြီး မန္တလေးမြို့ အမှတ်(၁) အခြေခံပညာ အထက်တန်းကျောင်းရှိ မန္တလေးစာစစ်ဌာနသို့လည်းကောင်း၊ အဖွဲ့ဝင် ဦးစိုးတင့်သည် ရန်ကုန်တိုင်းဒေသကြီး လသာမြို့နယ် အမှတ် (၁) အခြေခံပညာအထက်တန်းကျောင်းရှိ ရန်ကုန်စာစစ်ဌာနသို့လည်းကောင်း၊ အဖွဲ့ဝင် ဦးရဲနိုင်သည် မကွေးတိုင်းဒေသကြီး မကွေးမြို့ အမှတ် (၁) အခြေခံပညာ အထက်တန်းကျောင်းရှိ မကွေးစာစစ်ဌာနသို့လည်းကောင်း၊ အဖွဲ့ဝင် ဦးကျော်မျိုးထွန်းသည် နေပြည်တော် အမှတ်(၃) အခြေခံပညာ အထက်တန်းကျောင်းရှိ နေပြည်တော်စာစစ်ဌာနသို့လည်းကောင်း၊ အမြဲတမ်းအတွင်းဝန် ဦးအောင်တင်စိုးသည် မွန်ပြည်နယ် မော်လမြိုင်မြို့ အမှတ် (၉)အခြေခံပညာ အထက်တန်းကျောင်းရှိ မွန်ပြည်နယ် စာစစ်ဌာနသို့လည်းကောင်း သွားရောက်၍ စာဖြေသူများကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။ (ဝဲပုံ)

ပြည်ထောင်စုရာထူးဝန်အဖွဲ့အနေဖြင့် ဝန်ကြီးဌာနနှင့်အဖွဲ့အစည်းအသီးသီးအတွက် လိုအပ်သည့် အရည်အသွေးပြည့်ဝသော ပြန်တမ်းဝင်အဆင့် အရာထမ်းရာထူးများကို စနစ်တကျ ရွေးချယ်ပေးလျက်ရှိရာတွင် ဘွဲ့ရပညာတတ်လူငယ်များ အလုပ်အကိုင်အခွင့်အလမ်းများ ပိုမိုရရှိစေရေး၊ အရည်အချင်းကို အခြေခံ၍ လူမှန်၊ နေရာမှန်ခန့်အပ်နိုင်ရေးအတွက် ရွေးချယ်ရေးလုပ်ငန်းစဉ်များကို အဆင့်မြှင့်တင်ဆောင်ရွက်လျက်ရှိရာ ယခုကျင်းပသော ရေးဖြေစာမေးပွဲသို့ နိုင်ငံတစ်ဝန်းမှ လာရောက်ဖြေဆိုကြသူ စုစုပေါင်း ၁၇၄၂ ဦးရှိကြောင်း သိရသည်။

**သတင်းစဉ်**

◆ *ရွှေဖိုးမှ*

ယခုအပတ်အတွင်း ကမ္ဘာ့စားအုန်းဆီ ထုတ်လုပ်တင်ပို့သည့် နိုင်ငံများတွင် ဈေးကွက်နှင့် ဈေးနှုန်းဖြစ်ပေါ်မှုများအရ ဩဂုတ် ၁၉ ရက်မှ ဩဂုတ် ၂၅ ရက်အထိ ရန်ကုန်အထိုင်ဈေး အခြေခံလက်ကားရည်ညွှန်းဈေးနှုန်းမှာ စားအုန်းဆီတစ်ပိဿာလျှင် ငွေကျပ် ၆၁၇၀ ဖြစ်ကြောင်း ထုတ်ပြန်ကြေညာထားသည်။

ထို့အပြင် ပြည်တွင်းဈေးကွက်အတွင်း ဈေးနှုန်းမြှင့်တင်ရောင်းချခြင်း၊ ဈေးကစားရန် ရည်ရွယ်ချက်ဖြင့် သိုလှောင်ခြင်းအပါအဝင် မသမာသည့် လုပ်ဆောင်မှုများ ပြုလုပ်ပါက အရေးကြီးကုန်စည်နှင့် ဝန်ဆောင်မှုဥပဒေအရ အရေးယူဆောင်ရွက် သွားမည် ဖြစ်ကြောင်း အသိပေးထုတ်ပြန်ထားသည်။

အခြေခံလက်ကားရည်ညွှန်းဈေးနှုန်းများကို စားသုံးသူရေးရာဦးစီးဌာန၏ Website: www.doca.gov.mm ၊ Facebook Page နှင့် မြန်မာနိုင်ငံ ဆီကုန်သည်နှင့် ဆီလုပ်ငန်းရှင်များအသင်း၏ Facebook Page တွင် ဝင်ရောက်ကြည့်ရှုနိုင်ကြောင်း သိရသည်။

**သတင်းစဉ်**

- အင်တာနက်ပေါ်တွင် သတင်းတု၊ သတင်းမှားများ လွှင့်တင်ခြင်း၊ မြန်မာ့ရိုးရာယဉ်ကျေးမှုနှင့် ကိုက်ညီမှုမရှိသည့် မဖွယ်မရာမှတ်တမ်းပုံများ၊ ဗီဒီယိုများအား ဖြန့်ဝေခြင်း၊ အခကြေးငွေဖြင့် ရောင်းချခြင်းများသည် တည်ဆဲဥပဒေများအရ အရေးယူခံရနိုင်ပါသည်။
- အွန်လိုင်းလောင်းကစားကြော်ငြာများ လက်ခံကြော်ငြာပေးခြင်းသည် တည်ဆဲဥပဒေများအရ အရေးယူခံရနိုင်ပါသည်။

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိန်းကျော် ရန်ကုန်တိုင်းဒေသကြီးရှိ သတင်းအချက်အလက် နည်းပညာတက္ကသိုလ်နှင့် ရန်ကုန်အနောက်ပိုင်းနည်းပညာတက္ကသိုလ်များသို့ သွားရောက်ကြည့်ရှုစစ်ဆေး



**နေပြည်တော် ဩဂုတ် ၁၈**

သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိန်းကျော်သည် ယနေ့တွင် ရန်ကုန်တိုင်းဒေသကြီးရှိ သတင်းအချက်အလက် နည်းပညာတက္ကသိုလ်နှင့် ရန်ကုန်အနောက်ပိုင်းနည်းပညာတက္ကသိုလ်များသို့ သွားရောက်ကြည့်ရှု စစ်ဆေးသည်။ **(ယာပုံ)**

**စနစ်တကျသင်ကြား**

ဦးစွာ ပြည်ထောင်စုဝန်ကြီးနှင့် တာဝန်ရှိသူများသည် သတင်းအချက်အလက် နည်းပညာတက္ကသိုလ်သို့ ရောက်ရှိပြီး ပါမောက္ခချုပ်၊ ဌာနမှူးများ၊ ဆရာဆရာမများနှင့်တွေ့ဆုံရာ ပါမောက္ခချုပ်က ကျောင်းဆိုင်ရာများနှင့် ပင်မခြောက်ထပ်ဆောင် တည်ဆောက်နေမှုအခြေအနေများကို ရှင်းလင်းတင်ပြပြီး ပြည်ထောင်စုဝန်ကြီးက သုတေသနပညာရှင်များ၊ နည်းပညာရှင်များ ဖြစ်လာစေရန် ကျောင်းသား ကျောင်းသူများကို စနစ်တကျ သင်ကြားလေ့ကျင့်ပေးရန်နှင့် စာတွေ့ သာမက လက်တွေ့ကျသည့် သင်ခန်းစာများဖြင့် သင်ကြားပေး၍ ပြည်သူ့အကျိုးပြုသုတေသနများကို ဆောင်ရွက်ကြရန် မှာကြားပြီး ပင်မခြောက်ထပ်ဆောင်တည်ဆောက်နေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးကာ ဆောင်ရွက်ပြီးစီးမှု အခြေအနေများအပေါ် အရည်အသွေးပြည့်မီစွာနှင့် အချိန်မီပြီးစီးနိုင်ရေးနှင့် လုပ်ငန်းခွင် အန္တရာယ်ကင်းရှင်းစေရေးတို့ကို မှာကြားသည်။

**ကြည့်ရှုစစ်ဆေး**

ထို့နောက် ရန်ကုန်အနောက်ပိုင်းနည်းပညာတက္ကသိုလ် ပင်မသုံးထပ် စာသင်ဆောင်သစ်တည်ဆောက်နေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးရာ တည်ဆောက်ရေး ကုမ္ပဏီတာဝန်ရှိသူက ပင်မသုံးထပ်ဆောင် တည်ဆောက်ရေးနှင့် တည်ဆောက်နေမှုအစီအစဉ်များ၊ တည်ဆောက်ရေးဆိုင်ရာတို့ကို ရှင်းလင်းတင်ပြပြီး တင်ပြချက်များအပေါ် ပြည်ထောင်စုဝန်ကြီးက ကုမ္ပဏီများမှ လုပ်ငန်းများဆောင်ရွက်ရာတွင် သတ်မှတ်စံချိန်စံညွှန်းနှင့် အရည်အသွေးမီအောင် အလေးထားဆောင်ရွက်ကြရန်နှင့် အချိန်မီပြီးစီးနိုင်ရေးတို့ကို မှာကြားကာ ပတ်ဝန်းကျင် သန့်ရှင်းသာယာလှပရေး၊ စိမ်းလန်းစိုပြည်ရေးနှင့် ကျောင်းဥပဓိရုပ်ကောင်းမွန်ရေး ဆောင်ရွက်ထားရှိမှုများကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ဒုတိယဝန်ကြီး ဦးအောင်ကျော်ထွန်း ကချင်ပြည်နယ်အတွင်း ဝန်ကြီးဌာနအောက်ရှိ ဌာန/အဖွဲ့အစည်းများ၏ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းဆောင်ရွက်နေမှု ကွင်းဆင်းကြည့်ရှုစစ်ဆေး




**မြစ်ကြီးနား ဩဂုတ် ၁၈**

ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်ကျော်ထွန်းသည် ဩဂုတ် ၁၆ ရက် နံနက်ပိုင်းတွင် ကချင်ပြည်နယ်အစိုးရအဖွဲ့ ရောဝတီရိပ်သာ အစည်းအဝေးခန်းမ၌ ဝန်ကြီးဌာနလက်အောက်ရှိ ဌာနအဖွဲ့အစည်းများမှ အရာထမ်း၊ အမှုထမ်းများနှင့် တွေ့ဆုံသည်။

**ထောက်ပံ့ပေးအပ်**

တွေ့ဆုံစဉ် ဌာနအလိုက် တာဝန်ရှိသူများက လက်ရှိလုပ်ငန်းဆောင်ရွက်နေမှုအခြေအနေများနှင့် ဆက်လက်ဆောင်ရွက်သွားမည့် အစီအမံများကို ရှင်းလင်းတင်ပြရာ ဒုတိယဝန်ကြီးက ဝန်ထမ်းကောင်းမှ နိုင်ငံကောင်းမည်ဟူသည့် ဆောင်ပုဒ်နှင့်အညီ တာဝန် ထမ်းဆောင်ရာတွင် ဝန်ထမ်းကျင့်ဝတ် စည်းမျဉ်း/စည်းကမ်းများ၊ ညွှန်ကြားချက်များနှင့်အညီ အထက်မှ ပေးအပ်သောတာဝန်ဝတ္တရားများကို ကျေပွန်စွာ ထမ်းဆောင်သွားကြရန်နှင့် ဌာနအချင်းချင်း ပူးပေါင်းညှိနှိုင်းဆောင်ရွက်သွားကြရန်၊ ဌာနတာဝန်ခံများအနေဖြင့် မိမိဝန်ထမ်းများ သက်သာချောင်ချိရေးကို အလေးထားဆောင်ရွက်ပေးရန် ပြောကြားပြီး မြစ်ကြီးနားမြို့တွင် တာဝန်ထမ်းဆောင်နေသော ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန လက်အောက်ရှိ အရာထမ်း၊ အမှုထမ်းများအား ဆန်၊ ဆီ၊ ကြက်ဥ၊ ကုလားပဲ၊ ကြက်သွန်နီ အစရှိသည့် အခြေခံစားသောက်ကုန် ပစ္စည်းများ ထောက်ပံ့ပေးအပ်သည်။

ယင်းနောက် ဒုတိယဝန်ကြီးသည် ပြည်နယ်လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဦးခင်မောင်ထွေး၊ တာဝန်ရှိသူများနှင့်အတူ မြစ်ကြီးနားမြို့ ရှမ်းစုမြောက်ရပ်ကွက် ကမ်းနားလမ်းတစ်လျှောက် ဧရာဝတီမြစ်ရေလမ်းကြောင်း ကောင်းမွန်ရေးနှင့် ကမ်းပြို/ကမ်းထိန်းကာကွယ်ရေး လျာထားလုပ်ငန်း အစီအမံများနှင့် မြစ်ကမ်းလမ်းကြောင်းထိန်းလုပ်ငန်းများ ဆောင်ရွက်ထားရှိမှုအခြေအနေများ၊ လျာထားလုပ်ငန်းများနှင့်စပ်လျဉ်း၍ ကြည့်ရှုစစ်ဆေးပြီး စီတာပူရပ်ကွက်ရှိ အင်ဂျန်းခချောင်းအတွင်းနှင့် မနောကွင်းအနီး ဧရာဝတီမြစ်ရေ တိုက်စားမှုနှင့် ရေကြီးရေလျှံဖြစ်ပေါ်ခဲ့မှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ဧရာဝတီမြစ်ရေကြီးမှုမှ ကာကွယ်နိုင်ရေး လျာထားဆောင်ရွက်လျက်ရှိသည့် လုပ်ငန်းများနှင့် ဆက်လက်ဆောင်ရွက်သွားမည့် အစီအမံများအပေါ် အရည်အသွေးပြည့်မီစွာ အချိန်မီဆောင်ရွက်သွားနိုင်ရေး တာဝန်ရှိသူများနှင့် ညှိနှိုင်းပေါင်းစပ်ဆောင်ရွက်ပေးသည်။

ထိုမှတစ်ဆင့် မြစ်ကြီးနားလေဆိပ်သို့ ရောက်ရှိပြီး လေကြောင်းဖြင့် ခရီးသွားလာလျက်ရှိသော ခရီးသွားလုပ်သားပြည်သူများ၊ ခရီးသည်များ အဆင်ပြေချောမွေ့စေရေးအတွက် ဆိုက်ရောက်/ထွက်ခွာမှု အခြေအနေများ၊ လေဆိပ်တွင် အသုံးပြုလျက်ရှိသော X-ray စက်၊ CCTV များ ကောင်းမွန်မှု ရှိ/မရှိ၊ လေကြောင်းထိန်း မျှော်စင်၏ ဆက်သွယ်ရေးစက်များ၊ လေကြောင်းထိန်းစနစ်များ ကောင်းမွန်မှု ရှိ/မရှိ၊ လေယာဉ်ပြေးလမ်းနှင့် ပြေးလမ်း၏ဝဲယာတွင် ပန်းနှမ်းပင်များ စိုက်ပျိုးရန် လျာထားသည့် မြေနေရာများနှင့် လေယာဉ်အရေးပေါ် အသက်ကယ်မီးသတ်ရုံတို့ကို ကြည့်ရှုစစ်ဆေးခဲ့ပြီး လိုအပ်သည်များ မှာကြားခဲ့ကြောင်း သိရသည်။ **(အပေါ်ဝဲပုံ)** **သတင်းစဉ်**

# ကြို့ပင်ကောက်မြို့နယ်၌ နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေဖြင့် သမဝါယမ အသင်းသားတောင်သူများသို့ သွင်းအားစု ခေတ်မြေဩဇာများ ဖြန့်ဖြူးပေးအပ်

**ကြို့ပင်ကောက် ဩဂုတ် ၁၈**

ပဲခူးတိုင်းဒေသကြီး ကြို့ပင်ကောက်မြို့နယ်အတွင်း မိုးစပါးစိုက်ပျိုးမည့် သမဝါယမအသင်းသားတောင်သူများ လူမှုစီးပွားဘဝမြင့်မားစေရေး၊ အချိန်မီထွန်ယက်စိုက်ပျိုးပြီး စိုက်ပျိုးသီးနှံအထွက်တိုးကာ ဈေးကောင်းရရှိစေရေးအတွက် နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေဖြင့် တစ်ဧကလျှင် ငွေကျပ်နှစ်သိန်းနှုန်းနှင့်ညီမျှသော သွင်းအားစုခေတ်မြေဩဇာများကို မိုးစပါးစိုက်ပျိုးမည့် သမဝါယမအသင်းကိုးသင်းဖြစ်သည့် ပန်းဘဲတန်းစိုက်ပျိုးရေးနှင့် အထွေထွေသမဝါယမအသင်းမှ အသင်းသား ၂၂ ဦး၏ စိုက်ဧက ၁၂၃ ဧကအတွက် တန်ဖိုးငွေကျပ် ၂၄ ဒသမ ၆ သန်း၊ တူးကံစိုက်ပျိုးရေးနှင့် အထွေထွေသမဝါယမအသင်းမှ အသင်းသား ၁၆ ဦး၏ စိုက်ဧက ၅၆ ဧကအတွက် တန်ဖိုးငွေကျပ် ၁၁ ဒသမ ၂ သန်း၊ ဂုမ္ဘကွင်းစိုက်ပျိုးရေးနှင့် အထွေထွေသမဝါယမအသင်းမှ အသင်းသား ၃၂ ဦး၏ စိုက်ဧက ၁၅၅ ဧကအတွက် တန်ဖိုးငွေကျပ် ၃၁ သန်း၊ ရွာသာကုန်း စိုက်ပျိုးရေးနှင့် အထွေထွေသမဝါယမအသင်းမှ အသင်းသား ၄၄ ဦး၏ စိုက်ဧက ၃၁၈ ဧက အတွက် တန်ဖိုးငွေကျပ် ၆၃ ဒသမ ၆ သန်း၊ ဒေါင်းလူးစိုက်ပျိုးရေးနှင့်အထွေထွေသမဝါယမအသင်းမှ အသင်းသား ၂၃ ဦး၏ စိုက်ဧက ၂၃၃ ဧကအတွက် တန်ဖိုးငွေကျပ် ၄၆ ဒသမ ၆ သန်း၊ ဘုကြီးစိုက်ပျိုးရေးနှင့်အထွေထွေသမဝါယမအသင်းမှ အသင်းသား ၃၇ ဦး၏ စိုက်ဧက ၁၆၀ အတွက် တန်ဖိုးငွေကျပ် ၃၂ သန်း၊ ကျခတ္တာန်းစိုက်ပျိုးရေးနှင့် အထွေထွေသမဝါယမအသင်းမှ အသင်းသား ၁၉ ဦး၏ စိုက်ဧက ၆၅ ဧကအတွက် တန်ဖိုးငွေကျပ် ၁၃ သန်း၊ ပေပင်ခုံစိုက်ပျိုးရေးနှင့် အထွေထွေသမဝါယမအသင်းမှ အသင်းသား ရှစ်ဦး၏ စိုက်ဧက ၆၆ ဧကအတွက် တန်ဖိုးငွေကျပ် ၁၃ ဒသမ ၂ သန်း၊ ကျွန်းသာယာစိုက်ပျိုးရေးနှင့်အထွေထွေသမဝါယမအသင်းမှ အသင်းသား ၁၄ ဦး၏ စိုက်ဧက ၇၄ ဧကအတွက် တန်ဖိုးငွေကျပ် ၁၄ ဒသမ ၈ သန်း စုစုပေါင်း အသင်းသား ၂၁၅ ဦး၏ စိုက်ဧက ၁၂၅၀ အတွက် တန်ဖိုးငွေကျပ်သန်း ၂၅၀ နှင့်ညီမျှသော သွင်းအားစုခေတ်မြေဩဇာများအား အသင်းသားများလက်ဝယ်အရောက် ပေးအပ်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

ကြီးမြန် သစ်ပင် စိုက်ပျိုးလျှင် စွမ်းအင်လည်းရ ပြည်လည်းလှ

# ဘားအံခွဲ (၄၅)ကြိမ်မြောက် ကရင်ရိုးရာဝါခေါင်လချည်ဖြူဖွဲ့မင်္ဂလာ(လာခုဂ်ခါင်.စူး)ပွဲတော်ကို စည်ကားသိုက်မြိုက်စွာကျင်းပ

**ဘားအံ ဩဂုတ် ၁၈**

ကရင်တိုင်းရင်းသားတို့၏ ရိုးရာယဉ်ကျေးမှု ချည်ဖြူဖွဲ့မင်္ဂလာ(လာခုဂ်ခါင်.စူး)ပွဲတော်ကို ကရင်တိုင်းရင်းသား လူမျိုးများနေထိုင်ရာ နေရာဒေသအသီးသီးတွင် ဆွေမျိုးမိသားစုအလိုက်သော်လည်းကောင်း၊ စုပေါင်း၍သော်လည်းကောင်း ဝါခေါင်လရောက်တိုင်း နှစ်စဉ်ဆင်ယင်ကျင်းပလေ့ရှိကြရာ ဩဂုတ် ၁၈ ရက် နံနက် ၉ နာရီက ဘားအံမြို့ ဖွဲကပင်ခန်းမ၌ (၄၅) ကြိမ်မြောက် ကရင်ရိုးရာ ဝါခေါင်လချည်ဖြူဖွဲ့မင်္ဂလာ(လာခုဂ်ခါင်.စူး)ပွဲတော်ကို အနှစ်သာရပြည့်ဝစွာနှင့် စည်ကားသိုက်မြိုက်စွာ ကျင်းပခဲ့သည်။

ဦးစွာ သဘာပတိအဖွဲ့ဝင်များက စင်မြင့်ထက်တွင် နေရာယူ၍ သဘာပတိဦးစောကြည်လင်းက ချည်ဖြူဖွဲ့ မင်္ဂလာနှင့်ပတ်သက်၍ အမှာစကားပြောကြားပြီး ကရင်ပြည်နယ်အစိုးရအဖွဲ့ ပြည်နယ်ဝန်ကြီးချုပ်ဦးစောမြင့်ဦးက မိမိတို့ဘိုးဘွားများ ရှေးနှစ်ပေါင်းများစွာကတည်းက ထားရှိခဲ့သည့်ကောင်းမြတ်သော ရိုးရာအမွေအနှစ်တစ်ခုကို မပျောက်ပျက်အောင် ကရင်လူငယ်များအားလုံး ကြီးမားသည့်တာဝန်တစ်ရပ်အဖြစ်ခံယူကာ မြတ်မြတ်နိုးနိုးနှင့် အဆင့်ဆင့်လက်ဆင့်ကမ်းထိန်းသိမ်းပေးကြရန် တိုက်တွန်းလိုကြောင်း၊ အဝေးတွင် လွင့်ပျံနေသည့်ဝိညာဉ်များပြန်လာကြပါ၊ ကိုယ်တွင်းမှာရှိကြသည့် ဂြိုဟ်ဆိုးနတ်ဆိုးများအပြင်ထွက်ပြီး လွင့်စဉ်ပျောက်ပျက်ပါစေ၊ ကျန်းမာခြင်း၊ လာဘ်လာဘများနှင့် ကျန်းမာခြင်းသုခများ ခန္ဓာကိုယ်တွင်း ဝင်ရောက်ကြပါစေဟု ဆုတောင်းမေတ္တာပို့သအပ်ပါကြောင်း အမှာစကားပြောကြားရာတွင် ထည့်သွင်းပြောကြားသည်။

ထို့နောက် ကရင်တိုင်းရင်းသားလူငယ်မောင်မယ်များက ဝါခေါင်လချည်ဖြူဖွဲ့မင်္ဂလာ(လာခုဂ်ခါင်.စူး) ဖြစ်ပေါ်လာပုံကို ပိုးကရင်ဘာသာ၊ စကောကရင်ဘာသာ၊ မြန်မာဘာသာတို့ဖြင့် ဖတ်ကြားကြပြီး ပြည်နယ်ဝန်ကြီးချုပ်က ပွဲတော်ကျင်းပရေးကော်မတီဥက္ကဋ္ဌထံ ငွေကျပ်သိန်း ၁၅ဝ ကို ထောက်ပံ့ပေးအပ်ကာ(ယာပုံ) ပွဲတော်ကျင်းပရေးကော်မတီမှ(၄၅)ကြိမ်မြောက် ကရင်ရိုးရာချည်ဖြူဖွဲ့မင်္ဂလာ(လာခုဂ်ခါင်.စူး) ပွဲတော်ဖြစ်မြောက်ရေးအတွက် အလှူငွေထည့်ဝင်သူများအား ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်သည်။





ယင်းနောက် ပွဲတော်ကို ဦးဆောင်ကျင်းပမည့် အကြီးအမှူးနှင့် အရန် နှစ်ဦး၊ ချည်ဖြူဖွဲ့ပေးမည့် အဘိုးနှင့်အဘွားများက မြေးငယ်များ ခြံရံလျက် သတ်မှတ်နေရာအသီးသီးတွင် နေရာယူကြပြီး ပွဲတော်အကြီးအမှူးက မကောင်းသော စိတ်ဝိညာဉ်ဆိုးများ လူတိုင်း၏ခန္ဓာကိုယ်မှ ဖယ်ခွာစွန့်ထုတ်သွားစေရန် ကရင်ဘာသာဖြင့် ရွတ်ဆိုမောင်းထုတ်၍ လူတိုင်း၏ခန္ဓာကိုယ်အား အစဉ်အမြဲစောင့်ရှောက်ပေးသည့် ဝိညာဉ်လိပ်ပြာကောင်းများ အသီးသီးပြန်လည်ဝင်ရောက်လာစေရန် ကရင်ဘာသာဖြင့် ရွတ်ဆိုခေါ်ယူသည်။

ပွဲတော်အကြီးအမှူးခေါ်ယူရောက်ရှိလာသော ခုနစ်ရက်သား သမီးများ၏ ဝိညာဉ်လိပ်ပြာကောင်းများ ရွှင်လန်း ဝမ်းမြောက်စေရန် ရိုးရာသီချင်းဖြင့် ဂုဏ်ပြုကြိုဆိုကြပြီး ပြည်နယ်ဝန်ကြီးချုပ် ဦးစောမြင့်ဦးနှင့်ဇနီး၊ ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ် ဒေါ်ခင်ဆွေထွန်း၊ ပြည်နယ်အစိုးရ အဖွဲ့ဝင်များနှင့် ၎င်းတို့၏ဇနီးများ၊ ပြည်နယ်၊ ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာအကြီးအကဲများ၊ ငြိမ်းချမ်းရေးအဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ၊ ကရင်တိုင်းရင်းသားရပ်မိရပ်ဖများ၊ တိုင်းရင်းသား ပြည်သူများက အဘိုး အဘွားများထံတွင် ချည်ဖြူဖွဲ့ မင်္ဂလာခံယူကြသည်။(ဝဲပုံ)

ချည်ဖြူဖွဲ့ရာတွင် ငှက်ပျောသီး၊ ကောက်ညှင်းထုပ်၊ ထမင်းဆုပ်၊ နတ်ပန်းညို၊ ချည်ဖြူ သန့်စင်သောရေ၊ ကြံပိုင်း စသည့်ပစ္စည်း ခုနစ်မျိုးပါဝင်ပြီး တစ်ခုချင်းစီ၏ ဂုဏ်သတ္တိများအလိုက် ကရင်တိုင်းရင်းသားတို့အား စုပေါင်းညီညွတ်စွာ နေထိုင်စေလိုသည့် အဓိပ္ပာယ်များပါဝင်ကြောင်း၊ မွန်မြတ်သန့်စင်၍ ချစ်စရာကောင်းသည့် ယဉ်ကျေးမှုဓလေ့ ထုံးတမ်းအစဉ်အလာကောင်းများကို ကရင်တိုင်းရင်းသားများ ထိန်းသိမ်းသည့်ပွဲတော်တစ်ရပ်ဖြစ်ကြောင်းနှင့် ကရင်ပြည်နယ်အတွင်း ကရင်ရိုးရာချည်ဖြူဖွဲ့ မင်္ဂလာအခမ်းအနားများကို ဝါခေါင်လတစ်လလုံး နေရာဒေသ အနှံ့အပြားတွင် ကျင်းပလေ့ရှိကြောင်း သိရသည်။

**စောမျိုးမင်းသိန်း(ပြန်/ဆက်)**

---

## ရွှေတောင်မြို့နယ် အထက (ခွဲ) သရက်တောကျောင်း၌ လူငယ်စကားဝိုင်း ကျင်းပ

**ရွှေတောင် ဩဂုတ် ၁၈**

မျိုးဆက်သစ်လူငယ်များ အသိပညာဗဟုသုတကြွယ်ဝပြီး ဗလငါးတန်နှင့် ပြည့်စုံစေရန်ရည်ရွယ်၍ ရွှေတောင်မြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် အခြေခံပညာဦးစီးဌာနတို့ ပူးပေါင်းကျင်းပသော လူငယ်စကားဝိုင်းကို ဩဂုတ် ၁၇ ရက် နံနက်ပိုင်းက ရွှေတောင်မြို့နယ် အထက (ခွဲ) သရက်တောကျောင်း ခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ ရွှေတောင်မြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးဟံဝင်းအောင်နှင့် မြို့နယ်ပညာရေးမှူး ဦးကျော်ဦးတို့က အမှာစကား ပြောကြားခဲ့သည်။ ဆက်လက်၍ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန ဦးစီးအရာရှိ ဒေါ်ငြိမ်းငြိမ်းသန့်က အသိပညာဗဟုသုတများ တိုးပွားစေရန်၊ လူငယ်များ ဗလငါးတန်နှင့် ဘက်စုံဖွံ့ဖြိုး တိုးတက်စေရန် ရည်ရွယ်ချက်များဖြင့် လူငယ်စကားဝိုင်းများ ကျင်းပရခြင်းဖြစ်ကြောင်း ရှင်းလင်းပြောကြားပြီး တာဝန်ခံအထက်တန်းပြ ဆရာမကြီး ဒေါ်ချိုချိုထွန်းက ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။

ဆက်လက်၍ လူငယ်စကားဝိုင်းဆွေးနွေးပွဲကို ကျင်းပရာ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဒုတိယဦးစီးမှူး ဒေါ်နွေးဒါလီနိုင်က ဦးဆောင်ဆွေးနွေးသူအဖြစ် ဆောင်ရွက်ပြီး အထက(ခွဲ) သရက်တောကျောင်းမှ မောင်ဟိန်းမင်းသူက လူငယ်နှင့် အခွင့်အလမ်း၊ မသဲသဲစုက လူငယ်နှင့် စာဖတ်ခြင်း၊ မအေးချမ်းဖြူက လူငယ်နှင့် မူးယစ်ဆေး၊ မလေပြေချိုချိုက လူငယ်နှင့် ပညာရေး စသည့် ခေါင်းစဉ်များဖြင့်အသီးသီးဆွေးနွေးကြရာ တက်ရောက်လာသူ ကျောင်းသား ကျောင်းသူများက ကဏ္ဍအလိုက် သိရှိလိုသည်များကို မေးမြန်းကြရာ ဦးဆောင်ဆွေးနွေးကြသူများက ပြန်လည်ရှင်းလင်းဆွေးနွေးသည်။

ထို့နောက် ခင်းကျင်းပြသထားသော နံရံကပ်စာစောင်၊ ဓာတ်ပုံပြပွဲနှင့် စာအုပ်ပြပွဲများကို ကျောင်းသား ကျောင်းသူများက စိတ်ပါဝင်စားစွာ ကြည့်ရှုလေ့လာခဲ့ကြောင်း သိရသည်။

**ကိုကိုမင်း(ပြန်/ဆက်)**



---

## မြန်မာ့ပန်းချီ၊ ပန်းပုဈေးကွက်အတွင်း အခန်းအလှဆင်ရာတွင် အသုံးများသည့် ပန်းချီအမျိုးအစားများအနက် ကနုကမာ ပန်းချီကားများကို စိတ်ဝင်စားသူများနေ

**ရန်ကုန် ဩဂုတ် ၁၈**

မြန်မာ့ပန်းချီ၊ ပန်းပုဈေးကွက်အတွင်း အခန်းအလှဆင်ရာတွင် အသုံးများသည့် ပန်းချီကားအမျိုးအစားများအနက် ကနုကမာ ပန်းချီကားများကို စိတ်ဝင်စားသူများနေကြောင်း ပန်းချီပန်းပုနှင့် မြန်မာမှု အနုပညာလက်ရာ အမျိုးမျိုး အရောင်းဈေးကွက်မှ သိရသည်။




“ဝါတွင်းဆိုတော့ ဈေးကွက်က နည်းနည်းပါးပေမယ့် ကျောက်စီပန်းချီကားတွေ၊ ကနုကမာ ပန်းချီကားတွေတော့ လောလောဆယ်အဝယ်များတယ်။ လောလောဆယ် ဝါဝင်သွားတော့ အိမ်တက်တို့၊ မင်္ဂလာဆောင်တို့က လည်း နည်းနေတာပါတယ်။ ဝါဝင်တယ်ဆိုပေမယ့် တစ်ချို့ဆိုင်ဖွင့်ပွဲလေးတွေရှိတယ်။ တချို့ကျတော့လည်း မွေးနေ့လေးတွေရှိတယ်။ အဲ့လိုမျိုးတွေဆိုလာဝယ်ကြတယ်ပေါ့။ ရွှေခြည်ထိုး ပန်းချီကားကိုလည်း လူစိတ်ဝင်စားကြပါတယ်။ ခုနပြောသလို ကျောက်စီပန်းချီကားတွေ၊ ကနုကမာ ပန်းချီကားတွေကတော့ ရွှေခြည်ထိုးထက်ပိုပြီး ဈေးနှုန်းသင်တင့်တော့ ပိုပြီးတော့ ရောင်းရတယ်” ဟု သုဝဏ္ဏမြို့နယ်ရှိ BURMA ART ZONE ပန်းချီ ပန်းပုနှင့် မြန်မာမှု အနုပညာလက်ရာ အမျိုးမျိုး အရောင်းပြခန်းမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

ထို့ပြင် မြန်မာ့ ပန်းချီ၊ ပန်းပုလက်ရာများကို လူငယ်များနှင့် နိုင်ငံခြားသားများလည်း စိတ်ဝင်စားမှုရှိကြပြီး လာရောက်ကြည့်ရှုဝယ်ယူကြကြောင်း သိရသည်။

“အခုကတော့ ပန်းချီ၊ ပန်းပုတွေကို ဟိုးအရင်တုန်းကနဲ့မတူဘဲ လူငယ်တွေက အခုနောက်ပိုင်းမှာ စိတ်ဝင်စားမှု များလာကြတော့ ရောင်းလာရတယ်။ ပြည်ပနိုင်ငံသားလည်း စိတ်ဝင်စားပြီး လာပါတယ်။ တချို့က ပန်းချီကို စိတ်ဝင်စားတယ်။ တချို့ကျတော့ ဆီဆေးတို့၊ ရေဆေးတို့ စိတ်ဝင်စားတယ်။ တချို့ကတော့ရွှေချည်ထိုးစိတ်ဝင်စားကြတယ်။ တစ်ယောက်နဲ့ တစ်ယောက်တော့ မတူဘူး”ဟု ၎င်းက ပြောသည်။

**Thit Taw**

## အကြမ်းဖက်မှုပပျောက်ရေးအတွက် ပြည်သူသို့ အသိပေးနှိုးဆော်ချက်

၁။ ပြည်သူအတွက်ဟု သုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများ အပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကိုသတ်ဖြတ်၊ လုယက်ခြင်းကို CRPH ၊ NUG၊ PDF အမည်ခံ အကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ ခြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များ လုပ်ဆောင်နေသည့် CRPH ၊ NUG ၊ PDF အကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှု မပြုခြင်းသည် ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏ လက်နက်/ခဲယမ်း ကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

## အများပြည်သူသို့ အသိပေးကြေညာချက်

၁။ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်သည် အဂတိလိုက်စားမှု တားဆီးကာကွယ်ရေးလုပ်ငန်းများကို ထိရောက်စွာ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန်အတွက် ကော်မရှင်အပါအဝင် ပြည်ထောင်စုဝန်ကြီးဌာန/အဖွဲ့အစည်းများတွင် အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးအဖွဲ့များ ဖွဲ့စည်းဆောင်ရွက်လျက်ရှိပါသည်။

၂။ ကော်မရှင်အနေဖြင့် သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးဌာန/အဖွဲ့အစည်းများ၏ ကြီးကြပ်မှုအောက်ရှိ အများပြည်သူနှင့် ဆက်သွယ်ဆောင်ရွက်လျက်ရှိသော ရုံး/ဌာနများတွင် ဝန်ဆောင်မှု ရယူခဲ့ကြသော ပြည်သူများ၏ တယ်လီဖုန်းများသို့ Short Code နံပါတ် “1111” အသုံးပြု၍ SMS မှတစ်ဆင့် မေးခွန်းများ မေးမြန်းခြင်းနှင့် တုံ့ပြန်မှုရယူခြင်းအစီအစဉ်(Public Feedback Programme–PFP) ကို အသုံးပြုဆောင်ရွက်လျက်ရှိပါသည်။

၃။ အများပြည်သူထံမှ တုံ့ပြန်မှုရယူခြင်းအစီအစဉ်အရ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်နှင့် ပြည်ထောင်စုဝန်ကြီးဌာန/အဖွဲ့အစည်းများထံမှ Short Code နံပါတ် “1111” ဖြင့် ဝန်ဆောင်မှုရယူစဉ်က ကြုံတွေ့ခဲ့ရသည့်အခြေအနေများနှင့်စပ်လျဉ်း၍ ပေးပို့မေးမြန်းလိုက်သော SMS များကို မှန်ကန်စွာ ပြန်လည်ဖြေကြားပေးခြင်းဖြင့် သက်ဆိုင်ရာဌာနအသီးသီး၏ ဝန်ဆောင်မှု လုပ်ငန်းအရည်အသွေးကို သိရှိနိုင်မည်ဖြစ်ပြီး အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးအတွက် လိုအပ်ချက်များကို ပြုပြင်နိုင်မည်ဖြစ်ပါသည်။

၄။ သို့ဖြစ်ပါ၍ ပြည်သူလူထုအနေဖြင့် ကော်မရှင်နှင့် ပြည်ထောင်စုဝန်ကြီးဌာန/အဖွဲ့အစည်းများရှိ အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးအဖွဲ့များက Short Code “1111” ဖြင့် SMS ပေးပို့မေးမြန်းလိုက်သောမေးခွန်းများကို ပြန်လည်ဖြေကြားပေးခြင်းသည် အဂတိလိုက်စားမှု တားဆီးကာကွယ်ရေးလုပ်ငန်းများတွင် တစ်ဖက်တစ်လမ်းမှ ပါဝင်ဆောင်ရွက်ခြင်းဖြစ်သဖြင့် အများပြည်သူထံမှ တုံ့ပြန်မှုရယူခြင်းအစီအစဉ်ကို အတူတကွ ပူးပေါင်းပါဝင်ဆောင်ရွက်စေလိုပါကြောင်း အသိပေးနှိုးဆော်တင်ပြအပ်ပါသည်။




**အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်**



## မိုင်းပန်မြို့မဟာတေဇာဓိပဓိစေတီတော် ဘက်စုံမွမ်းမံပြုပြင်နိုင်ရေး ကျပ်သိန်း ၃၀၀ လှူဒါန်း

**မိုင်းပန် ဩဂုတ် ၁၈**

လင်းခေးခရိုင် မိုင်းပန်မြို့နယ် နမ့်တိန်းကျေးရွာအုပ်စု လွိုင်နွဲ့ကျေးရွာရှိ မဟာတေဇာဓိပဓိ စေတီတော်အား ဩဂုတ် ၁၇ ရက်က ရှမ်းပြည်နယ် ဝန်ကြီးချုပ် ဦးအောင်အောင်နှင့် အဖွဲ့ဝင်များ သွားရောက်ကြည်ညိုဖူးမြော်ကာ မဟာတေဇာဓိပဓိဘုရား ဘက်စုံမွမ်းမံပြုပြင်နိုင်ရန်အတွက် ရှမ်းပြည်နယ်အစိုးရအဖွဲ့က ငွေကျပ်သိန်း ၃၀၀ ကို လှူဒါန်းသည်။**(အပေါ်ပုံ)**

ဆက်လက်၍ ပြည်နယ်ဝန်ကြီးချုပ်နှင့် အဖွဲ့သည် မိုင်းပန်မြို့နယ် ကုန်းကျိုင်းကျေးရွာအုပ်စု နမ့်ဟူးရွာ နမ့်ဟူးရေကန် (နမ့်ဟူးရေထွက်) အောက်ပိုင်းတွင် ရေကန်ငယ်တူးဖော်ထားရှိမှုအား သွားရောက်ကြည့်ရှုစစ်ဆေးရာ ပြည်နယ်ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန ဦးစီးမှူး ဦးထွန်းထွန်းဦးက ရှင်းလင်းတင်ပြရာ ပြည်နယ်ဝန်ကြီးချုပ်က လိုအပ်သည်များကို မှာကြားသည်။

အဆိုပါ နမ့်ဟူးရေကန်(နမ့်ဟူးရေထွက်)သည် မြေသားကန်ဖြစ်၍ ကန်အရွယ်အစားမှာ အလျား ပေ ၂၀၀၊ အနံ ပေ ၁၀၀၊ အနက် ၅ ပေ၊ ကန်အမျိုးအစား မြေသားကန် အကျိုးပြုရေသောက်ဧရိယာ ဧက ၂၈၀ ဖြစ်ပြီး လုပ်ငန်းကို ၂၀၂၄ – ၂၀၂၅ခုနှစ်တွင်စတင်၍ လုပ်ငန်းတန်ဖိုးမှာ ၇၇ ဒသမ ၃၂၇ သန်း ဖြစ်ကြောင်း သိရသည်။

ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့သည် ရှမ်းပြည်နယ် (တောင်ပိုင်း)နှင့် (အရှေ့ပိုင်း) ဆက်သွယ်ထားသော တာဆန်းတံတားသို့ ရောက်ရှိလာရာ ရှင်းလင်းဆောင်ခန်းမတွင် နမ့်စန်–မိုးနဲ– မိုင်းတုံ – မိုင်းဆတ်လမ်းပေါ်ရှိ သံလွင်တံတား(တာဆန်း) တည်ဆောက်ရေးစီမံကိန်း၊ လမ်းအဆင့်မြှင့်တင်ခြင်းစီမံကိန်းနှင့် နမ့်စန် – မိုးနဲ – မိုင်းတုံ – မိုင်းဆတ်လမ်းပေါ်ရှိ သံလွင်တံတား(တာဆန်း) ချဉ်းကပ်လမ်း ဆောင်ရွက်ထားရှိမှုအခြေအနေများကို တာဝန်ရှိသူများက ရှင်းလင်းတင်ပြသည်။ ယင်းနောက်ပြည်နယ် ဝန်ကြီးချုပ်နှင့်အဖွဲ့သည် တံတားသစ်ကို ကြည့်ရှုကြသည်။

အဆိုပါ သံလွင်တံတား(တာဆန်း)သည် ယခုအချိန် သံလွင်မြစ်ရေတက်နေမှုကြောင့် လုပ်ငန်းများကို ၂၀၂၅ မတ်လရေကျချိန်တွင် ပြန်လည်၍ လုပ်ငန်းများ ဆောင်ရွက်နိုင်မည်ဖြစ်ပြီး ၂၀၂၅ – ၂၀၂၆ ဘဏ္ဍာနှစ်တွင် ပြီးစီးမည်ဖြစ်ကြောင်း သိရသည်။

**မောင်မောင်သန်း(တောင်ကြီး)**

## ၂၀၂၄ ခုနှစ် လူဦးရေနှင့်အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကောက်ယူရေးလုပ်ငန်း နည်းပြသင်တန်းဖွင့်

**ပဲခူး ဩဂုတ် ၁၈**

၂၀၂၄ ခုနှစ် လူဦးရေနှင့်အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကောက်ယူရေးလုပ်ငန်း နည်းပြသင်တန်း ဖွင့်ပွဲအခမ်းအနားကို ဩဂုတ် ၁၇ ရက်က ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး၌ ကျင်းပသည်။**(အောက်ပုံ)**

ဦးစွာ တိုင်းဒေသကြီး သန်းခေါင်စာရင်း ကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းက မကြာမီ ၂၀၂၄ ခုနှစ် လူဦးရေနှင့်အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကောက်ယူတော့မည်ဖြစ်ရာ အဆိုပါလုပ်ငန်းသည် လုပ်ငန်းပမာဏ ကြီးမားကျယ်ပြန့်ပြီး အလွန်ပင် တာဝန်ကြီးမားသဖြင့် အလေးအနက်ထား ဆောင်ရွက်ကြစေလိုကြောင်း၊ သန်းခေါင်စာရင်းကောက်ယူနိုင်ရန် အစီအမံကောင်းများ၊ နည်းပညာများ အသုံးပြုစေကာမူ စာရင်းကောက်ယူမည့် စာရင်းစစ်/စာရင်းကောက်များက သန်းခေါင်စာရင်း မေးခွန်းပါ အကြောင်းအရာများကို ပြည့်ပြည့်စုံစုံ မှန်မှန်ကန်ကန်နှင့် ကျွမ်းကျင်ပိုင်နိုင်စွာ ကောက်ယူနိုင်မှသာလျှင် အရည်အသွေးကောင်းမွန်ပြီး အောင်မြင်သည့် သန်းခေါင်စာရင်းဖြစ်လာမည်ဖြစ်ကြောင်း၊ တိုင်းဒေသကြီးနည်းပြသင်တန်းသားများအနေဖြင့် ပေးအပ်ထားသည့် တာဝန်များကို မိမိတို့၏အတွေ့အကြုံ၊ စွမ်းဆောင်နိုင်မှု အရည်အသွေး၊ စိတ်စေတနာကောင်းများဖြင့် ကြိုးစားဆောင်ရွက်ကြစေလိုကြောင်း ပြောကြားခဲ့သည်။

ထို့နောက် တိုင်းဒေသကြီး သန်းခေါင်စာရင်း ကြီးကြပ်မှု ကော်မတီ အတွင်းရေးမှူး ဦးအောင်ဝင်းဦးက ၂၀၂၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကောက်ယူရေး ကြိုတင်ပြင်ဆင်ခြင်း လုပ်ငန်းဆောင်ရွက်ထားရှိမှုနှင့် ဆက်လက်ဆောင်ရွက်သွားမည့် အစီအမံများကို Power Point ဖြင့် ရှင်းလင်းတင်ပြခဲ့ရာ သက်ဆိုင်ရာကော်မတီအဖွဲ့ဝင်များက ဝိုင်းဝန်းဆွေးနွေးအကြံပြုချက်များအပေါ် တိုင်းဒေသကြီး ဝန်ကြီးချုပ်က လိုအပ်သည်များ ဖြည့်စွက်မှာကြားသည်။

ပဲခူးတိုင်းဒေသကြီးအတွင်း စာရင်းစစ် / စာရင်းကောက် ၄၂၅၉ ဦး ခန့်အပ်တာဝန်ပေးသွားမည်ဖြစ်ပြီး ခရိုင်ခြောက်ခု၌ စာရင်းကောက်ကွက်ပေါင်း ၁၁၅၄၀ ကို တစ်ပြိုင်တည်း ကောက်ယူသွားမည်ဖြစ်ကာ သန်းခေါင်စာရင်းဆိုင်ရာလုပ်ငန်းများ ပြည်သူလူထုများ ကျယ်ကျယ်ပြန့်ပြန့်သိရှိစေရေးတိုင်းရင်းသားဘာသာစကားများဖြင့် လက်ကမ်းစာစောင်များ ဖြန့်ဝေခြင်း၊ Bill Board စိုက်ထူခြင်းများ ဆောင်ရွက်ထားပြီးဖြစ်သလို သန်းခေါင်စာရင်းအုပ်ချုပ်မှုဆိုင်ရာ သင်တန်း ခြောက်ကြိမ် ဖွင့်လှစ်သင်ကြားထားပြီး ဖြစ်ကြောင်း သိရသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**



## ဥပ္ပါတသန္တိစေတီတော်မြတ်ကြီးတွင် လုံးတော်ပြည့် ရွှေစင်ရွှေပြားကပ်လှူပူဇော်နိုင်ရေး နှိုးဆော်လွှာ

ဥပ္ပါတသန္တိစေတီတော်မြတ်ကြီး၏ ပထမဖောင်းရစ်ဧရိယာ (၃၄၈၅)စတုရန်းပေအား ရွှေစင်ရွှေပြားများ ကပ်လှူပူဇော်လျက်ရှိရာ (၂၃၁၈)စတုရန်းပေဧရိယာအတွက် သာသနာ့နွယ်ဝင် အလှူရှင်များမှ လှူဒါန်းပူဇော်ခဲ့ပြီးဖြစ်ရာ ဧရိယာ(၁၁၆၇) စတုရန်းပေအတွက် လှူဒါန်းရန် ကျန်ရှိနေပါသည်။

ရွှေစင်ရွှေပြား(၁)ချပ် (အရွယ် တစ်ပေ x တစ်ပေ၊ အလေးချိန် ရွှေတစ်ကျပ်သား) ၏ မ,တည်ကုန်ကျစရိတ်မှာ ၂၅,၀၀,၀၀၀/- (ကျပ်နှစ်ဆယ့်ငါးသိန်းတိတိ)ဖြစ်ပါသည်။

၂၀၂၄ ခုနှစ်၊ ဩဂုတ်လအတွင်း တတိယအကြိမ် အလှူတော်ငွေ ပေးအပ်လှူဒါန်းပွဲအခမ်းအနားကို ကျင်းပပြုလုပ်သွားမည်ဖြစ်ရာ သဒ္ဓါကြည်လင်ပါရမီရှင်များမှ ကြုံတောင့်ကြုံခဲကာလတွင် ကုသိုလ်ယူ ပါဝင်လှူဒါန်းနိုင်ပါရန် နိဗ္ဗာန်အကျိုးမျှော်၍ နှိုးဆော်တိုက်တွန်းအပ်ပါသည်။

**ဆက်သွယ်ရန်လိပ်စာ**

၁။ ဦးမြင့်စိုး၊ ကောင်စီဝင်၊ နေပြည်တော်ကောင်စီ
၀၉-၂၆၁၁၇၉၀၀၃
၂။ ဦးမောင်မောင်၊ ဒုတိယမြို့တော်ဝန်
နေပြည်တော်စည်ပင်သာယာရေးကော်မတီ
၀၉-၄၀၄၄၃၄၄၉၉
၃။ ဦးထွန်းကြည်၊ ဂေါပကအဖွဲ့ဝင်၊ ဥပ္ပါတသန္တိစေတီတော်
၀၉-၅၁၃၅၆၉၈
၄။ ဥပ္ပါတသန္တိစေတီတော်၊ ဂေါပကအဖွဲ့ရုံး
၀၉-၄၄၂၂၅၂၆၇၀
၅။ AYA PAY (Merchant ID. 20044314)
၆။ KBZ PAY (ID.70240001001)

## (၃၈)ဖြာမင်္ဂလာနှင့်ဗုဒ္ဓဝင်စာမေးပွဲ ထူးချွန်ဆုရကျောင်းသား ကျောင်းသူများအား ဂုဏ်ပြုဆုတံဆိပ်နှင့်ဂုဏ်ပြုမှတ်တမ်းလွှာများချီးမြှင့်

**ရန်ကုန် ဩဂုတ် ၁၈**

ရန်ကုန်တိုင်းဒေသကြီး ဗုဒ္ဓဘာသာကလျာဏယုဝအသင်း(YMBA) မှ ကြီးမှူးကျင်းပသော (၇၄) ကြိမ်မြောက် (၃၈) ဖြာမင်္ဂလာနှင့် ဗုဒ္ဓဝင်စာမေးပွဲမှ ထူးချွန်ဆုရကျောင်းသား ကျောင်းသူများအား ဂုဏ်ပြုဆုချီးမြှင့်သည့် အခမ်းအနားကို ယနေ့နံနက်ပိုင်းက ရွှေတိဂုံစေတီတော် ပရိဝုဏ်အတွင်းရှိ ဗုဒ္ဓဘာသာကလျာဏယုဝအသင်း(YMBA) ခန်းမ၌ ကျင်းပသည်။

အခမ်းအနားသို့ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးစိုးသိန်းနှင့်အစိုးရအဖွဲ့ဝင်များ၊ ဗုဒ္ဓဘာသာကလျာဏယုဝအသင်း(YMBA)ဗဟို ဥက္ကဋ္ဌ အဂ္ဂမဟာမင်္ဂလဓမ္မ ဇောတိကဓဇ သီရိသုဓမ္မ မဏိဇောတဓရ ဦးရဲထွန်းနှင့် ဗဟိုအလုပ်အမှုဆောင်များ၊ အထူးဖိတ်ကြားထားသူများ၊ ဆုရကျောင်းသား ကျောင်းသူများနှင့် ဆရာ ဆရာမများ၊ မိဘဆွေမျိုးများ၊ အလှူရှင်များနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဦးစွာ တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့်အစိုးရအဖွဲ့ဝင်များ၊ ဗုဒ္ဓဘာသာကလျာဏယုဝအသင်း



(YMBA) ဗဟိုဥက္ကဋ္ဌနှင့် တာဝန်ရှိသူများသည် နမောတဿသုံးကြိမ်ရွတ်ဆိုဘုရားကန်တော့၍ အခမ်းအနားကို ဖွင့်လှစ်ကြပြီး မင်္ဂလာဒုံမြို့နယ် အမှတ်(၁၄) အခြေခံပညာ အလယ်တန်းကျောင်းမှ ကျောင်းသား ကျောင်းသူများက (၃၈) ဖြာ မင်္ဂလာကဗျာ ရွတ်ဆိုပူဇော်ကြသည်။

ထို့နောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်က အမှာစကားပြောကြားပြီး ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့ (ကိုယ်စား)တိုင်းဒေသကြီး ဝန်ကြီးချုပ်က အလှူငွေများ ပေးအပ်လှူဒါန်းရာ ရန်ကုန်တိုင်းဒေသကြီး ဗုဒ္ဓဘာသာကလျာဏယုဝအသင်း ဥက္ကဋ္ဌ မင်္ဂလာဓမ္မ ဇောတိကဓဇ ဦးသန့်ဇင်က လက်ခံရယူ၍ ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်သည်။

ထို့နောက် ရန်ကုန်တိုင်းဒေသကြီး ဗုဒ္ဓဘာသာကလျာဏယုဝအသင်းဥက္ကဋ္ဌ ဦးသန့်ဇင်က ဆုချီးမြှင့်ပွဲအခမ်းအနားကျင်းပရခြင်းအကြောင်း ရှင်းလင်းတင်ပြသည်။

ယင်းနောက် ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် တိုင်းဒေသကြီးဝန်ကြီးများ၊ ဗုဒ္ဓဘာသာကလျာဏယုဝအသင်း(YMBA) ဗဟိုဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက (၇၄) ကြိမ်မြောက် (၃၈)ဖြာမင်္ဂလာနှင့် ဗုဒ္ဓဝင်စာမေးပွဲ ထူးချွန်အောင်မြင်သူများအား ဂုဏ်ပြုဆုချီးမြှင့်ပေးအပ်ကြပြီး(ဝဲပုံ) အခမ်းအနားဖြစ်မြောက်ရေးအတွက် ပံ့ပိုးကူညီသူများအား ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်၍ အခမ်းအနားအား ဗုဒ္ဓသာသနံ စိရံတိဋ္ဌတု သုံးကြိမ်ရွတ်ဆိုကာ ရုပ်သိမ်းခဲ့ကြကြောင်းနှင့်ယခုနှစ်ကျင်းပသည့် စာမေးပွဲတွင် ရန်ကုန်တိုင်းဒေသကြီးအနေဖြင့် မြို့နယ် ၁၁ မြို့နယ်၊ စာဖြေဌာန ၃၄ ခုမှ ကျောင်းသား ကျောင်းသူပေါင်း ၁၇၀၀ ကျော် ဝင်ရောက်ဖြေဆိုခဲ့ကြပြီး ၁၃၂၅ ဦး အောင်မြင်ခဲ့ကြောင်း သိရသည်။

ဆန်းကျော်ဦး(ပြန်/ဆက်)

## ကချင်ပြည်နယ်ဝန်ကြီးချုပ် မြစ်ကြီးနားမြို့ ရေကြီးနစ်မြုပ်မှု ကာကွယ်နိုင်ရေး ကမ်းထိန်းနံရံ၊ ရေထိန်းတံခါးများနှင့် ကမ်းပတ်တာရိုးလမ်းများမြှင့်တင်နိုင်ရေးစစ်ဆေး

**မြစ်ကြီးနား ဩဂုတ် ၁၈**

ကချင်ပြည်နယ်အတွင်း နှစ်စဉ်မိုးရာသီတွင် ဧရာဝတီအထက်ပိုင်း မြစ်ဝှမ်းတစ်လျှောက်တွင် မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် မြစ်ကြီးနားမြို့၌ ရေကြီးနစ်မြုပ်မှုဖြစ်စဉ်များ ဖြစ်ပေါ်လေ့ရှိရာ မြို့ရေကြီးနစ်မြုပ်မှု ဖြစ်စဉ်မှ ကာကွယ်နိုင်ရေး၊ စံချိန်တင်မြင့်တက်မှုကြောင့် ထိခိုက်နစ်နာဆုံးရှုံးမှုများ လျှော့ချနိုင်ရေးအတွက် ပြည်နယ်ဝန်ကြီးချုပ် ဦးခက်ထိန်နန်သည် နေပြည်တော်မှ စေလွှတ်ခဲ့သည့် ကွင်းဆင်းလေ့လာစစ်ဆေးရေးအဖွဲ့ဝင်များနှင့်အတူ မြစ်ကြီးနားမြို့ ဧရာဝတီမြစ်ကမ်းတစ်လျှောက် အဓိက ရေဝင်ပေါက်နေရာများကို ဩဂုတ် ၁၇ ရက်နှင့် ၁၈ ရက်တို့တွင် ကွင်းဆင်းစစ်ဆေးခဲ့ကြသည်။

ရှေးဦးစွာ ပြည်နယ်ဝန်ကြီးချုပ်သည် ရေအရင်းအမြစ်နှင့် မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဝင်းလှိုင် ဦးဆောင်သော ကွင်းဆင်းလေ့လာ စစ်ဆေးရေးအဖွဲ့ဝင်များနှင့်အတူ ဩဂုတ် ၁၈ ရက် နံနက်ပိုင်းက မြစ်ကြီးနားမြို့တွင်း ဧရာဝတီမြစ်ရေ အဓိက ဝင်ပေါက်နေရာ တစ်ခုဖြစ်သည့် ကြက်ပေါင်ခြံ ရပ်ကွက်၊ ကျွဲနွားဈေးအနီး ဧရာဝတီမြစ်ဆိပ်နေရာ၌ အဆိုပါ ဝင်ပေါက်မှ ရေဝင်ရောက်မှု အခြေအနေများနှင့် မြို့ပေါ်ရပ်ကွက်များအတွင်း ရေလွှမ်းမိုးမှု ဖြစ်ပေါ်နိုင်သည့် ဧရိယာများကို ကွင်းဆင်းစစ်ဆေးခဲ့ကြသည်။

ယင်းနောက် ပမ္မတီးရပ်ကွက် ရေကြည်ဈေးမှတစ်ဆင့် ရေကြည်ချောင်းမှ မြို့တွင်းသို့ မြစ်ရေဝင်ရောက်မှု အခြေအနေများ၊ အဓိက ရေဝင်ပေါက်တစ်ခုဖြစ်သည့် ရေကြည်ချောင်းဝနေရာ၌ မြစ်ရေကြီးမြင့်မှုကြောင့် အမြင့်ဆုံးမြင့်တက်ခဲ့သည့် အခြေအနေများကို လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့ကြပြီး ရမ်ပူရပ်ကွက်အတွင်းရှိ အောင်ဆုပန်ဘုန်းတော်ကြီးကျောင်းသွားနေရာ၌ ဧရာဝတီမြစ်ရေ ဝင်ရောက်ရေထိန်းတံခါး တည်ဆောက်နိုင်ရေး ဆွေးနွေးဆောင်ရွက်ခဲ့ကြသည်။

အလားတူ ဩဂုတ် ၁၇ ရက်ကလည်း ပြည်နယ်ဝန်ကြီးချုပ်သည် ကွင်းဆင်းလေ့လာစစ်ဆေးရေးအဖွဲ့ဝင်များ၊ ပြည်နယ်အဆင့်ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့်အတူ မြစ်ကြီးနားမြို့ မန်ခိန်ရပ်ကွက်နှင့် ရွှေစက်ရပ်ကွက်အတွင်း ဗလမင်းထင်တံတားအနီးထိ အဓိကရေဝင်နေရာများ



ဖြစ်သည့် မြေနိမ့်ပိုင်းနေရာများတွင် မြစ်ရေအမြင့်ဆုံးအခြေအနေအထိ မြင့်တက်ခဲ့မှုဖြစ်ပေါ်ခဲ့သည့် အခြေအနေများ၊ ကမ်းပါးတိုက်စားမှု ဖြစ်ပေါ်ခဲ့သည့် အခြေအနေများနှင့် နုန်းမြေပို့ချမှုကြောင့် မြစ်ကမ်းပါးကြမ်းပြင် မြင့်တက်လာမှုဖြစ်စဉ်များကို လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့ကြပြီး ထိုမှတစ်ဆင့် အဆိုပါရပ်ကွက်များအတွင်း ရေဝင်ရောက်မှုကြောင့် စီတာပူရပ်ကွက်အတွင်း ရေလွှမ်းမိုးဧရိယာတွင် ပါဝင်သည့် စက်မှုဇုန်အပိုင်း ဗလမင်းထင်ဇေ ၁၀၀ စံပြစိုက်ကွင်းနေရာ၌ လည်းကောင်း၊ အင်ဂျန်းချောင်းဝနေရာမှ လည်းကောင်း ရေလွှမ်းမိုးမှုဖြစ်ပေါ်ခဲ့သည့် အခြေအနေများကို လှည့်လည်ကြည့်ရှု စစ်ဆေးပြီး မြစ်ကမ်းပါး မြေနိမ့်ပိုင်းနေရာများတွင် ရေထိန်းနံရံများတည်ဆောက်နိုင်ရေး ဆွေးနွေးခဲ့သည်။

ထိုမှတစ်ဆင့် ဝိုင်းမော်မြို့နယ် မိုင်းနားကျေးရွာအုပ်စု ဟိုးလော်ကျေးရွာအတွင်း ဧရာဝတီမြစ်ရေတိုက်စားမှုကြောင့် ကမ်းပါးပြိုကျခဲ့သဖြင့် စေတီတစ်ဆူ အပါအဝင် လူနေအိမ်များ ပျက်စီးဆုံးရှုံးမှုဖြစ်ပေါ်ခဲ့သည့် အခြေအနေများကို ကြည့်ရှုစစ်ဆေးခဲ့ကြပြီး မြစ်ကမ်းပါးထိန်းသိမ်းရေးအတွက် ကျောက်စီမြေထိန်းတမံ တည်ဆောက်သွားမည့် အစီအစဉ်များကို ဆွေးနွေးခဲ့ကြသည်။ ယင်းနောက် မြစ်ကြီးနားမြို့ စီတာပူတံတား၌ အင်ဂျန်းချောင်း ရေဝင်ရောက်မှု အခြေအနေများကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

ပြည်နယ်(ပြန်/ဆက်)

## စစ်တောင်းမြစ်ရေ မဒေါက်မြို့တွင် စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်

**နေပြည်တော် ဩဂုတ် ၁၈**

ယနေ့ မွန်းလွဲ ၁၂ နာရီခွဲ တိုင်းထွာချက်အရ စစ်တောင်းမြစ်ရေသည် မဒေါက်မြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ် ၃၅ ဒသမ ၁၀ ပေ (၁၀၇၀ စင်တီမီတာ) အထက်သို့ ပေဝက်ခန့် (၁၁ စင်တီမီတာ) ကျော်လွန်ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက်တစ်ရက်အတွင်း တစ်လက်မခန့် ကျဆင်းလာနိုင်ပြီး ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

သို့ဖြစ်ပါ၍ မဒေါက်မြို့အတွင်းရှိ မြစ်ကမ်းအနီးနှင့် မြေနိမ့်ပိုင်းနေထိုင်သူများအနေဖြင့် အထူးသတိပြုနေထိုင်ကြပါရန် အကြံပြုအပ်ပါသည်။

မိုး/ဇလ

❑ **နိုင်ငံ့ဝန်ထမ်းများအား မည်သည့်နည်းလမ်းဖြင့်မဆို ခြိမ်းခြောက်ခြင်း၊ တာဝန်ထမ်းဆောင်မှုအား နှောင့်ယှက်ခြင်းများ ဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူခံရနိုင်ပါသည်။**

## ၂၀၂၄ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ အောင်မြင်သူများ တက္ကသိုလ်ဝင်ခွင့် လျှောက်ထားရန် ကြေညာချက်

၂၀၂၄ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲအောင်မြင်သူများသည် တက္ကသိုလ်ဝင်ခွင့်လျှောက်ထားနိုင်ရန်အတွက် မိမိတို့စာမေးပွဲဖြေဆိုခဲ့သော စာစစ်ဌာနကြီးကြပ်ရေးမှူးများ (အခြေခံပညာအထက်တန်းကျောင်းအုပ်ကြီးများ)ထံတွင် အမှတ်စာရင်း၊ အရည်အချင်းမှတ်တမ်းချုပ် ရမှတ်အဆင့်၊ တက္ကသိုလ်ဝင်ခွင့်လမ်းညွှန်စာအုပ်နှင့် တက္ကသိုလ်ဝင်ခွင့်လျှောက်ထားရမည့် ပုံစံစာအိတ်ကို ဩဂုတ်လ(၂၆)ရက် (တနင်္လာနေ့) မှစ၍ ကိုယ်တိုင်ထုတ်ယူကြရန်ဖြစ်ပါသည်။ အဆိုပါ တက္ကသိုလ်ဝင်ခွင့်လျှောက်လွှာအိတ်ကို ဩဂုတ်လ (၂၆) ရက်မှ စက်တင်ဘာလ (၁၂) ရက်အထိ စနေနေ့၊ တနင်္ဂနွေနေ့နှင့် ရုံးပိတ်ရက်များ အပါအဝင် (ပိတ်ရက်မရှိ) အောက်ပါတက္ကသိုလ်များတွင် လက်ခံမည်ဖြစ်ပါသည်-

(၁) မြစ်ကြီးနားတက္ကသိုလ်
(၂) ဘားအံတက္ကသိုလ်
(၃) ဟားခါးတက္ကသိုလ်
(၄) မုံရွာတက္ကသိုလ်
(၅) ရွှေဘိုတက္ကသိုလ်
(၆) စစ်ကိုင်းတက္ကသိုလ်
(၇) ထားဝယ်တက္ကသိုလ်
(၈) တောင်ငူတက္ကသိုလ်
(၉) ပြည်တက္ကသိုလ်
(၁၀) ပဲခူးတက္ကသိုလ်
(၁၁) မကွေးတက္ကသိုလ်
(၁၂) ပခုက္ကူတက္ကသိုလ်
(၁၃) မန္တလေးအဝေးသင်တက္ကသိုလ်
(၁၄) မိတ္ထီလာတက္ကသိုလ်
(၁၅) ကျောက်ဆည်တက္ကသိုလ်
(၁၆) မော်လမြိုင်တက္ကသိုလ်
(၁၇) စစ်တွေတက္ကသိုလ်
(၁၈) ရန်ကုန်အဝေးသင်တက္ကသိုလ်
(၁၉) တောင်ကြီးတက္ကသိုလ်
(၂၀) ကျိုင်းတုံတက္ကသိုလ်
(၂၁) ပုသိမ်တက္ကသိုလ်
(၂၂) ဟသ်ာတတက္ကသိုလ်
(၂၃) မအူပင်တက္ကသိုလ်

သတ်မှတ်ရက်ကျော်လွန်မှ လျှောက်ထားသူများသည် အဆင့်မြင့်ပညာဦးစီးဌာန (ရန်ကုန်ရုံးခွဲ)၊ သထုံလမ်း၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်မြို့သို့ ပေးပို့လျှောက်ထားရမည်။

အသေးစိတ်သိရှိလိုပါက အဆင့်မြင့်ပညာဦးစီးဌာန(ရန်ကုန်ရုံးခွဲ)၊ သထုံလမ်း၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း- ၀၁၇-၅၀၃၁၄၇ သို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**အဆင့်မြင့်ပညာဦးစီးဌာန**
**ပညာရေးဝန်ကြီးဌာန**

## သရက်မြို့၌ ကျောင်းစာကြည့်တိုက်များဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေးပွဲတော် ဖွင့်ပွဲအခမ်းအနားကျင်းပ

**သရက် ဩဂုတ် ၁၈**

ကျောင်းစာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်စေရန်၊ ကျောင်းသား ကျောင်းသူများ စာအုပ်စာပေ လေ့လာဖတ်ရှုနိုင်ရန်နှင့် စာပေလေ့လာဖတ်ရှုခြင်းမှရရှိသော အသိပညာဗဟုသုတများကို ပြန်လည်အသုံးချမှုဝေနိုင်ရန်ရည်ရွယ်၍ ကျောင်းစာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေးပွဲတော် ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၉ နာရီက မကွေးတိုင်းဒေသကြီး သရက်မြို့ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း၌ ကျင်းပသည်။

ဦးစွာ ကျောင်းစာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေးပွဲတော် မုခ်ဦးအား မကွေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးတင့်လွင်၊ လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး မိုးမင်းသိန်း၊ သယံဇာတရေးရာဝန်ကြီး ဦးစိုင်းမြင့်အေး၊ လူမှုရေးရာဝန်ကြီး ဦးမျိုးမြင့်၊ လမ်းပန်းဆက်သွယ်ရေးရာဝန်ကြီး ဦးအောင်သူဦးနှင့် တိုင်းဒေသကြီးအစိုးရအဖွဲ့ အတွင်းရေးမှူး ဦးမောင်မောင်ဆန်းတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။**(အပေါ်ယာပုံ)**

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက ကျောင်းအတွင်း ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက ခင်းကျင်းပြသထားသည့် လှပသာယာပြည်မြန်မာ ရောင်စုံဓာတ်ပုံပြခန်း၊ ပညာရေးဌာနပြခန်း၊ အစိုးရစက်မှုလက်မှုသိပ္ပံပြခန်း၊ စိုက်ပျိုးရေးဦးစီးဌာနပြခန်း၊ မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနပြခန်း၊ သစ်တောဦးစီးဌာနပြခန်း၊ မီးသတ်ဦးစီးဌာနပြခန်း၊ ကျောင်းစာကြည့်တိုက်၊ ဂိမ်းကစားပြိုင်ပွဲများနှင့် စာအုပ်အရောင်းဆိုင်များကို လှည့်လည်ကြည့်ရှုအားပေးသည်။

ဆက်လက်၍ အခမ်းအနားဒုတိယပိုင်းအစီအစဉ်ကို သရက်ခရိုင်ခန်းမ၌ ကျင်းပရာ တိုင်းဒေသကြီးဝန်ကြီးချုပ်က နိုင်ငံတစ်နိုင်ငံကို ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ရာတွင် လူ့အရင်းအမြစ်များကို အခြေခံ၍ တည်ဆောက်ရမည်ဖြစ်ကြောင်း၊ မိမိတို့နိုင်ငံဖွံ့ဖြိုးတိုးတက်စေရန် ကျောင်းသူ ကျောင်းသား၊ လူငယ်၊ လူရွယ်များကို အဓိကပြုစုပျိုးထောင်၍ ဝိုင်းဝန်းလုပ်ဆောင်ကြရမည်ဖြစ်ကြောင်း၊ ကျောင်းသား ကျောင်းသူများသည် အနာဂတ်နိုင်ငံတော်ကို ပခုံးပြောင်းတာဝန်ယူမည့်သူများဖြစ်သည့်အတွက် ဗလငါးတန်ပြည့်စုံရန်လိုကြောင်း၊ ယနေ့ပွဲတော်သည် ဗလငါးတန်ထဲမှ "ဉာဏဗလ"ကို ဖွံ့ဖြိုးတိုးတက်စေရန် အကောင်အထည်ဖော်ဆောင်ရွက်ပေးသည့်ပွဲတော်ဖြစ်ကြောင်း၊ မိမိတို့နိုင်ငံအနေဖြင့် ပညာရည်မြှင့်တင်ရေး လှုပ်ရှားမှုများကို အားပေးမြှင့်တင်ရန် လိုအပ်သောကြောင့် တစ်နိုင်ငံလုံးအတိုင်းအတာနှင့် "ကျောင်းစာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေးလှုပ်ရှားမှု" ကို ဆောင်ရွက်ခြင်းဖြစ်ကြောင်း ပြောကြားသည်။



ယင်းနောက် တိုင်းဒေသကြီးဝန်ကြီးချုပ်က စကားရည်လုပြိုင်ပွဲတွင် ဆုရရှိသူများနှင့် သီဆိုဖျော်ဖြေခဲ့သည့် ကျောင်းသား ကျောင်းသူများအား ဂုဏ်ပြုဆုငွေများကိုလည်းကောင်း ပေးအပ်ချီးမြှင့်ပြီး ကျောင်းစာကြည့်တိုက်အတွက် သုတ၊ ရသ စာအုပ်စာစောင်များ လှူဒါန်းခဲ့သည်။

ကျောင်းစာကြည့်တိုက်များဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေးပွဲတော်ကို ဩဂုတ် ၁၇ ရက်မှ ၁၈ ရက်အထိ ကျင်းပခဲ့ပြီး အဆိုပါပွဲတော်တွင် စာဖတ်ဝိုင်း၊ စာပေဆိုင်ရာ စကားရည်လုပြိုင်ပွဲ၊ ကျပန်းစကားပြောပြိုင်ပွဲ၊ စာစီစာကုံးပြိုင်ပွဲ၊ ပုံပြင်ပြောပြိုင်ပွဲနှင့် ကဗျာရွတ်ဆိုပြိုင်ပွဲများ၊ ဌာနဆိုင်ရာပြခန်းများ၊ စာအုပ်အရောင်းဆိုင်များ၊ ဂိမ်းကစားပြိုင်ပွဲများကို ထည့်သွင်းကျင်းပခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

## လူသုံးကုန်ထုတ်လုပ်မှု နည်းပညာသင်တန်းဆင်းပွဲ ကျင်းပ

**မုံရွာ ဩဂုတ် ၁၈**

စစ်ကိုင်းတိုင်းဒေသကြီး ကလေးအလုပ်သမားပပျောက်ရေးဆိုင်ရာ အလုပ်အကိုင် အခွင့်အလမ်းများ ဖန်တီးပေးရေးလုပ်ငန်းကော်မတီနှင့် တိုင်းဒေသကြီး အသေးစားစက်မှုလက်မှု လုပ်ငန်းဦးစီးဌာနတို့ ပူးပေါင်းဖွင့်လှစ်သည့် လူသုံးကုန်ထုတ်လုပ်မှု နည်းပညာသင်တန်းဆင်းပွဲအခမ်းအနားကို ယနေ့ နံနက် ၉ နာရီက မုံရွာမြို့ အနောက်မြောက်တိုင်း စစ်ဌာနချုပ် တိုင်းအားကစားခန်းမ၌ ကျင်းပသည်။



အခမ်းအနားတွင် စစ်ကိုင်းတိုင်းဒေသကြီး လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး ဝင်းတင်စိုးက ဒေသတွင်းအလုပ်အကိုင်အခွင့်အလမ်းများ ရရှိရေး သင်တန်းများ ဖွင့်လှစ်ရခြင်းနှင့် ပတ်သက်ပြီး သင်တန်းဆင်းအမှာစကားပြောကြားကာ တိုင်းဒေသကြီး လူမှုရေးရာဝန်ကြီး ဦးညွန့်ဝင်းအောင်က သင်တန်းဆင်းလက်မှတ်များကို လည်းကောင်း၊ တိုင်းဒေသကြီး သယံဇာတရေးရာဝန်ကြီး ဦးတင်သန်းဝင်းက သင်တန်းနည်းပြများအတွက် ဂုဏ်ပြုချီးမြှင့်ငွေများကို လည်းကောင်း ပေးအပ်ချီးမြှင့်သည်။

ထို့နောက်စစ်ကိုင်းတိုင်းဒေသကြီး ကလေးအလုပ်သမား ပပျောက်ရေးဆိုင်ရာ အလုပ်အကိုင်အခွင့်အလမ်းများ ဖန်တီးပေးရေးလုပ်ငန်းကော်မတီ အတွင်းရေးမှူး၊ တိုင်းဒေသကြီး အလုပ်သမားညွှန်ကြားမှု ဦးစီးဌာန ညွှန်ကြားရေးမှူး ဦးအောင်ငြိမ်းက သင်တန်းမှ ထွက်ရှိသည့် လူသုံးကုန်ပစ္စည်းများကို သင်တန်းသား သင်တန်းသူများထံ ပေးအပ်ချီးမြှင့်သည်။

အဆိုပါ လူသုံးကုန်ထုတ်လုပ်မှု နည်းပညာသင်တန်းကို ဩဂုတ် ၁၃ ရက်မှ ၁၇ ရက်အထိ ငါးရက်ကြာ သင်ကြားပို့ချခဲ့ပြီး သင်တန်းသို့ မုံရွာမြို့ ရပ်ကွက်အသီးသီးမှ ဒေသခံ သင်တန်းသား သင်တန်းသူ စုစုပေါင်း ၄၄ ဦး တက်ရောက်ခဲ့ကြကြောင်း၊ လူသုံးကုန်များဖြစ်သော ဆပ်ပြာဆီ၊ ဆပ်ပြာခဲအမျိုးမျိုး၊ ဆပ်ပြာရည်အမျိုးမျိုး ထုတ်လုပ်နည်းတို့ကို စာတွေ့လက်တွေ့ သင်ကြားပို့ချပေးခဲ့ကြကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

❑ **မိမိပိုင် နိုင်ငံသားစိစစ်ရေးကတ်၊** Mobile SIM Card၊ Mobile Payment Account၊ Bank Account **များအား မသက်ဆိုင်သူထံသို့ အခကြေးငွေဖြင့် ရောင်းချခြင်း၊ ငှားရမ်း အသုံးပြုစေခြင်းများ ဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူခံရနိုင်ပါသည်။**

# ဝါခေါင်လပြည့်မေတ္တာအခါတော်နေ့နှင့် မေတ္တာပွားခြင်းအကျိုး

*နုခန့်ယဉ်(ရစ်ကန်ကြီး)*



### ဝါခေါင်လ

ဝါခေါင်လသည် မြန်မာ့ဆယ့်နှစ်လရာသီတွင် ပဉ္စမမြောက်လဖြစ်သည်။ ဝါခေါင်လသည် မိုးဥတုတွင် ပါဝင်ပြီး ရှေးအခါက ဝါခေါင်လကို "နံကာ"လဟုခေါ်သည်။ ပုဂံခေတ်ကျောက်စာများတွင် ဝါခေါင်လကို ဝါခေါင်ဟု လည်းကောင်း၊ နံကာလဟု လည်းကောင်း ရေးထိုးထားကြောင်း တွေ့ရသည်။ နံကာလ၏ အဓိပ္ပာယ်မှာ မိုးဖြိုင်ဖြိုင် ရွာသွန်းသောလဖြစ်သောကြောင့် တောင်သူလယ်သမားများ စပါးစိုက်ပျိုးချိန်၊ လယ်လုပ်ချိန်၊ စိုက်ပျိုးချိန်လ၊ လယ်လုပ်ချိန်လဟုဆိုသည်။ ဝါခေါင်လသည် ဇေဒင်အခေါ် သိဟ်ရာသီ၊ သရဝဏ်နက္ခတ်နှင့် လမင်းတို့ယှဉ်ပြိုင်ကာ မွန်းတည့်သည်။ ဖုဿျှနက္ခတ်နှင့် နေမင်းတို့ယှဉ်ပြိုင်သည်။ ရာသီရုပ်ခြင်္သေ့၊ ရာသီပန်းခတ္တာ၊ရာသီပွဲတော် စာရေးတံပွဲဖြစ်သည်။

ဝါခေါင်လတွင် နံနက် စက်နာရီ ၅ နာရီ မိနစ် ၄၀ တွင် နေထွက်၍ ညနေ စက်နာရီ ၆ နာရီ ၂၉ မိနစ်တွင် နေဝင်သည်။ မြန်မာနာရီအားဖြင့် နေ့ ၃၄ နာရီ၊ ည၌ ၂၆ နာရီရှိသည်။ ဤကို ရည်ရွယ်၍ ဦးယာက **"တောင်လေသွဲ့၍၊ ရွာတဲ့မလို၊ ငွေသဲပျိုက၊ ရေညိုနဒီ၊ လှိုင်းလုံးချီ၍၊ ရာသီထိန၊ သည်မသတွင်၊ ဇယတြိ၊ နေ့ရှိနာရီ၊ မမှီည၌ရောက်၊ နှစ်ဆယ့်ခြောက်တည်း"** ဟူ၍ စပ်ဆိုခဲ့၏။

### မေတ္တာအခါတော်နေ့

ဝါခေါင်လပြည့် မေတ္တာအခါတော်နေ့သည် မြတ်ဗုဒ္ဓ၏ မေတ္တသုတ်တော်ဟောကြားခြင်းနှင့် ဆက်စပ်ပေသည်။ မြတ်စွာဘုရားသည် သာဝတ္ထိပြည် ဇေတဝန်ကျောင်းတော်၌ သီတင်းသုံးတော်မူစဉ် ရဟန်းငါးရာတို့သည် မြတ်စွာဘုရားထံမှ ကမ္မဋ္ဌာန်းယူ၍ တောအုပ်အတွင်း ပုရိမဝါဆိုတရားအားထုတ်ကြသည်။ ထိုအခါ ရဟန်းတို့၏ သီလကြောင့် သစ်ပင်ဗိမာန်မှနတ်တို့ ဆင်းပေးရလေရာ ရဟန်းတော်များ မနေနိုင်အောင် ခြောက်လှန့်ခြင်းကို ပြုလုပ်ကြသည်။ ထိုအခါ ရဟန်းတို့တရားရှုမှတ်၍ မရသဖြင့် ဝါခေါင်လပြည့်နေ့တွင် ကြုံတွေ့ရသော အခက်အခဲကို မြတ်စွာဘုရားအား လျှောက်ထားရာ မြတ်စွာဘုရားက မေတ္တာကမ္မဋ္ဌာန်းကို မပွားများကြသည့်အတွက် နှင့်ထုတ်ခံရခြင်းဖြစ်ကြောင်း ဟောကြားပြီး မေတ္တာကမ္မဋ္ဌာန်းကို သင်ပြတော်မူသည်။

ထို့နောက် ရဟန်းငါးရာတို့သည် မူလတောအုပ်သို့ ပြန်လာကြပြီး ဝါခေါင်လပြည့်ကျော် ၁ ရက်နေ့မှစ၍ ဒုတိယဝါကပ်ကြပြီး မြတ်စွာဘုရားသင်ပြတော်မူသည့်အတိုင်း နတ်တို့နှင့်တကွ အားလုံးသော သတ္တဝါဝေနေယျတို့အပေါ် မေတ္တာဖြန့်လျက်ပို့လွှတ်သောအခါ နတ်များက ကြည်ညိုချစ်ခင်လာကြသည်။ နတ်အပေါင်းတို့ စောင့်ရှောက်မှုဖြင့် ဝါတွင်းကာလ၌ တရားအားထုတ်ကြရာ ရဟန်းငါးရာတို့သည် ရဟန္တာဖြစ်သွားကြသည်။ ရဟန်းငါးရာတို့သည် ဝါခေါင်လပြည့်နေ့တွင် မြတ်စွာဘုရားရှင်မှ မေတ္တာသုတ်ဒေသနာတော်ကို ဟောကြားတော်မူသည်ကို ရည်မှန်း၍ ဝါခေါင်လပြည့်နေ့ကို မေတ္တာအခါတော်နေ့အဖြစ် သတ်မှတ်ကြသည်။

### မေတ္တာသုတ်ဒေသနာတော်နှင့် ရွတ်ဖတ်ခြင်း၏ အကျိုးကျေးဇူး

ဗုဒ္ဓဘုရားရှင်က မေတ္တာသုတ်ဒေသနာတော်တွင် လူနတ်ဗြဟ္မာတို့လိုက်နာရမည့်အချက် ၁၅ ချက်ကို ဟောကြားထားသည်။ ၎င်းတို့မှာ "မေတ္တာစိတ်ကို တစိုက်မတ်မတ် စွမ်းနိုင်အောင် ပွားများရပါမည်။ ကိုယ်၊ နှုတ်နှစ်ပါးလုံး ရိုးသားဖြောင့်မတ်ရာတွင် သာမန်မဟုတ်ဘဲ အလွန်ကောင်းစွာဖြောင့်မတ်ရပါမည်။ ဆိုဆုံးမလွယ်သူဖြစ်ပြီး စိတ်ထားမှာလည်း နူးညံ့သိမ်မွေ့ရပါမည်။ မိမိကိုယ်ကို အထင်ကြီးခြင်း၊ သူတစ်ပါးကို အထင်သေးခြင်းဆိုသည့် မာန်မာနမထားရပါ။ ရောင့်ရဲလွယ်တတ်ပြီး အသက်မွေးမှုပညာရှိရပါမည်။ အမှုကိစ္စတို့ နည်းပါးသင့်ပြီး ပေါ့ပါးသော အသက်မွေးမှုရှိရပါမည်။ ငြိမ်သက်သောဣန္ဒြေရှိပြီး ရင့်ကျက်တည်ငြိမ်သည့် ပညာဉာဏ်လည်းရှိရပါမည်။ ကိုယ်၊ နှုတ်၊ နှလုံးကြမ်းတမ်းခြင်း မရှိစေရ။ အမျိုးလေးပါးတို့တွင် တပ်မက်မှုမရှိဘဲ ဒုစရိုက်တို့ကို အနည်းငယ်မျှမပြုကျင့်ရာ"တို့ ဖြစ်ကြပါသည်။

> ❝ လူ့လောကကြီးတစ်ခုလုံး သာယာငြိမ်းချမ်းရန်အတွက် မေတ္တာအရင်းခံစိတ်သည် လူသားတိုင်းတွင် ကိန်းအောင်းတည်ရှိရန် လိုအပ်ပါသည်။ ကိုယ်ချင်းစာတရားထားတတ်လျှင် မေတ္တာစိတ်သည် လူသားတို့၏ရင်ထဲ ကိန်းအောင်းလာမည်ဖြစ်သည်။ မေတ္တာဓာတ်ကိန်းအောင်းသည်နှင့်အမျှ မိမိကိုယ်တိုင်အေးချမ်းသကဲ့သို့ သူတစ်ပါးကိုလည်း အေးချမ်းမှုသာ ပေးအပ်ချင်လာပါလိမ့်မည်။ မေတ္တာတရားဖြင့်သာ ပေါင်းသင်းဆက်ဆံ၍ နေထိုင်ပါလျှင် ဤလောက၌ အမုန်းတရားရှိလိမ့်မည်မဟုတ်။ အမုန်းတရားကင်းစင်သောကြောင့် ရန်ငြိုးရန်စဟူသည်လည်း မရှိတော့ပေ။ သံသယဟူသော အတွေးမှား၊ အမြင်မှားတို့သည်လည်း အလျဉ်းမရှိဘဲ ငြိမ်းချမ်းနေပေလိမ့်မည် ❞

မေတ္တာသုတ်ရွတ်ဖတ်ပူဇော်မှုနှင့် မေတ္တာဓာတ်၏ အကျိုးတရားများနှင့်ပတ်သက်၍ "မေတ္တာဂုဏ်ရည်၊ ဆယ့်တစ်လီကား၊ အညီသတ္တာ၊ မလပ်ပါအောင်၊ ခါခါနေ့စဉ်၊ မေတ္တာယှဉ်မူ၊ ကြည်လင်အိပ်ပျော်၊ ထချိန်တော်၍၊ နိုးသော်ရွှင်ရွှင်၊ အိပ်မက်မြင်လည်း၊ အစဉ်ကောင်းစွာ၊ မြင်မက်ရာ၏၊ ပြည်ရွာလူသား၊ နတ်အများလည်း၊ မြင်ကြားသမျှ၊ ချစ်ခင်ကြသဖြင့်၊ ဒေဝထွေထွေ၊ စောင့်ရှောက်လေ၏၊ မီးရေခိုးသူ၊ များရန်သူလည်း၊ မယူမဖျက်၊ မနှောင့်ယှက်တည်း၊ စိတ်ဓာတ်လည်းတည်၊ မျက်နှာကြည်၍၊ သေမည်ခါချဉ်း၊ တွေဝေကင်း၏။ မှန်းရင်းဓမ္မ၊ မဂ်မရလည်း၊ ဈာန်ရလေလစ်၊ ဗြဟ္မာဖြစ်သည်၊ ဆယ့်တစ်မေတ္တာအကျိုးတည်း"ဟူ၍ မဟာဂန္ဓာရုံဝတ်ရွတ်စဉ်တွင် ရေးသားထားပါသည်။

မေတ္တာပို့သူသည် ချမ်းသာစွာအိပ်ပျော်ပြီး စိတ်ကြည်လင်စွာ အိပ်ရာမှ နိုးထရသည်။ မကောင်းသောအိပ်မက်များ မမြင်မက်ဘဲ လူအများ၏ချစ်ခင်မှုကိုရစေ၏။ ပရလောကသားများနှင့် နတ်ဗြဟ္မာများက စောင့်ရှောက်ကြသည်။ မီးဘေး၊ အဆိပ်ဘေး၊ လက်နက်ဘေးတို့ မထိရောက်ပါ။ ကမ္မဋ္ဌာန်းတစ်ခုခုကို အာရုံပြုမည်ဆိုလျှင် သမာဓိရလွယ်၏။ မေတ္တာစိတ်ကြောင့် မျက်နှာမှာ ကြည်လင်နေပြီး သေဆုံးခါနီးအချိန်တွင် ချမ်းသာသုခဖြင့် သေဆုံးရပါသည်။ ယခုဘဝတွင် မဂ်ဖိုလ်မရနိုင်လျှင်သော်မှ မေတ္တာဈာန်ဖြင့်ဗြဟ္မာပြည်ကို ရောက်နိုင်ပါသည်။

မေတ္တာဟူသည်မှာ ချစ်ခင်သောသဘော၊ သတ္တဝါအားလုံး၏ ကောင်းကျိုးချမ်းသာကို လိုလားသော စိတ်ဓာတ်များသက်ဝင်နေသည့် ချစ်ခြင်းသဘောဟု အဓိပ္ပာယ်ရသည်။ မေတ္တာဟူသည် အေးမြသောဓာတ်လည်းရှိသည်။ ရှေးလူကြီးများက သတ္တဝါအားလုံးအပေါ်တွင် မေတ္တာထားပါ၊ မေတ္တာဖြင့်သာ ဆက်ဆံပါ၊ မေတ္တာရောင်ပြန်ဟူသည် သာယာချမ်းမြေ့သော ဘဝကိုပိုင်ဆိုင်စေသည်ဟု ဆိုဆုံးမလေ့ရှိသည်။ လူအချင်းချင်းရင်းနှီးသည်ဖြစ်စေ၊ မရင်းနှီးသည်ဖြစ်စေ စကားပြောဆိုရာ၌လည်းကောင်း၊ လုပ်ငန်းဆောင်တာများ ဆောင်ရွက်ရာ၌လည်းကောင်း မေတ္တာဟူသည့်ချစ်ခြင်းသဘောကို အခြေခံကြရမည်ဖြစ်သည်။ လောကတွင် မေတ္တာတရားဖြင့် အသက်ရှင်နေထိုင်ခြင်းသည် လူသားအားလုံးအတွက် အေးမြလုံခြုံသောဘဝကိုသာ ပိုင်ဆိုင်ရရှိစေပါသည်။

မေတ္တာသည် ရေဓာတ်နှင့် တူညီပေသည်။ ရေသည် မိမိထက်မြင့်သော ကုန်းမြင့်များထက်သို့ တိုင်အောင် စိုစွတ်အေးမြစေသည်။ မေတ္တာဓာတ်များပြားလာလျှင်လည်း ထိုမေတ္တာများသည် ကုန်းမြင့်နှင့်တူသော မိမိ၏ရန်ဘက်များကို ဖျန်းပက်သကဲ့သို့ အေးမြစေပါသည်။ မေတ္တာရေအလျင်သည် မိမိ၏အကျိုးကို မမျှော်ကိုးဘဲ စိမ့်စမ်းရေကဲ့သို့ တသွင်သွင်စီးဆင်းစေပြီး မိမိသာမက သူတစ်ပါးကိုလည်း အေးမြစေပါသည်။ ဗုဒ္ဓဘာသာတွင် မေတ္တာတရားသည် အပြန်အလှန်ရှိကြရမည်ဟု ဆိုလိုခြင်းမဟုတ်ပေ။ မိမိအပေါ်၌ ကောင်းသည်ဖြစ်စေ၊ ဆိုးသည်ဖြစ်စေ မိမိဘက်မှ အကောင်းအဆိုးဟူ၍ ခွဲခြားခံစားခြင်းမရှိဘဲ မိမိပေးနိုင်သည့်မေတ္တာတရားကိုသာ လူသတ္တဝါအားလုံးအပေါ်၌ ဖြန့်ကြက်ပို့လွှတ်ထားရမည် ဖြစ်ပေသည်။ မေတ္တာအခါတော်နေ့တရားတော်၌ မေတ္တာပို့ခြင်းကြောင့် မိမိတို့မျက်စိဖြင့် မမြင်နိုင်သောပုဂ္ဂိုလ်များသည်ပင်လျှင် မေတ္တာတရား၏ အနှစ်သာရကို နှစ်သက်သည်ဟု အေးမြသောအရိပ်၊ ငြိမ်းချမ်းသောဘဝများကို ပိုင်ဆိုင်နိုင်ရန်အတွက် လူသားတိုင်းမေတ္တာတရားများနှင့်သာ ပေါင်းသင်းဆက်ဆံ၍ နေထိုင်ကြရမည်ဖြစ်သည်။

### မိမိကိုယ်ကိုမေတ္တာပို့ပါ

မေတ္တာဟူသည် လူသားတိုင်းနှင့်ဆိုင်သော မမြင်နိုင်သည့် စိတ်စွမ်းအင်တစ်ခုပင်ဖြစ်သည်။ လူသားအားလုံးတို့သည် မိမိကိုယ်ကို မေတ္တာထားရန် လိုအပ်ပါသည်။ မိမိကိုယ်ကို မေတ္တာပို့သည်ဟူသော အဓိပ္ပာယ်မှာ မိမိသာလျှင် ကောင်းကျိုးရစေသည့် အတ္တဇဟိုပြုသည့် တစ်ကိုယ်ကောင်းဆန်သော စိတ်ထားမျိုးရှိရမည်မဟုတ်ဘဲ မိမိတို့ကိုယ်တိုင် စိတ်ချမ်းသာမှုရရှိရန်အတွက် သူတစ်ပါးအပေါ်တွင် မရိုးသားသော အပြုအမူ၊ အပြောအဆိုတို့ မပြုလုပ်မိစေရန် မိမိစိတ်အား ပြုပြင်ထိန်းသိမ်းထားခြင်းပင်ဖြစ်သည်။ မိမိ၏ကိုယ်စိတ်နှလုံး သုံးပါးလုံးကို အပြစ်တစ်စုံတစ်ရာမဖြစ်အောင် ထိန်းချုပ်ထားသဖြင့် လူသားတို့အပေါ် အလေးထားမှုဖြင့် မေတ္တာတရားကို ဖြန့်ကြက်ထားနိုင်ရန် ဖြစ်ပါသည်။

မိမိကိုယ်ပိုင်စိတ်စွမ်းအားသည် အေးချမ်းသည်နှင့်အမျှ တစ်ပါးသူတို့အား ပေးဝေနိုင်သောအကြောင်းအရာဟူသမျှတွင်လည်း မေတ္တာဓာတ်ဟူသော အေးချမ်းခြင်းတို့ သက်ဝင်နေမည်မှာ မလွဲကေန်ပင်ဖြစ်သည်။ မိမိကိုယ်ကို မေတ္တာပို့ခြင်းသည် မိမိသာမက တခြားသူတို့အားလည်း မေတ္တာပို့လွှတ် အေးချမ်းခြင်းများ ရရှိစေသည်ကို လူသားတိုင်း သတိပြုဆင်ခြင်ကြရန် လိုအပ်ပေသည်။ ထို့ကြောင့် နေ့တစ်နေ့တာ၏အစ၌ပင် မိမိကိုယ်ကို မိမိ မေတ္တာပို့ခြင်းကို မမေ့မလျော့ ဆောင်ရွက်သင့်ကြပေသည်။

### မေတ္တာပို့ပါ

လူ့ဘောင်လောကတွင် လူ့အဖွဲ့အစည်း၊ လူ့ပတ်ဝန်းကျင်၊ မိသားစု စသည်ဖြင့် အုပ်စုဖွဲ့၍ ရောနှောနေထိုင်ကြရသည်။ ထိုသို့နေထိုင်ကြရာ၌ စရိုက်မတူ၊ အသွင်မတူ၊ ခံယူချက်၊ ယုံကြည်ချက် မတူညီကြသကဲ့သို့ ဘာသာဓလေ့ထုံးတမ်းများလည်း မတူညီကြချေ။ သို့သော်လည်း လူသားတစ်ယောက်၏ အခွင့်အရေးသည် ညီတူညီမျှ ခံစားခွင့်ရှိကြပေရာ လူသားအချင်းချင်း မာန်မာနထောင်လွှားခြင်းမရှိဘဲ မေတ္တာတရားဖြင့် ဆက်ဆံပေါင်းသင်းနေထိုင်ကြရန်မှာလည်း အရေးကြီးသော အချက်တစ်ချက်ပင် ဖြစ်ပေသည်။ မေတ္တာပို့ကြသည် ဆိုရာ၌ တစ်ပါးသူအား ပျက်စီးရာပျက်စီးကြောင်းဖြစ်စေရန် ပေးပို့ရခြင်းမဟုတ်ပေ။ မိမိအပေါ် မကောင်းသူအား မေတ္တာသာပို့လိုက်ပါဟု အလွယ်ပြောတတ်လေ့ရှိကြသည်။ မည်သို့သော အခြေအနေ အချိန်အခါ၌မဆို သတ္တဝါအားလုံး၏

*စာမျက်နှာ ၁၁ သို့*

# ရှမ်းပြည်နယ်အစိုးရအဖွဲ့က ပုံပါကျင်မြို့ ဌာနဆိုင်ရာများအတွက် ထောက်ပံ့ငွေနှင့် စားသောက်ဖွယ်ရာပစ္စည်းများ ပေးအပ်

**မိုင်းတုံ ဩဂုတ် ၁၈**
ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဦးအောင်အောင်နှင့်အဖွဲ့ဝင်များသည် ဩဂုတ် ၁၇ ရက်က မိုင်းတုံမြို့ မြို့မကျေးရွာအုပ်စု တောင်သူ ဦးဘောဂ၏ မိုးစပါးပန်းတိုင် အထွက်နှုန်းရရှိရေး ဆင်းကေရီ(၃) စံပြကွက်တွင် စုပေါင်းမြေဩဇာ ကြဲပက်နေမှုနှင့် မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် ရေကြီး၍ ပျက်စီးသွားသည့် မိုင်းတုံမြို့ အဝင်တံတားအပိုင်းကို ကြည့်ရှုကာ တာဝန်ရှိသူများအား လိုအပ်သည်များ မှာကြားသည်။

အဆိုပါ မိုင်းတုံမြို့တွင် မိုးစပါးစိုက် ၂၅၄ ဧက၊ ကုန်ကျတန်ဖိုးမှာ တစ်ဧက ငါးသိန်းရှိပြီး တောင်သူများအတွက် အကျိုးဖြစ်ထွန်းမှုရှိကြောင်းနှင့် မိုးစပါးပြီးပါက ကြက်သွန်ဖြူ ဧက ၁၄၉၀၀၊ ကုန်ကျ တန်ဖိုး တစ်ဧက ၁၀ သိန်းကျော်နှင့် အကျိုးအမြတ်မှာ သိန်း ၈၀ ရရှိပြီး နေကြာ၊ သီးထပ်သီးညှပ်လည်း စိုက်ပျိုးကြကြောင်း သိရသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်နှင့် အဖွဲ့သည် ဒေသဖွံ့ဖြိုးရေးအတွက် ဆောင်ရွက်ရန် မိုင်းတုံခရိုင် ပုံပါကျင်မြို့ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန




အစည်းအဝေးခန်းမ၌ မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ ရပ်မိရပ်ဖများ၊ ဒေသခံပြည်သူများနှင့် တွေ့ဆုံရာ ပြည်နယ်ဝန်ကြီးချုပ်က အမှာစကား ပြောကြားသည်။

ယင်းနောက် ရှမ်းပြည်နယ်အစိုးရအဖွဲ့က ပုံပါကျင်မြို့ ဌာနဆိုင်ရာများအတွက် ထောက်ပံ့ငွေ၊ စားသောက်ဖွယ်ရာပစ္စည်းများကို ပြည်နယ်ဝန်ကြီးချုပ်နှင့် ပြည်နယ်ဝန်ကြီးများက ပေးအပ်ရာ ပုံပါကျင်မြို့အုပ်ချုပ်ရေးမှူး၊ ဌာနဆိုင်ရာ တာဝန်ရှိသူများက လက်ခံယူကြသည်။ **(အပေါ်ပုံ)**

ဆက်လက်၍ ပြည်နယ်ဝန်ကြီးချုပ်နှင့် အဖွဲ့သည် နားကောင်းမူး စက်မှု၊ စိုက်ပျိုးရေး၊ မွေးမြူရေး အထက်တန်းကျောင်းသို့ သွားရောက်ကာ ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများအား တွေ့ဆုံရာ စက်မှုအထက်တန်းကျောင်း နည်းပြဆရာမများက ကျောင်း၏ လိုအပ်ချက်များ တင်ပြရာ ပြည်နယ်ဝန်ကြီးချုပ်က သက်ဆိုင်ရာပညာရေးဌာနနှင့် ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ပြီး ကျောင်းအတွက် ထောက်ပံ့ငွေများ ပေးအပ်သည်။ ဆက်လက်၍ ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့သည် စက်မှုဘာသာရပ် တက်ရောက်နေသည့် ကျောင်းသား ကျောင်းသူများအား တွေ့ဆုံအားပေးကာ ကျောင်းစာသင်ခန်းများကို လှည့်လည်ကြည့်ရှုသည်။

ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ်နှင့် အဖွဲ့သည် မိုင်းတုံမြို့နယ် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနက ဆောင်ရွက်နေသော မဲကင်(ဝမ်မိုင်) – နားပါကော်ကျေးရွာသွားလမ်းဆောင်ရွက်နေမှုကို သွားရောက်ကြည့်ရှုစစ်ဆေးသည်။ အဆိုပါ မဲကင်(ဝမ်မိုင်)–နားပါကော်ကျေးရွာသွားလမ်း ကတ္တရာခင်းခြင်း ၁/၂မိုင်ကို ရန်ပုံငွေကျပ်သန်း ၂၉၂ ဒသမ ၄၅၀ ဖြင့် ဆောင်ရွက်ပြီး ရွာလေးရွာကို အကျိုးပြုမည်ဖြစ်ကြောင်း သိရသည်။ **မောင်မောင်သန်း(တောင်ကြီး)**

# စစ်ကိုင်းတိုင်းဒေသကြီးအဆင့် ၂၀၂၄ ခုနှစ် ကမ္ဘာ့မိခင်နို့တိုက်ကျွေးရေးနေ့ရက်သတ္တပတ်နှင့် အာဟာရဖွံ့ဖြိုးရေးရက်သတ္တပတ်များ အထိမ်းအမှတ်အခမ်းအနားကျင်းပ

**မုံရွာ ဩဂုတ် ၁၈**
စစ်ကိုင်းတိုင်းဒေသကြီး ၂၀၂၄ ခုနှစ် ကမ္ဘာ့မိခင်နို့တိုက်ကျွေးရေးနေ့ ရက်သတ္တပတ်နှင့် အာဟာရဖွံ့ဖြိုးရေးရက်သတ္တပတ်များ တိုင်းဒေသကြီးအဆင့် အထိမ်းအမှတ်အခမ်းအနားကို ဩဂုတ် ၁၈ ရက်က စစ်ကိုင်းမြို့ မြို့တော်ခန်းမ၌ ကျင်းပသည်။

ဦးစွာ တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြတ်ကျော်က ကမ္ဘာပေါ်ရှိလူသားအားလုံးသည် မွေးဖွားလာစဉ်မှစတင်၍ အသက်ဆက်လက်ရှင်သန်ရေး ကိုယ်ခန္ဓာကြီးထွားဖွံ့ဖြိုးရေး၊ ဦးနှောက် အသိဉာဏ်ပညာဖွံ့ဖြိုးတိုးတက်ရေးနှင့် နေ့စဉ်လှုပ်ရှားမှုများအတွက် အစာအာဟာရများ မှီဝဲစားသုံးကြမည်ဖြစ်ကြောင်း၊ အာဟာရပြည့်ဝခြင်းသည် လူတစ်ဦးတစ်ယောက်၊ မိသားစုတစ်စုမှစ၍ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်မှုအတွက် အရေးပါသည့်အခန်းကဏ္ဍတွင် တည်ရှိကြောင်း၊ တာဝန်ရှိသူအားလုံးအနေဖြင့် ကျန်းမာကြံ့ခိုင်သည့် အနာဂတ်လူချွန်လူကောင်းများ ပေါ်ထွက်လာစေရန် အခြေခံကျပြီး အရေးပါသည့် အာဟာရဖွံ့ဖြိုးရေးလုပ်ငန်းများအား အခြေခံကျန်းမာရေးစောင့်ရှောက်မှုများနှင့်အတူ ပိုမိုခိုင်မာအောင် ပူးပေါင်းဆောင်ရွက်သွားကြရန် လိုအပ်ကြောင်း ပြောကြားသည်။ ယင်းနောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက ၂၀၂၄ ခုနှစ် ကမ္ဘာ့မိခင်နို့တိုက်ကျွေးရေးနေ့ ရက်သတ္တပတ်နှင့် အာဟာရဖွံ့ဖြိုးရေးရက်သတ္တပတ်လှုပ်ရှားမှု ဗီဒီယိုကို ကြည့်ရှုအားပေးကြသည်။

ဆက်လက်၍ တိုင်းဒေသကြီး မိခင်နှင့်ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့ နာယက၊ တိုင်းဒေသကြီး ဝန်ကြီးချုပ်၏ဇနီးက စံပြမိခင်ဆု ပထမ၊ ဒုတိယ၊ တတိယဆုရရှိကြသော မိခင်များအား ဂုဏ်ပြုအမှတ်တရလက်ဆောင်များ ပေးအပ်ချီးမြှင့်သည်။

ထို့နောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့်အဖွဲ့ဝင်များက ခန်းမအတွင်းခင်းကျင်းပြသထားသည့် ၂၀၂၄ ခုနှစ် ကမ္ဘာ့မိခင်နို့တိုက် ကျွေးရေးနေ့ရက်သတ္တပတ်နှင့် အာဟာရဖွံ့ဖြိုးရေးရက်သတ္တပတ်လှုပ်ရှားမှုပြခန်းများအား လိုက်လံကြည့်ရှုကာ အသက်ငါးနှစ်အောက်ကလေးငယ်များအား အင်အားပြည့်ဗီတာမင်အေဆေးလုံးများတိုက်ကျွေးကာ အမှတ်တရ လက်ဆောင်ပစ္စည်းများ ပေးအပ်ခဲ့ကြသည်။



ဆက်လက်၍ ကိုယ်ဝန်ဆောင်မိခင်များအား သံဓာတ်အားဆေးနှင့်အာဟာရဖြည့်စာများ ပေးအပ်သည်။

ဆက်လက်ပြီး တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် စစ်ကိုင်းမြို့ ခုတင် (၂၀၀) ဆံ့ ပြည်သူ့ဆေးရုံကြီး၌ ဆေးကုသမှုခံယူနေကြသည့် ဒေသခံပြည်သူများနှင့် မွေးကင်းစက လေးငယ်များအား အာဟာရဖြည့်စွက်စာများအား လိုက်လံပေးအပ်ခဲ့ကြပြီး ကုသရေးလုပ်ငန်းများနှင့် ပတ်သက်၍ လိုအပ်သည်များကို တာဝန်ရှိသူများနှင့် ဖြည့်ဆည်းပေါင်းစပ်ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**



# မော်လမြိုင်မြို့နယ်၌ မူခင်းကျဆင်းရေး အသိပညာပေး

**မော်လမြိုင် ဩဂုတ် ၁၈**
မွန်ပြည်နယ် မော်လမြိုင်မြို့နယ်၌ မူခင်းကျဆင်းရေးနှင့် အင်တာနက်ပေါ်တွင် သတင်းတု၊ သတင်းမှားများတင်ခြင်း၊ မဖွယ်မရာတင်ခြင်း၊ နိုင်ငံရေးအရ တိုက်ခိုက်ပြောဆိုခြင်းအပေါ် ဥပဒေကြောင်းအရ တားမြစ်အရေးယူခံရမည်ဖြစ်ကြောင်း၊ အသိပညာပေးဟောပြောပွဲကို ယနေ့ မွန်းလွဲပိုင်းက ရွှေမြိုင်သီရိရပ်ကွက် မျှော်လင့်လမ်းမကြီးရှိ ရွှေမြိုင်သီရိရပ်ကွက်အုပ်ချုပ်ရေးမှူးရုံး၌ ကျင်းပသည်။ **(ဝဲပုံ)**

ဟောပြောပွဲတွင် မော်လမြိုင်မြို့နယ်ရဲတပ်ဖွဲ့၊ ဇေယျာသီရိနယ်မြေရဲစခန်းမှူး ရဲအုပ်မင်းမင်းထက်က မူခင်းကျဆင်းရေးနှင့် ပတ်သက်သည့် အကြောင်းအရာများ၊ သတင်းတု၊ သတင်းမှားများကို သိရှိနိုင်သည့် နည်းလမ်းများ၊ သတင်းတု၊ သတင်းမှားများနှင့်ပတ်သက်၍ ဖြစ်ပေါ်လာနိုင်သော အန္တရာယ်များ၊ အင်တာနက်အသုံးပြုရာတွင် မဖွယ်မရာ တင်ခြင်း၊ တိုက်ခိုက်ပြောဆိုခြင်း စသည့် တည်ဆဲဥပဒေများအရ တားမြစ်အရေးယူခြင်းခံရနိုင်သည့် အကြောင်းအရာများနှင့်ပတ်သက်၍ ဆွေးနွေးရာ ဇေယျာသီရိရဲစခန်းအပိုင် နယ်မြေအတွင်းရှိ ဟိုတယ်/မိုတယ်/တည်းခိုခန်းလုပ်ငန်းရှင်များ၊ ရွှေဆိုင်ပိုင်ရှင်များ၊ ရပ်မိ/ရပ်ဖ စုစုပေါင်း ၆၅ ဦးတို့အား တက်ရောက်ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

*စာမျက်နှာ ၁၀ မှ*

ကောင်းကျိုးလိုရာကို ဖြစ်ပေါ်စေသည့် စိတ်ဆန္ဒဖြင့် မေတ္တာပေးပို့မှသာလျှင် မိမိကိုယ်တိုင်သာမက မေတ္တာပေးပို့ခံရသူတို့လည်း အေးမြခြင်းကို ခံစားကြရပေမည်။ မေတ္တာဟူသည် အအေးဓာတ်ဆောင်သောကြောင့် အမုန်းတရားကင်းဝေး၍ အေးချမ်းခြင်းကို ခံစားကြရပေမည်။

### မေတ္တာဖြင့်လောကကိုအလှဆင်ပါ

လူ့လောကကြီးတစ်ခုလုံး သာယာငြိမ်းချမ်းရန်အတွက် မေတ္တာအရင်းခံစိတ်သည် လူသားတိုင်းတွင် ကိန်းအောင်းတည်ရှိရန် လိုအပ်ပါသည်။ ကိုယ်ချင်းစာတရားထားတတ်လျှင် မေတ္တာစိတ်သည် လူသားတို့၏ ရင်ထဲကိန်းအောင်းလာမည်ဖြစ်သည်။ မေတ္တာဓာတ်ကိန်းအောင်းသည်နှင့်အမျှ မိမိကိုယ်တိုင်အေးချမ်းသကဲ့သို့ သူတစ်ပါးကိုလည်း အေးချမ်းမှုသာ ပေးအပ်ချင်လာပါလိမ့်မည်။ မေတ္တာတရားဖြင့်သာ ပေါင်းသင်းဆက်ဆံ၍ နေထိုင်ပါလျှင် ဤလောက၌ အမုန်းတရားရှိလိမ့်မည်မဟုတ်။ အမုန်းတရားကင်းစင်သောကြောင့် ရန်ငြိုးရန်စဟူသည်လည်း မရှိတော့ပေ။ သံသယဟူသော အတွေးမှား၊ အမြင်မှားတို့သည်လည်း အလျဉ်းမရှိဘဲ ငြိမ်းချမ်းနေပေလိမ့်မည်။ ထို့ကြောင့် အပြုံးလှလှ၊ နှလုံးလှလှဖြင့် အမုန်းစကားမဆိုဘဲ မေတ္တာနှင့်လောကကို အလှဆင်ကြရပေမည်။ မေတ္တာပွားနေရုံမျှနှင့် မရောင့်ရဲဘဲ မိမိ၏ စိတ်နှလုံးတွင် မေတ္တာစိတ်ကို အစဉ်ကိန်းအောင်းနေရန် လေ့ကျင့်ကြိုးစားအလှဆင်ကြပါစေကြောင်း ရေးသားတိုက်တွန်းလိုက်ရပါသည်။ ။

**အိမ်ပြင်ပ၌ ထွန်းသောမီးများကို နေ့အလင်းရောင်ရှိချိန်တွင် ပိတ်ထားခြင်းဖြင့် လျှပ်စစ်ကို ချွေတာပါ**

# မွန်ပြည်နယ် မုတ်သုံဖလား ဂေါက်သီးရိုက်ပြိုင်ပွဲ ပိတ်ပွဲနှင့် ဆုချီးမြှင့်ပွဲ အခမ်းအနားကျင်းပ

**မော်လမြိုင် ဩဂုတ် ၁၈**

မွန်ပြည်နယ် မုတ်သုံဖလား ဂေါက်သီးရိုက်ပြိုင်ပွဲ ပိတ်ပွဲနှင့် ဆုချီးမြှင့်ခြင်း အခမ်းအနားကို ယနေ့နံနက်ပိုင်းက မော်လမြိုင်မြို့ ငန်းတေးဂေါက်ကလပ်၌ ကျင်းပသည်။

ဦးစွာ ပြည်နယ်ဝန်ကြီးချုပ် ဦးအောင်ကြည်သိန်း၊ ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ် ဦးညီညီစိုး၊ ပြည်နယ်လုံခြုံရေးနှင့် နယ်စပ်ရေးရာ ဝန်ကြီး ဗိုလ်မှူးကြီး ကျော်စွာမြင့်နှင့် မော်လမြိုင်မြို့၊ ငန်းတေးဂေါက်ကလပ်အသင်း တာဝန်ရှိသူတို့က Color Ball ရိုက်၍ ပိတ်ပွဲနှင့် ဆုချီးမြှင့်ပွဲကို ဖွင့်လှစ်ပေးသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်က ပြိုင်ပွဲဝင် ဂေါက်သီးရိုက် အားကစားသမားများအား ရင်းရင်းနှီးနှီး နှုတ်ဆက်ပြီး မိုးရာသီမုတ်သုံဖလား ဂေါက်သီးရိုက်ပြိုင်ပွဲ ယှဉ်ပြိုင်နေမှုကို ကြည့်ရှုအားပေးသည်။

ယင်းနောက် ပြည်နယ်ဝန်ကြီးများနှင့် တာဝန်ရှိသူများက ၂၀၂၄ ခုနှစ် မိုးရာသီ မုတ်သုံဖလား ဂေါက်သီးရိုက်ပြိုင်ပွဲ တန်းလိုက်ပြိုင်ပွဲ၌ ပထမ၊ ဒုတိယ၊ တတိယဆုရရှိကြသူများအား လည်းကောင်း၊ ရိုက်ချက်အလိုက် အကောင်းဆုံး ဂေါက်သီးရိုက် အားကစားသမားများကို လည်းကောင်း၊ ပြည်နယ်ဝန်ကြီးချုပ်က အတွဲလိုက် အုပ်စု ပွဲစဉ်ပြိုင်ပွဲတွင် ပထမဆုရရှိခဲ့သည့် ပြိုင်ပွဲဝင် ဂေါက်သီးရိုက် အသင်းကို ဆုဖလားနှင့် ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်ကြသည်။ **(အပေါ်ယာပုံ)**

အဆိုပါ မိုးရာသီမုတ်သုံဖလား ဂေါက်သီးရိုက်ပြိုင်ပွဲကို ဇွန် ၆ မှ ဩဂုတ် ၁၈ ရက်အထိ မော်လမြိုင်မြို့ ငန်းတေးဂေါက်ကလပ်၌ အတွဲလိုက် အုပ်စုပွဲစဉ်ပြိုင်ပွဲ ပုံစံဖြင့် ယှဉ်ပြိုင်ကစားခဲ့ပြီး ပြည်နယ်အတွင်းမှ အားကစားသမားများနှင့် ဖိတ်ခေါ်ထားသည့် ဂေါက်သီးရိုက် အားကစားဝါသနာရှင် ၁၀၄ ဦးတို့ ပါဝင်ယှဉ်ပြိုင်ကစားခဲ့ကြကြောင်း သိရသည်။

**သက်နိုင်(မော်လမြိုင်)**



# MNL ပြိုင်ပွဲတွင် ရတနာပုံအသင်း ဂိုးပြတ်အနိုင်ရပြီး ဒဂုံစတားအသင်း အမှတ်အပြည့်ရရှိ

**ရန်ကုန် ဩဂုတ် ၁၈**

၂၀၂၄-၂၀၂၅ ရာသီ MNL အမှတ်ပေးပြိုင်ပွဲ ပွဲစဉ် (၇) တတိယနေ့ကို ဩဂုတ် ၁၈ ရက်က ဆက်လက်ကျင်းပရာ ဒဂုံစတားယူနိုက်တက်နှင့် ရတနာပုံအသင်း နိုင်ပွဲရရှိသည်။

သုဝဏ္ဏကွင်း၌ ကျင်းပသည့်ပွဲတွင် ရတနာပုံအသင်းက မြဝတီအသင်းကို သုံးဂိုးပြတ်အနိုင်ရရှိသည်။ ရတနာပုံအသင်းသည် မြဝတီအသင်းကို ဂိုးပြတ်သွင်းယူကာ ဇယားထိပ်ပိုင်းမှ အသင်းများကို ဆက်လက်ဖိအားပေးနိုင်ခဲ့သည်။ ယခုရာသီတွင် ရုန်းကန်နေရသည့် မြဝတီအသင်းသည် ငါးပွဲမြောက်ရှုံးပွဲနှင့် ရင်ဆိုင်ခဲ့ရသည်။

ရတနာပုံအသင်းသည် ပထမပိုင်းကတည်းက နှစ်ဂိုးပြတ်သွင်းယူထားသဖြင့် ပွဲကိုဦးဆောင်နိုင်ခဲ့ပြီး ပွဲပြီးခါနီးတွင် တစ်ဂိုးထပ်သွင်းကာ ဂိုးပြတ်အနိုင်ရခဲ့ခြင်းဖြစ်သည်။ ရတနာပုံအသင်းအတွက် အနိုင်ဂိုးများကို ၁၆၊ ၄၂ မိနစ်တွင် တည်ငြိမ်မင်းနှင့် မိနစ် ၉၀ တွင် ပြည်မိုးတို့က သွင်းယူသည်။ ယခုပွဲအတွက် အကောင်းဆုံးဆုကို ရတနာပုံအသင်းမှ တည်ငြိမ်မင်းက ရရှိခဲ့သည်။ ယခုပွဲအပြီးတွင် ရတနာပုံအသင်းက ခုနစ်ပွဲကစား ၁၃ မှတ်၊ မြဝတီအသင်းက ခုနစ်ပွဲကစား လေးမှတ် ရရှိထားသည်။

ပုသိမ်ကွင်း၌ ကျင်းပသည့်ပွဲတွင် ဒဂုံစတားယူနိုက်တက်အသင်းက ရှောဝတီယူနိုက်တက်အသင်းကို တစ်ဂိုး - ဂိုးမရှိဖြင့် အနိုင်ရရှိသည်။ ဒဂုံစတားအသင်းသည် တစ်ယောက်လျော့ဖြင့် ကစားခဲ့ရသော်လည်း အဝေးကွင်းတွင် နိုင်ပွဲရယူနိုင်ခဲ့ခြင်းဖြစ်သည်။ ရှောဝတီအသင်းမှာမူ အိမ်ကွင်း၌ အခွင့်အရေးအပြည့်အဝ အသုံးချနိုင်ခြင်းမရှိဘဲ ရှုံးပွဲထပ်မံကြုံတွေ့ခဲ့ရသည်။ ဒဂုံစတားအသင်းအတွက် အနိုင်ဂိုးကို လူစားဝင်ကစားသမား ဇင်မင်းထွန်းက ၇၄ မိနစ်တွင် သွင်းယူခဲ့သည်။ ယခုပွဲအတွက် အကောင်းဆုံးဆုကို ဒဂုံစတားအသင်းမှ အောင်သီဟက ရရှိသည်။ ယခုပွဲအပြီးတွင် ဒဂုံစတားယူနိုက်တက် အသင်းက ခုနစ်ပွဲကစား ၁၅ မှတ်၊ ရှောဝတီအသင်းက ခုနစ်ပွဲကစား လေးမှတ် ရရှိထားသည်။

ပွဲစဉ် (၇) နောက်ဆုံးနေ့ကို ဩဂုတ် ၁၉ ရက် **(ယနေ့)** တွင် YUSC ကွင်း၌ ဆက်လက်ကျင်းပမည်ဖြစ်ပြီး မဟာယူနိုက်တက် အသင်းနှင့် သစ္စာအားမာန်အသင်း ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။

**ရဲရင့်လွင်၊ ဓာတ်ပုံ - MNL**



ရတနာပုံအသင်းနှင့် မြဝတီအသင်း ယှဉ်ပြိုင်စဉ်။

❂ *ကျောဖုံးမှ*

ဆစိုးသီဟတို့၏ ပွဲစဉ်များ ပါဝင်မည်ဖြစ်သည်။ မြန်မာဖိုက်တာများအနက် သန့်ဇင်က ထိုင်းဖိုက်တာ ထိုင်၊ သွေးလင်းထက်က ထိုင်းဖိုက်တာ ကိုင်မိုခါအို၊ အဲမွှိက ဂျပန်ဖိုက်တာ တာကာဇိုနို၊ ဆစိုးသီဟက ဂျပန်ဖိုက်တာ မာဆတိုရှိ၊ ထွန်းမင်းနိုင် (ခ) ဆူလိုင်မန်က ထိုင်းဖိုက်တာ ကော်ပိုင်တို့နှင့် ယှဉ်ပြိုင်ထိုးသတ်ရမည်ဖြစ်သည်။ ယင်းပြိုင်ပွဲကို ဩဂုတ် ၂၃ ရက် မြန်မာစံတော်ချိန် ည ၇ နာရီတွင် စတင်ကျင်းပမည်ဖြစ်သည်။ ယခင်က မြန်မာကစားသမားများအနေဖြင့် တစ်ဦး သို့မဟုတ် နှစ်ဦးသာ ထိုးသတ်ခွင့်ရသော်လည်း ONE Friday Fight-76 ပြိုင်ပွဲတွင်မူ ငါးဦးအထိ ထိုးသတ်ခွင့်ရရှိခြင်းဖြစ်သည်။

**ညီမြတ်သော်တာ**

**ဓာတ်ပုံ - ONE Championship**

# ပဲလေ့စ်ကို ဘရန့်ဖို့ဒ် အနိုင်ရပြီး ချယ်ဆီးကို မန်စီးတီး အနိုင်ယူ

ပရီမီယာလိဂ်ပွဲစဉ် (၁) မှ ဩဂုတ် ၁၈ ရက် ည ၇ နာရီခွဲက ယှဉ်ပြိုင်ကစားခဲ့သည့် ဘရန့်ဖို့ဒ်နှင့် ခရစ္စတယ်ပဲလေ့စ်အသင်းပွဲစဉ်တွင် ဘရန့်ဖို့ဒ်အသင်းက အကြိတ်အနယ်ကစားပြီး နှစ်ဂိုး-တစ်ဂိုးဖြင့် နိုင်ပွဲရရှိခဲ့သည်။ အဆိုပါ ပွဲစဉ်ကို ဘရန့်ဖို့ဒ်အသင်း အိမ်ကွင်း၌ ယှဉ်ပြိုင်ကစားခဲ့ပြီး ပရိသတ် ၁၆၀၀၀ ကျော် လာရောက်ကြည့်ရှုခဲ့သည်။

ဦးဆောင်ဂိုးကို ဘရန့်ဖို့ဒ်အသင်းက စတင်ရရှိခဲ့ပြီး ပွဲချိန် ၂၉ မိနစ်တွင် အမ်ဗျူမိုက က သွင်းယူပေးခဲ့သည်။ ထို့နောက် ပွဲချိန် ၅၇ မိနစ်တွင် ဘရန့်ဖို့ဒ်အသင်း ခံစစ်ကစားသမား ပင်းနော့ခ်က ကိုယ့်ဂိုးကိုယ်သွင်းယူမိခဲ့၍ ပဲလေ့စ်အသင်း ချေပဂိုးရရှိခဲ့သည်။

ပဲလေ့စ်အသင်းသည် ဘရန့်ဖို့ဒ်အသင်းထက် ပိုမိုကောင်းမွန်သည့် ကစားဟန်ဖြင့် ယှဉ်ပြိုင်ကစားနိုင်ခဲ့သော်လည်း ပြိုင်ဘက်အသင်းခံစစ်နှင့် ဂိုးသမားတို့ကို ကျော်ဖြတ်နိုင်ခြင်းမရှိသည့်အတွက် ရှုံးပွဲကြုံတွေ့ခဲ့ခြင်းဖြစ်သည်။ ဘရန့်ဖို့ဒ်အသင်းအတွက် အနိုင်သေချာစေမည့် ဒုတိယဂိုးကို ပွဲချိန် ၇၆ မိနစ်တွင် ရရှိခဲ့ပြီး ဝစ်ဆာက သွင်းယူပေးခဲ့သည်။

ချယ်ဆီးနှင့် မန်စီးတီးပွဲတွင် အသင်းကြီးများပီပီ နှစ်သင်းစလုံး အကြိတ်အနယ်ယှဉ်ပြိုင်ကစားခဲ့ပြီး မန်စီးတီးက နှစ်ဂိုး - ဂိုးမရှိဖြင့် အနိုင်ရခဲ့သည်။ မန်စီးတီးအတွက် ဟာလန်းနှင့် ကိုဗာဆစ်တို့က သွင်းယူပေးခဲ့သည်။ ပရီမီယာလိဂ်ပွဲစဉ် (၁) မှ အခြားသော ပွဲစဉ်ရလဒ်များတွင် အာဆင်နယ်က ဝုဗ်ကို နှစ်ဂိုး-ဂိုးမရှိ၊ ဘရိုက်တန်က အဲဗာတန်ကို သုံးဂိုး-ဂိုးမရှိ၊ နယူးကာဆယ်က ဆောက်သမ်တန်ကို တစ်ဂိုး-ဂိုးမရှိ၊ အက်စ်တွန်ဗီလာက ဝက်စ်ဟမ်းကို နှစ်ဂိုး - တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့ပြီး နော်တင်ဟမ်ဖော့ရက်စ်နှင့် ဘုန်းမောက်အသင်းပွဲစဉ်တွင် တစ်ဖက်တစ်ဂိုးစီ သရေကျခဲ့သည်။

**အောင်ဇော်**

# စတုဂတ်ကို အနိုင်ယူပြီး ဂျာမန်စူပါဖလားကို ပထမဆုံးအကြိမ် လေဗာကူဆင်အသင်း ဆွတ်ခူး

ဂျာမန်စူပါဖလားဗိုလ်လုပွဲအဖြစ် ဩဂုတ် ၁၈ ရက် ည ၁ နာရီက လေဗာကူဆင်နှင့် စတုဂတ်အသင်းတို့ ယှဉ်ပြိုင်ကစားခဲ့ရာ လေဗာကူဆင်အသင်းက ပယ်နယ်တီအဆုံးအဖြတ်တွင် လေးဂိုး-သုံးဂိုးဖြင့် နိုင်ပွဲရရှိပြီး ပထမဆုံးအကြိမ် ဆွတ်ခူးနိုင်ခဲ့သည်။ အဆိုပါ ပွဲစဉ်ကို ဂျာမနီနိုင်ငံ လေဗာကူဆင်မြို့ရှိ ဘေအရီနာ အားကစားကွင်း၌ ယှဉ်ပြိုင်ကစားခဲ့ရာ ပရိသတ် ၃၀၀၀၀ ကျော် လာရောက်ကြည့်ရှုခဲ့သည်။

လေဗာကူဆင်အသင်းသည် ပွဲချိန် ၃၇ မိနစ်တွင် အားထားရသည့် ကွင်းလယ်တိုက်စစ်ကစားသမား တာရီးယား တိုက်ရိုက်အနီကတ်ပြ ထုတ်ပယ်ခံခဲ့ရသည့်အတွက် လက်ကျန်ပွဲချိန်များကို တစ်ယောက်လျော့ဖြင့် ဆက်လက် ယှဉ်ပြိုင်ကစားခဲ့ရသည်။ ပထမပိုင်းတွင် စတုဂတ်အသင်း ကစားဟန်သည် အကောင်းဆုံးပုံတွင်ရှိခဲ့ပြီး ပြိုင်ဘက် လေဗာကူဆင်အသင်းကို ဖိအားပေးကစားနိုင်ခဲ့သည်။

ဒုတိယပိုင်းတွင် လေဗာကူဆင်အသင်းက သာလွန်သည့် ကစားဟန်ထုတ်ပြနိုင်ခဲ့ပြီး ဂိုးရရန် နီးစပ်သည့် အခွင့်အရေး လေးကြိမ်ထက်မနည်း ပြုလုပ်နိုင်ခဲ့သည်။ သို့သော်လည်း လေးကြိမ်စလုံး လွဲချော်ခဲ့သည်။ စတုဂတ်အသင်းသည် နှစ်ဂိုး-တစ်ဂိုးဖြင့် လေဗာကူဆင်အသင်းကို နိုင်ပွဲရရှိရန် နီးစပ်ခဲ့သော်လည်း ပွဲချိန် ၈၈ မိနစ်တွင် ပက်ထရစ်ရှစ်ခ်၏ ဒုတိယချေပဂိုး ခွင့်ပြုပေးခဲ့ရသည့်အတွက် ပယ်နယ်တီအဆုံးအဖြတ် ခံယူခဲ့ရသည်။

ပယ်နယ်တီ အဆုံးအဖြတ်တွင် လေဗာကူဆင်အသင်းက လေးဂိုး-သုံးဂိုးဖြင့် နိုင်ပွဲရရှိခဲ့ခြင်းဖြစ်သည်။ လေဗာကူဆင်အသင်းသည် ဂျာမန်စူပါဖလားကို အသင်းသမိုင်းတစ်လျှောက် ပထမဆုံးအကြိမ် ဆွတ်ခူးရရှိခဲ့ခြင်းလည်းဖြစ်သည်။ လေဗာကူဆင်အသင်းသည် ဘွန်ဒက်စ်လီဂါအဖွင့်ပွဲစဉ်အဖြစ် ဩဂုတ် ၂၄ ရက်တွင် မိုချန်ဂလာဘတ်နှင့် ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။ ပြိုင်ဘက် စတုဂတ်အသင်းက ဖရိုင်းဘတ်အသင်းနှင့် ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။

**အောင်ဇော်**




ဂျာမန်စူပါဖလားနှင့်အတူ လေဗာကူဆင်အသင်းသားများ အောင်ပွဲခံစဉ်။



ဘရန့်ဖို့ဒ်နှင့် ခရစ္စတယ်ပဲလေ့စ် ယှဉ်ပြိုင်စဉ်။

# အပစ်အခတ်ရပ်စဲရေး တွန်းအားပေးရန် ကန်နိုင်ငံခြားရေးဝန်ကြီး အစ္စရေးသွားမည်

**ဝါရှင်တန် ဩဂုတ် ၁၈**

အမေရိကန်နိုင်ငံခြားရေးဝန်ကြီး အန်တိုနီ ဘလင်ကန်သည် ၎င်း၏ခရီးစဉ်အတွင်း ဂါဇာ ကမ်းမြောင်ဒေသတွင် အပစ်အခတ်ရပ်စဲရေး နှင့် ဓားစာခံများ ပြန်လွှတ်ပေးရေးဆိုင်ရာ ဆွေးနွေးပွဲများကို တွန်းအားပေးဆောင်ရွက် သွားမည်ဖြစ်ပြီး ဩဂုတ် ၁၈ ရက်အစောပိုင်း တွင် အစ္စရေးသို့သွားရောက်မည်ဖြစ်သည်။

ဩဂုတ် ၁၉ ရက်တွင် အစ္စရေးဝန်ကြီးချုပ် ဘင်ဂျမင်နေတန်ယာဟုနှင့် တွေ့ဆုံမည်ဟု သိရသည်။ အစ္စရေးဝန်ကြီးချုပ်သည် စေ့စပ် ညှိနှိုင်းရေးအဖွဲ့ဆီမှ အစီရင်ခံစာလက်ခံရရှိ ခဲ့သည်ဟု အစ္စရေးဝန်ကြီးချုပ်ရုံးက လူမှု ကွန်ရက်မီဒီယာပေါ်တွင် သတင်းထုတ်ပြန် သည်။




အမေရိကန်၏ အဆိုပြုချက်နှင့်အညီ စေ့စပ်ညှိနှိုင်းရေး၌ တိုးတက်မှုဖြစ်နိုင်ခြေနှင့် ပတ်သက်၍ သတိကြီးစွာထားရှိကြောင်း အဆိုပါအဖွဲ့က ဝန်ကြီးချုပ်ထံ ထုတ်ဖော် ပြောကြားခဲ့သည်။ ယခင်ကထက်ပို၍ နီးစပ်မှု ရှိလာပြီဟု အမေရိကန် သမ္မတ ဂျိုးဘိုင်ဒင်က သတင်းထောက်များကို ပြောသည်။

သို့သော်လည်း ဟားမားစ်တို့က အစ္စရေး နှင့် အမေရိကန်တို့ကို မယုံကြည်ကြောင်း၊ အစ္စရေးသည်နောက်ထပ်အခြေအနေသစ်များ ကို ထည့်သွင်းနေကြောင်း ပြောကြားခဲ့သည်။ အစ္စရေးတပ်မတော်သည် ဂါဇာ၌ ဩဂုတ် ၁၇ ရက်က ဗုံးကြဲတိုက်ခိုက်မှုများ ပြုလုပ်ခဲ့ သည်။ **အင်န်အိတ်ချ်ကေ**

# ပါကစ္စတန်နိုင်ငံ၌ မိုးသည်းထန်စွာရွာသွန်းပြီး ရေကြီးမှုကြောင့် လူပေါင်း ၁၈၇ ဦးသေဆုံး

**အစ္စလာမ္မာဘတ် ဩဂုတ် ၁၈**

ပါကစ္စတန်နိုင်ငံ နေရာအနှံ့အပြား တွင် မုတ်သုံမိုးသည်းထန်စွာရွာသွန်းပြီး ရုတ်တရက် ရေကြီးမှုကြောင့် လူပေါင်း ၁၈၇ ဦး သေဆုံးကာ အခြား ၃၃၃ ဦး ဒဏ်ရာ ရရှိကြောင်း၊ သေဆုံးသူများထဲတွင် ကလေး ၉၆ ဦးနှင့် အမျိုးသမီး ၃၀ ပါဝင်ကြောင်း အမျိုးသားသဘာဝ ဘေးအန္တရာယ်စီမံခန့်ခွဲမှု အာဏာ ပိုင်အဖွဲ့ (အင်န်ဒီအမ်အေ)က ဩဂုတ် ၁၇ ရက်တွင် ထုတ်ပြန် ထားသည်။

ပါကစ္စတန်နိုင်ငံ အရှေ့ပိုင်း တွင် ပန်ဂျပ်ပြည်နယ်ရေကြီးမှုမှာ အဆိုးရွားဆုံးဖြစ်ပြီး သေဆုံးသူ ၆၈ ဦးရှိကြောင်း၊ ယင်းနောက် အနောက်မြောက်ပိုင်း ခိုင်ဘာ ပခ်တွန်ခဝါပြည်နယ်တွင် သေဆုံး သူ ၆၅ ဦးနှင့် တောင်ပိုင်း ဆင်းပြည်နယ်တွင် သေဆုံးသူ ၃၂ ဦးရှိကြောင်း ထုတ်ပြန်ထား သည်။

မိုးသည်းထန်စွာ ရွာသွန်းပြီး ရေကြီးမှုကြောင့် အနောက် တောင်ပိုင်း ဘလိုချီစတန်ပြည်နယ် တွင် သေဆုံးသူ ၁၃ ဦး၊ ပါကစ္စတန် ထိန်းချုပ်ထားသည့် ကက်ရှ် မီးယားတွင် သေဆုံးသူ ငါးဦးနှင့် မြောက်ပိုင်း ဂစ်ဂျစ်-ဘယ်တီ စတန်ဒေသတွင်သေဆုံးသူလေးဦး ရှိကြောင်း ထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။ မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် အဆိုပါကာလ အတွင်း တိရစ္ဆာန်ကောင်ရေ ၃၅၂ ကောင်သေဆုံးခဲ့ပြီး နေအိမ် ၂၂၉၃ လုံးနှင့် တံတားအစင်း ၃၀ ပျက်စီး ခဲ့ကြောင်းအမျိုးသားသဘာဝဘေး အန္တရာယ် စီမံခန့်ခွဲမှုအာဏာပိုင် အဖွဲ့က ပြောကြားသည်။

**ဆင်ဟွာ**



# ဂါဇာတွင် လူသားချင်းစာနာမှုအခြေအနေများ ပိုမိုဆိုးရွားလာမှုကို အလွန်အမင်းစိုးရိမ်ကြောင်း ကုလပြော

**နယူးယောက် ဩဂုတ် ၁၈**

အစ္စရေးတပ်မတော်သည် ဒေသခံ များအား ဘေးလွတ်ရာရွှေ့ပြောင်း ရေး အမိန့်ထုတ်ပြန်ကြေညာပြီး ဂါဇာကမ်းမြောင်ကို ထိုးစစ်ဆင် တိုက်ခိုက်မှုများ ဆက်လက် လုပ်ဆောင်လျက်ရှိကြောင်း သိရ သည်။

ဂါဇာကမ်းမြောင်တွင် လူသား ချင်းစာနာထောက်ထားမှုဆိုင်ရာ အခြေအနေများ ပိုမိုဆိုးရွားလာမှု နှင့်ပတ်သက်ပြီး အလွန်အမင်း စိုးရိမ်မိကြောင်း ကုလသမဂ္ဂ က ပြောသည်။ အစ္စရေးတပ်မတော် သည် ဩဂုတ် ၁၇ ရက်က ဂါဇာ တွင် ထိုးစစ်ဆင်တိုက်ခိုက်မှုများ လုပ်ဆောင်ခဲ့ကြောင်း သိရသည်။

ဒေသမီဒီယာများက ဂါဇာ အလယ်ပိုင်းတွင် ၁၅ ဦး သေဆုံး ကြောင်း ပြောသည်။ အစ္စရေး တပ်မတော်သည် ၎င်းတို့ သတ် မှတ်ထားသော လူသားချင်းစာနာ ထောက်ထားမှုဆိုင်ရာ ဒေသများ သို့ ပြောင်းရွှေ့ရေးအတွက် ဘေးလွတ်ရာရွှေ့ပြောင်းရေး အမိန့် နှင့်ပတ်သက်ပြီး ဂါဇာဒေသခံ များအား ကြိုတင်အသိပေးထား ကြောင်း ပြောသည်။

လူသားချင်း စာနာထောက် ထားမှုဆိုင်ရာဟုဆိုသော နေရာ အရွယ်အစားကို ဂါဇာကမ်းမြောင် ဒေသစုစုပေါင်း၏ ၁၁ ရာခိုင်နှုန်း သို့ လျှော့ချလိုက်ကြောင်း ကုလ သမဂ္ဂ လူသားချင်းစာနာ ထောက်ထားမှုဆိုင်ရာ ညှိနှိုင်းရေး ရုံးကသောကြာနေ့တွင်ပြောသည်။

ထို့ပြင် ရွက်ဖျင်တဲများ၊ တစ်ကိုယ်ရေသုံး ပစ္စည်းများနှင့် အခြားထောက်ပံ့ရေးပစ္စည်းများ ပြတ်တောက် နေကြောင်းလည်း အဆိုပါ ရုံးက ပြောသည်။ ဩဂုတ် ၁၆ ရက်က ကာတာနိုင်ငံ ဒိုဟာ မြို့၌ ပြုလုပ်သော ဂါဇာတွင် အပစ်အခတ်ရပ်စဲရေး၊ ဓားစာခံ များ လွှတ်ပေးရေးနှင့်ပတ်သက်ပြီး နှစ်ရက်ကြာ ဆွေးနွေးမှုများကို ကြားဝင်ညှိနှိုင်း ဆောင်ရွက်သူ များက အဆုံးသတ်ခဲ့ကြောင်း သိရ သည်။ **အင်န်အိတ်ချ်ကေ**





# ဂျာမနီနိုင်ငံ ဂီတပွဲတော်၌ မီးလောင်မှုဖြစ်ပွား ၂၃ ဦးထက်မနည်း ဒဏ်ရာရ

**ဘာလင် ဩဂုတ် ၁၈**

ဂျာမနီနိုင်ငံ လိုက်ပ်ဇစ်မြို့အနီးပြုလုပ်သည့် ဂီတပွဲတော်တစ်ခု၌ ဩဂုတ် ၁၇ ရက်က မီးလောင်မှုဖြစ်ပွားရာ ၂၃ ဦးထက်မနည်း ဒဏ်ရာ ရရှိခဲ့သည်ဟု သိရသည်။

ဩဂုတ် ၁၇ ရက် ည ၉ နာရီ ဝန်းကျင်တွင် ရှေ့ခ်နှင့် ပေါ့ပ် အဆို ပွဲတော်ကျင်းပရာနေရာရှိ အပျော်စီးချားရဟတ်တွဲတစ်စင်းမှ စတင် မီးလောင်ခဲ့ခြင်းဖြစ်ပြီး နောက်ထပ်တွဲကိုပါ မီးကူးစက်သွားခဲ့သည်။ မီးလောင်မှုကြောင့် အပျော်စီးရဟတ်မှ တွဲနှစ်တွဲ မီးလောင်သွားခဲ့ရ သည်။ ဒဏ်ရာရရှိသူ ၂၃ ဦးအနက် လေးဦးမှာ မီးလောင်ဒဏ်ရာရရှိခဲ့ပြီး တစ်ဦးမှာ အပေါ်မှပြုတ်ကျသည့်အတွက် ဒဏ်ရာရရှိခဲ့ခြင်းဖြစ်သည်။ ဒဏ်ရာရရှိသူများအားလုံး ဆေးရုံတွင် ဆေးစစ်မှုခံယူခဲ့ကြသည်ဟု ဒေသခံရဲတစ်ဦးက ပြောသည်။

အဆိုပါ ဂီတပွဲတော်သို့လူပေါင်း ၃၀၀၀၀ ခန့်တက်ရောက်ခဲ့ကြပြီး မီးလောင်မှုကြောင့် နှစ်နာရီခန့် ပွဲရပ်နားခဲ့ရသည်။ မီးလောင်မှုဖြစ်ပွား ရသည့်အကြောင်းရင်းကို စုံစမ်းစစ်ဆေးသူများက စုံစမ်းစစ်ဆေးနေဆဲ ဖြစ်သည်ဟု ရဲတပ်ဖွဲ့က ပြောသည်။

**ဆင်ဟွာ**

# ဂျပန်နိုင်ငံ ဒေသအများအပြားအပူချိန်လွန်ကဲမှုဖြစ်ပွား

**တိုကျို ဩဂုတ် ၁၈**

ဂျပန်နိုင်ငံ ဒေသအများအပြား၌ ဩဂုတ် ၁၈ ရက်တွင် အပူချိန် လွန်ကဲခဲ့ကာ အပူလျှပ်မှုအန္တရာယ်နှင့်ပတ်သက်ပြီး ဂျပန်မိုးလေ ဝသတာဝန်ရှိသူများက သတိပေးထားသည်။

ဂျပန်နိုင်ငံ အနောက်ပိုင်းမှ မြောက်ပိုင်းအထိ ဒေသအများ အပြားကို လေဖိအားမြင့်ရပ်ဝန်းတစ်ခု လွှမ်းခြုံထားသည့်အတွက် အပူချိန်မြင့်တက်လာနိုင်ကြောင်း ဂျပန်မိုးလေဝသအေဂျင်စီက ပြောသည်။ မွန်းမတည့်မီ ရှီဇိုကာစီရင်စု ဟာမာမတ်စုမြို့တွင် အပူချိန် ၃၇ ဒသမ ၃ ဒီဂရီ ဆဲလ်စီးယပ်ရှိပြီး ဂီဖူစီရင်စု မိနိုကာမို မြို့တွင် အပူချိန် ၃၇ ဒသမ ၂ ဒီဂရီဆဲလ်စီးယပ်ရှိခဲ့ကြောင်း သိရ သည်။

မိုးလေဝသအေဂျင်စီနှင့် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ ဝန်ကြီး ဌာနက ကန်တို - ကိုရှင်းနှင့် ကျူရှူးဒေသအကြား စီရင်စု ၄၇ စု အနက် ၃၁ စုအတွက် အပူလျှပ်ခြင်းဆိုင်ရာ သတိပေးချက်များ ထုတ်ပြန်ထားသည်။ မလိုအပ်ဘဲအပြင်ထွက်ခြင်းနှင့် လေ့ကျင့်ခန်း လုပ်ခြင်းများကို ရှောင်ကြဉ်ရန်နှင့် လေအေးပေးစက်ကို သင့်လျော် စွာအသုံးပြုရန်၊ ရေနှင့် ဆားဓာတ်ကို လုံလောက်စွာစားသုံးရန် ပြည်သူများကို အကြံပြုထားသည်။

**အင်န်အိတ်ချ်ကေ**



# အင်းစိန်မြို့နယ်၌ စာကြည့်တိုက်မှတ်ပုံတင်ပေးအပ်ပွဲ ကျင်းပ

**ရန်ကုန် ဩဂုတ် ၁၈**

အင်းစိန်ခရိုင်အတွင်းရှိ အင်းစိန်နှင့် လှိုင်သာယာ (အနောက်ပိုင်း) မြို့နယ်များမှ စာကြည့်တိုက်များ ကြီးကြပ်ရေးကော်မတီဝင်များ တွေ့ဆုံပွဲနှင့် စာကြည့်တိုက်မှတ်ပုံတင်ပေးအပ်ပွဲ အခမ်းအနားကို ဩဂုတ် ၁၆ ရက်က ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန (အင်းစိန်) ၌ ကျင်းပသည်။



အခမ်းအနားတွင် ရန်ကုန်တိုင်းဒေသကြီး စာကြည့်တိုက်များ ကြီးကြပ်ရေးကော်မတီဝင် ဦးဘိုကြည်၊ ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လက်ထောက် ညွှန်ကြားရေးမှူး ဒေါ်စန္ဒာထွန်း၊ အင်းစိန်မြို့နယ် စာကြည့်တိုက်များ ကြီးကြပ်ရေးကော်မတီ ဥက္ကဋ္ဌ ဦးဝင်းမြင့်နှင့် လှိုင်သာယာ (အနောက်ပိုင်း) မြို့နယ် စာကြည့်တိုက်များ ကြီးကြပ်ရေးကော်မတီ အတွင်းရေးမှူး ဦးမြင့်ဇော်တို့က စာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေးတို့အတွက် နိုင်ငံတော်မှ ထောက်ပံ့ပေးသော ငွေများဖြင့် စာကြည့်တိုက်အသစ်များ တိုးချဲ့တည်ဆောက်နေမှုနှင့် ကျောင်းစာကြည့်တိုက်များ စာဖတ်ရှိန်မြှင့်တင်ရေး ဆောင်ရွက်နေမှု အခြေအနေများကို ဆွေးနွေး ပြောကြားသည်။

ထို့နောက် တိုင်းဒေသကြီး စာကြည့်တိုက်များ ကြီးကြပ်ရေးကော်မတီမှ စာကြည့်တိုက် မှတ်ပုံတင်ကျထားသော အင်းစိန်မှ မာရဝိဇယ စာကြည့်တိုက်၊ ဖိုးရာဇာ စာကြည့်တိုက်နှင့် လှိုင်သာယာ (အနောက်ပိုင်း) မှ ပညာတံခွန် စာကြည့်တိုက်များကို စာကြည့်တိုက်မှတ်ပုံတင်လက်မှတ်များ ပေးအပ်ခဲ့ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

# ဘားအံမြို့၌ ကျောင်းကျန်းမာရေး သီတင်းပတ် လှုပ်ရှားမှုအထိမ်းအမှတ်ပြိုင်ပွဲများ ကျင်းပ

**ဘားအံ ဩဂုတ် ၁၈**

ကရင်ပြည်နယ် ဘားအံမြို့နယ်၌ ၂၀၂၄-၂၀၂၅ ပညာသင်နှစ် ဩဂုတ်လ ဒုတိယပတ် ကျောင်းကျန်းမာရေးသီတင်းပတ် အထိမ်းအမှတ် အထက်တန်းအဆင့်၊ လယ်တန်းအဆင့် စာစီစာကုံးပြိုင်ပွဲနှင့် မူလတန်းအဆင့် ပန်းချီပြိုင်ပွဲကို အမှတ်(၄) အခြေခံပညာအထက်တန်းကျောင်း ခန်းမ၌ ယမန်နေ့ နံနက်ပိုင်းက ကျင်းပသည်။

အဆိုပါ ကျောင်းကျန်းမာရေးလှုပ်ရှားမှုပြိုင်ပွဲများကို အထက်တန်းအဆင့် စာစီစာကုံးပြိုင်ပွဲတွင် အားကစားနှင့် ကျန်းမာရေး ခေါင်းစဉ်ဖြင့် ကျောင်းသား ကျောင်းသူ ၁၈ ဦး၊ အလယ်တန်းအဆင့် စာစီစာကုံးပြိုင်ပွဲတွင် ကျန်းမာရေးနှင့် ညီညွတ်စွာ စားသောက်နေထိုင်ပြမူပါ ခေါင်းစဉ်ဖြင့် ကျောင်းသား ကျောင်းသူ ၂၃ ဦး၊ မူလတန်းအဆင့် ပန်းချီပြိုင်ပွဲတွင် တစ်ကိုယ်ရေသန့်ရှင်းရေး အလေးထားဆောင်ရွက်ပါ ခေါင်းစဉ်ဖြင့် ကျောင်းသား ကျောင်းသူ ၂၈ ဦး စုစုပေါင်း ၆၉ ဦး ပါဝင်ယှဉ်ပြိုင်ကြရာ ပြည်နယ်ပညာရေးမှူး ညွှန်ကြားရေးမှူး ဦးစသိန်းကျော်နှင့် တာဝန်ရှိသူများက လိုက်လံကြည့်ရှု အားပေးခဲ့ကြောင်း သိရသည်။

**စိုးစိုးအေး (ပြန်/ဆက်)**



# တောင်တွင်းကြီးမြို့နယ်၌ ဘော်ဒါပေါင်းစုံချစ်ကြည်ရေး ဖူဆယ်ဘောလုံးပြိုင်ပွဲ ဖွင့်ပွဲကျင်းပ

**တောင်တွင်းကြီး ဩဂုတ် ၁၈**

မကွေးတိုင်းဒေသကြီး တောင်တွင်းကြီးမြို့နယ်၌ ၂၀၂၄ -၂၀၂၅ ပညာသင်နှစ် မြို့နယ်အားကစားနှင့် ကာယပညာဦးစီးဌာန၊ အခြေခံပညာဦးစီးဌာနတို့ ပူးပေါင်း၍ ဘော်ဒါပေါင်းစုံ ချစ်ကြည်ရေး ဖူဆယ်ဘောလုံးပြိုင်ပွဲ ဖွင့်ပွဲ အခမ်းအနားကို ယနေ့နံနက် ၉ နာရီက မြို့ဦးရပ်ကွက် ရွှေပြည့်ဖူဆယ်ဘောလုံးကွင်း၌ ကျင်းပသည်။

ရေးဦးစွာ မြို့နယ်အားကစားနှင့် ကာယပညာဦးစီးဌာန ဒေါ်ခင်မိုးအေးက အမှာစကား ပြောကြားပြီး မြို့နယ်အခြေခံပညာဦးစီးဌာနမှ ကာယဒုဦးစီးမှူး ဦးဇင်မင်းထက်နှင့် ဒိုင်အဖွဲ့ဝင်တစ်ဦးက ပြိုင်ပွဲစည်းမျဉ်း၊ စည်းကမ်းများနှင့်ပတ်သတ်၍ ရှင်းလင်းပြောကြားသည်။

အဆိုပါ ချစ်ကြည်ရေး ဖူဆယ်ဘောလုံး ပြိုင်ပွဲ၌ အုပ်စု (A)တွင် ပညာမြေ၊ ဝိုင်းပြည့်အောင်၊ ပါရမီ (ဆတ်သွာ)၊ D.T.S (ဒေါ်သဲစုဘော်ဒါ)၊ D.L.M (ဒေါ်လွင်လွင်မာ)၊ အုပ်စု (B) တွင် ပညာ့တံခွန်၊ ကောင်းရန့်သင်း၊ A.C.A (အေးချမ်းအောင်)၊ ပညာ့မြင့်မိုရ်၊ အုပ်စု (C) တွင် အောင်မြင့်မိုရ်၊ လမင်း၊ စားပန်းခင်း၊ မိုးအိမ်စံဘော်ဒါတို့ ပါဝင်ယှဉ်ပြိုင်သွားမည်ဖြစ်ပြီး အဆိုပါ ချစ်ကြည်ရေးဖူဆယ်ဘောလုံးပြိုင်ပွဲကို ၂၀၂၄ ခုနှစ် ဩဂုတ် ၁၈ရက်မှ စက်တင်ဘာ ၁၇ ရက်အထိ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။ **နောင်နောင် (ဗိသနိုးမြေ)**

# မြေပြိုဘေးအန္တရာယ် ကြိုတင်ပြင်ဆင်ရေးနှင့်စပ်လျဉ်း၍ ပြည်သူသို့ အသိပေးနှိုးဆော်ချက်

၁။ မြေပြိုဘေးအန္တရာယ်သည် ဇွန်လမှ ဩဂုတ်လများတွင် အဖြစ်များပြီး ကျန်ကာလများတွင်လည်း ရံဖန်ရံခါ ဖြစ်ပွားလျက်ရှိသည်ကို တွေ့ရှိရပါသည်။ မြေပြိုဘေးသည် ပစ္စည်းဥစ္စာဆုံးရှုံးမှု အလွန်နည်းပါးသော်လည်း လူသေဆုံးမှု၊ ထိခိုက်/ဒဏ်ရာရရှိမှုများပြားလှသည့် ဘေးအန္တရာယ်တစ်ခု ဖြစ်ပါသည်။

၂။ ယခုနောက်ပိုင်းတွင် မြေပြိုဘေးသည် ၂၀၂၃-၂၀၂၄ ဘဏ္ဍာရေးနှစ်တွင် တစ်နိုင်ငံလုံးအတိုင်းအတာအနေဖြင့် မြေပြိုဘေးဖြစ်ပွားမှုအကြိမ်ရေ(၂၆)ကြိမ် ဖြစ်ပွားခဲ့ပြီး နေအိမ်အဆောက်အဦပေါင်း (၃၆)လုံး ထိခိုက်ပျက်စီးခဲ့သည့်အပြင် လူသေဆုံး (၄၄)ဦး၊ ထိခိုက်/ဒဏ်ရာရရှိသူ(၁၂)ဦး ရှိခဲ့ပါသည်။

၃။ သို့ဖြစ်ပါ၍ ပြည်သူများအနေဖြင့် မြေပြိုဘေးအန္တရာယ်ကြောင့် ထိခိုက်ဆုံးရှုံးမှုများ လျော့နည်း သက်သာစေရန်အတွက် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနက ပြည်သူလူထု၏ပူးပေါင်းပါဝင်မှုဖြင့် ဆောင်ရွက်လျက်ရှိပါသည်။

၄။ ပြည်သူများအနေဖြင့် မြေပြိုခြင်းမဖြစ်မီ အောက်ပါကြိုတင်ပြင်ဆင်မှုများကို ပူးပေါင်းပါဝင်ဆောင်ရွက်ပေးနိုင်ပါရန် အသိပေးနှိုးဆော်အပ်ပါသည်-

(က) မိမိပတ်ဝန်းကျင်ရှိ ဆင်ခြေလျှောများ၊ ချောင်းစပ်ရေစပ်များတွင် မြေဆီလွှာထိန်းသိမ်း ကာကွယ်ရန် သစ်ပင်များစိုက်ပျိုးပါ၊

(ခ) မြေထိန်းနံရံများ တည်ဆောက်ထိန်းသိမ်းမှုများတွင် မိမိတတ်စွမ်းသရွေ့ပါဝင်ပါ၊

(ဂ) ရွှေ့ပြောင်းတောင်ယာစနစ်အစား လှေကားထစ်စိုက်ပျိုးရေးစနစ်ကို ကျင့်သုံးပါ၊

(ဃ) သစ်တောထိန်းသိမ်းခြင်း လုပ်ငန်းများတွင် အစိုးရ ရပ်ရွာ လူမှုအဖွဲ့အစည်းများနှင့်အတူ ပူးပေါင်းဆောင်ရွက်ပါ၊

(င) တောင်ကုန်းတောင်စောင်းတွင် နေထိုင်သူများ အနေဖြင့် မိမိအိမ်ဝန်းကျင်ရှိ မြေပြိုမှုဘေးအန္တရာယ်ဖြစ်နိုင်ခြေနှင့် အိမ်၏ ကြံ့ခိုင်မှုကို ပုံမှန်စစ်ဆေးပါ၊

(စ) မြေပြိုမှု၊ တောင်ပြိုမှု ဖြစ်ပွားလေ့ရှိသော နေရာများကို ကြိုတင်လေ့လာထားပါ။ မြေပြိုမှုဘေးအန္တရာယ် သတိပေးဆိုင်းဘုတ်များ၊ အမှတ်အသားများကို သတိပြုပါ၊

(ဆ) မြေပြိုနိုင်သောနေရာများ (မတ်စောက်သော တောင်စောင်းများ၊ မြေပျော့သောနေရာများ၊ ရေဝပ်သောနေရာများ) တောင်စွယ်ရေစီးရာလမ်းကြောင်း မိုးရေတိုက်စားသော လျှိုအနီးတွင် အဆောက်အအုံ ဆောက်လုပ်ခြင်းမပြုရ။

(ဇ) မြေပြိုမည့်ရှေ့ပြေးလက္ခဏာများဖြစ်သည့်-
- မိမိတို့၏ နေအိမ်တံခါးများ ဖွင့်ပိတ်ရာတွင် ကျပ်လာခြင်း၊
- အိမ်၏ အုတ်နံရံများ အက်လာခြင်း၊
- ခြံစည်းရိုးများ နေရာရွှေ့လာခြင်း၊
- သစ်ပင်များ နေရာရွှေ့ခြင်း၊ စောင်းလာခြင်း၊
- မြေများ အက်ကွဲခြင်း စသည်တို့ကို သတိပြုမိပါက အမြန်ရွှေ့ပြောင်းရန် လိုအပ်ပါသည်။

(ဈ) မြေပြိုတတ်သော နေရာများတွင် နေထိုင်သူဖြစ်ပါက အရေးပေါ်ပြောင်းရွှေ့နိုင်ရန်နေရာ၊ လမ်းကြောင်းများနှင့် မိသားစုဆုံရပ်တို့ကို ကြိုတင်သတ်မှတ်ထားပါ၊

(ည) တောင်စောင်းအနီးပတ်ဝန်းကျင်တွင် နေထိုင်သူများ အနေဖြင့် မိမိတို့ဒေသတွင် မိုးသည်းထန်စွာ ရွာသွန်းခြင်း၊ ရေကြီးခြင်း၊ ငလျင်လှုပ်ခြင်းကြောင့် မြေပြိုခြင်းဖြစ်ပေါ်နိုင်သည်ကို သတိပြုပါ။

၅။ မြေပြိုမှုဖြစ်ပေါ်နေချိန်တွင် ပြည်သူများအနေဖြင့် အောက်ပါတို့ကို သတိပြုလိုက်နာကြပါရန် နှိုးဆော်အပ်ပါသည်-

(က) မြေပြိုကျမှုဖြစ်နေသော နေရာများအနီးသို့ မလိုအပ်ဘဲ မသွားပါနှင့်၊

(ခ) မြေပြိုကျမှုဖြစ်နေသောနေရာများတွင်ရောက်နေပါက တတ်နိုင်သမျှ အမြန်ဆုံးဘေးလွတ်ကင်းရာသို့ ပြေးပါ။ အမြန်ဆုံး မရှောင်ခွာနိုင်ပါက နီးစပ်ရာခိုင်ခံ့သော နေရာ/ အဆောက်အအုံများတွင် ခိုလှုံပါ။ မြေပြိုမှုဖြစ်နေသော နေရာအနီးသို့လာသည့် လူနှင့်ယာဉ်များအား အသိပေးပါ။

၆။ မြေပြိုမှုဖြစ်ပေါ်ပြီးချိန်တွင် ပြည်သူများအနေဖြင့် အောက်ပါတို့ကို သတိပြုလိုက်နာကြရန် လိုအပ်ပါသည်-

(က) မြေပြိုထားသော ပတ်ဝန်းကျင်၊ အဆောက်အအုံများ၊ လျှပ်စစ်မီးကြိုးနှင့် ဝေးဝေးနေပါ၊ မြေပြိုခြင်းဒဏ်ခံရသော နေအိမ်အဆောက်အအုံများအား သက်ဆိုင်ရာတာဝန်ရှိသူများ၏ ခွင့်ပြုချက်ရမှသာလျှင် ဝင်ရောက်နေထိုင်ပါ၊

(ခ) မြေပြိုမှုကြောင့် ဒဏ်ရာရသူ ပိတ်မိနေသူများရှိပါက ကယ်ဆယ်ရေးအဖွဲ့သို့ ချက်ချင်းအကြောင်းကြားပြီး လိုအပ်သော အကူအညီများပေးပါ၊

(ဂ) မိသားစုဝင်များ ပျောက်ဆုံးကွဲကွာပါက သက်ဆိုင်ရာသို့ ချက်ချင်းအကြောင်းကြားပါ။

(ဃ) မြေပြိုခြင်းကြောင့် နောက်ဆက်တွဲဖြစ်လာနိုင်သော ရေလွှမ်းမိုးမှု၊ ရွှံ့နုန်းမြေများ၊ မြေသားအစိုင်အခဲများ ပြိုကျစီးဆင်းလာနိုင်မှုတို့အား အထူးသတိပြုနေထိုင်ပါ၊

(င) မသန့်ရှင်းသော ရေအရင်းအမြစ်များကို မသုံးစွဲပါနှင့်၊

(စ) မြေပြိုထားသောနေရာများ၌ အဆောက်အအုံများ ပြန်လည်တည်ဆောက်ရာတွင် ကျွမ်းကျင်ပညာရှင်များ၏ အကြံပြုချက်များ၊ တာဝန်ရှိသူများ၏ လမ်းညွှန်ချက်များအတိုင်း လိုက်နာဆောင်ရွက်ပါ၊

(ဆ) ကာကွယ်စောင့်ရှောက်ပေးရန်လိုအပ်သော ကလေးသူငယ်များ၊ ကိုယ်ဝန်ဆောင်နှင့် သားသည်မိခင်များ၊ မသန်စွမ်းသူများ၊ သက်ကြီးရွယ်အိုများစသည့် အကူအညီ လိုအပ်သူများကို တတ်စွမ်းသရွေ့ ပေါင်းစပ်ကူညီပေးပါ။

၇။ သဘာဝဘေးအန္တရာယ်များနှင့် ပတ်သက်၍ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနတွင် (၂၄)နာရီဖွင့်လှစ်ထားရှိသည့် Hot-Lineဖုန်းများဖြစ်သော ၀၆၇-၃၄၀၄၆၆၆၊ ၀၆၇-၃၄၀၄၇၇၇တို့သို့ ဆက်သွယ်၍ အကူအညီတောင်းခံနိုင်ပါကြောင်း လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနက အသိပေးကြေညာအပ်ပါသည်။

**လူမှုဝန်ထမ်း၊ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာန**

# တာချီလိတ်မြို့၌ ငွေကျပ် ၃၁၂၄ သိန်း တန်ဖိုးရှိ မူးယစ်ဆေးဝါးများ ဖမ်းဆီးရမိ

**နေပြည်တော် ဩဂုတ် ၁၈**

ဩဂုတ် ၁၇ ရက် မွန်းလွဲ ၃ နာရီခွဲတွင် မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် တာချီလိတ်မြို့ ဝိန်းကျောက်ရပ်ကွက်ရှိ အိုက်ကျန် (ခ) အစိမ်၏ နေအိမ်ကို ဝင်ရောက်ရှာဖွေရာ နေအိမ်ဧည့်ခန်းအတွင်းမှ စိတ်ကြွရူးသွပ်ဆေးပြား ၂,၀၀၀၊ အိုက်စ် ၃၈ ဒသမ ၉၅ ကီလို သိမ်းဆည်းရမိခဲ့သဖြင့် အိုက်ကျန် (ခ) အစိမ် (၂၈) နှစ်အား မူးယစ်ဆေးဝါးနှင့် စိတ်ကို ပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**



# ဘားအံမြို့နယ်၌ စိတ်ကြွရူးသွပ်ဆေးပြားများ ဖမ်းဆီးရမိ

**နေပြည်တော် ဩဂုတ် ၁၈**

ဩဂုတ် ၁၇ ရက် ညနေ ၄ နာရီတွင် မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ဘားအံမြို့နယ် အိန္ဒုကျေးရွာအုပ်စု ကော့ခမိတ်ကျေးရွာအနီး၌ ဝင်းနိုင်မိုး (ခ) ကျော်ခွေး မောင်းနှင်လာသည့် မော်တော်ဆိုင်ကယ်ကို ရပ်တန့်စစ်ဆေးရှာဖွေရာ ၎င်းထံမှ စိတ်ကြွရူးသွပ်ဆေးပြား ၁၀၀၀၀ သိမ်းဆည်းရမိခဲ့သဖြင့် ဝင်းနိုင်မိုး (ခ) ကျော်ခွေး (၃၀) နှစ်အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသောဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**



ဝင်းနိုင်မိုး (ခ) ကျော်ခွေး ကို သိမ်းဆည်းရမိသည့် စိတ်ကြွရူးသွပ်ဆေးပြားများနှင့်အတူ တွေ့ရစဉ်။

# ချမ်းမြသာစည်မြို့နယ်နှင့် ပြည်ကြီးတံခွန်မြို့နယ်တို့တွင် မူးယစ်ဆေးဝါးများ ဖမ်းဆီးရမိ

**နေပြည်တော် ဩဂုတ် ၁၈**

ဩဂုတ် ၁၆ ရက် နံနက် ၁၁ နာရီတွင် မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ချမ်းမြသာစည်မြို့နယ် ၁၁၀ လမ်းနှင့် ၄၉ လမ်းထောင့်တွင် မသင်္ကာဖွယ်တွေ့ရှိသူ စိုင်းခမ်းလိန် အားစစ်ဆေးရှာဖွေရာ ၎င်းထံမှ စိတ်ပြောင်းဆေးဝါး Happy Water သုညဒသမ ၁ ကီလို သိမ်းဆည်းရမိခဲ့သည်။

ကွင်းဆက်အရ မွန်းလွဲ ၂ နာရီတွင် ပြည်ကြီးတံခွန်မြို့နယ်၊ ၆၉ လမ်း၊ ၁၁၂ x ၁၁၃ လမ်းကြားရှိ ဂေါ်ရာဇူး ၏ နေအိမ်ကို ဝင်ရောက်ရှာဖွေရာ နေအိမ်အတွင်းမှ စိတ်ပြောင်းဆေးဝါးများဖြစ်သည့် Happy Water သုညဒသမ ၇၉ ကီလို၊ အက်တက်စီ ဆေးပြား ၂၅၀၊ ကက်တမင်း သုညဒသမ ၁ ကီလို၊ အိုက်စ် သုညဒသမ ၀၃ ကီလို နှင့် ဘိန်းဆီခဲ သုညဒသမ ၅၂ ကီလို သိမ်းဆည်းရမိခဲ့သဖြင့် စိုင်းခမ်းလိန် (၁၉) နှစ်နှင့် ဂေါ်ရာဇူး (၂၃) နှစ်တို့ကို မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**



စိုင်းခမ်းလိန်နှင့် ဂေါ်ရာဇူး တို့ကို သိမ်းဆည်းရမိသည့် မူးယစ်ဆေးဝါးများနှင့်အတူ တွေ့ရစဉ်။

○ *ကျောဖုံးမှ*

ဆာလာအိတ်များဖြင့်ထည့်လျက် ထိန်းချုပ်ဓာတုပစ္စည်းများ ဖြစ်သည့် ကဖင်း ၃ ဒသမ ၉၇၅ တန်နှင့် အမိုနီယမ်ကလိုရိုဒ် ၂ ဒသမ ၃၅ တန်တို့ကို လည်းကောင်း ဖမ်းဆီးရမိခဲ့ပြီး ကွင်းဆက်ဖော်ထုတ်ချက်အရ ယင်းနေ့ ညနေပိုင်းတွင် ထိန်းချုပ်ဓာတုပစ္စည်းများ တာဝန်ခံပို့ဆောင်ခိုင်းသူ မတင်တင်စု (ခ) စုမြ (ခ) မစုအား ကလေးမြို့ တောင်ဖီလာရပ်ကွက် ၄ရွှေဝါလမ်းရှိ ဂိုဒေါင်တွင် HINO ခြောက်ဘီး မော်တော်ယာဉ်ပေါ်မှ ဆာလာအိတ်များဖြင့်ထည့်လျက် ထိန်းချုပ်ဓာတုပစ္စည်း ကဖင်း ၅ ဒသမ ၅ တန်နှင့် လည်းကောင်း၊ ဩဂုတ် ၁၆ ရက်တွင် လွှမ်းမိုးနှင့် ကိုမျိုးတို့ နှစ်ဦးကို ကလေးမြို့၊ မြို့လှရပ်ကွက်နှင့် တောင်ဇလပ်ရပ်ကွက် တို့တွင် ထိန်းချုပ်ဓာတုပစ္စည်း ကဖင်း ၄ ဒသမ ၅ တန်၊ CANTER ခြောက်ဘီး မော်တော်ယာဉ်တစ်စီး၊ မှန်လုံယာဉ် တစ်စီးတို့နှင့်လည်းကောင်း အသီးသီး ဖမ်းဆီးရမိခဲ့သဖြင့် စုစုပေါင်း ဒေသကာလတန်ဖိုးငွေကျပ် ၄ ဒသမ ၂ ဘီလီယံကျော်တန်ဖိုးရှိ ဓာတုပစ္စည်း PROPIOPHENONE လီတာ ၁၀၂၀၊ ထိန်းချုပ်ဓာတုပစ္စည်း ကဖင်း ၁၃ ဒသမ ၉၇၅ တန်နှင့် အမိုနီယမ်ကလိုရိုဒ် ၂ ဒသမ ၃ တန်ကျော် သိမ်းဆည်းရမိခဲ့ကြောင်း၊ စစ်ဆေးဖော်ထုတ်ချက်အရ သိမ်းဆည်းရမိ ထိန်းချုပ်ဓာတုပစ္စည်းများနှင့် အခြားဓာတုပစ္စည်းများကို မြန်မာ-အိန္ဒိယနယ်စပ်မှ ကလေးမြို့သို့ သယ်ဆောင်ပြီး မန္တလေးတိုင်းဒေသကြီးမှတစ်ဆင့် မူးယစ်ဆေးဝါး ထုတ်လုပ်ရာတွင် အသုံးပြုရန် ရှမ်းပြည်နယ်သို့ တရားမဝင်သယ်ဆောင်ရောင်းဝယ်ခြင်း ဖြစ်ကြောင်း သိရသဖြင့် ၎င်းတို့ကို ဥပဒေအရ အရေးယူထားရှိပြီး ကွင်းဆက်ပြစ်မှုကျူးလွန်သူများအား ဆက်လက်စစ်ဆေး ဖော်ထုတ်လျက်ရှိကြောင်း သိရသည်။ **သတင်းစဉ်**



စစ်ကိုင်းမြို့ ရတနာပုံတံတားတွင် သိမ်းဆည်းရမိသည့် ဓာတုပစ္စည်းများနှင့် ပြစ်မှုကျူးလွန်သူများ။



စစ်ကိုင်းမြို့ ရတနာပုံတံတားတွင် သိမ်းဆည်းရမိသည့် ထိန်းချုပ်ဓာတုပစ္စည်း ကဖင်းများနှင့် ပြစ်မှုကျူးလွန်သူများ။



ကလေးမြို့တွင် သိမ်းဆည်းရမိသည့် ထိန်းချုပ်ဓာတုပစ္စည်း ကဖင်းများနှင့် ပြစ်မှုကျူးလွန်သူများ။

# ပုဗ္ဗသီရိမြို့နယ်၌ ဆိုင်ကယ်ခိုးယူလာသူ အမျိုးသား တစ်ဦးအား အမှုဖွင့်အရေးယူထား

**နေပြည်တော် ဩဂုတ် ၁၈**

နေပြည်တော် ပုဗ္ဗသီရိမြို့နယ်၌ ဩဂုတ် ၁၆ ရက်က ဆိုင်ကယ်ခိုးယူလာသူ အမျိုးသားတစ်ဦးအား အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

ဩဂုတ် ၁၆ ရက် ည ၉ နာရီတွင် ပုဗ္ဗသီရိမြို့နယ် ထုံးဖိုမြို့မရဲစခန်းမှ တပ်ဖွဲ့ဝင်များက နယ်မြေအတွင်း လှည့်ကင်းတာဝန်ဆောင်ရွက်နေစဉ် တပင်ရွှေထီးရပ်ကွက်အရောက်၌ ကျည်တောင်ကန် (၁) ရပ်ကွက်နေ မျိုးမင်းထွန်း (၃၄) နှစ်အား ဆိုင်ကယ်တစ်စီးနှင့်အတူ မသင်္ကာဖွယ်တွေ့ရှိသဖြင့် စစ်ဆေးရာ အဆိုပါဆိုင်ကယ်အား ပိုင်ဆိုင်ကြောင်း အထောက်အထားတစ်စုံတစ်ရာ ပြောဆိုပြသနိုင်ခြင်းမရှိဘဲ အဆောက်အအုံတစ်ခုအတွင်းမှ ခိုးယူလာသည်ကို သိရှိရ၍ မျိုးမင်းထွန်းအား ထုံးဖိုမြို့မရဲစခန်းက အမှုဖွင့်အရေးယူထားကြောင်း သတင်းရရှိသည်။

# ဓနုဖြူမြို့နယ်၌ လေပြင်းတိုက်ခတ်ပြီး နေအိမ်ပြိုကျမှုကြောင့် တစ်ဦးသေဆုံးပြီး တစ်ဦးဒဏ်ရာရရှိ

**နေပြည်တော် ဩဂုတ် ၁၈**

ဧရာဝတီတိုင်းဒေသကြီး ဓနုဖြူမြို့နယ်၌ ဩဂုတ် ၁၇ ရက်က လေပြင်းတိုက်ခတ်မှုကြောင့် သစ်ပင်လဲကျပိမိမှုကြောင့် နေအိမ်နှစ်လုံးပြိုကျပြီး တစ်ဦးသေဆုံးကာ တစ်ဦး ဒဏ်ရာရရှိခဲ့သည်။

ဖြစ်စဉ်မှာ ဩဂုတ် ၁၇ ရက် နံနက် ၇ နာရီ ၁၅ မိနစ်တွင် ဓနုဖြူမြို့နယ်အတွင်း လေပြင်းတိုက်ခတ်ကာ သစ်ပင်လဲကျပိမိမှုကြောင့် သပြုကျေးရွာ၌ နေအိမ် နှစ်လုံးပြိုကျခဲ့သဖြင့် မောင်သူရကျော် (၁၄) နှစ်တွင် ဒဏ်ရာများရရှိခဲ့ပြီး မမြင့်မြတ်မွန်(၂၁) နှစ်မှာ ဒဏ်ရာများရရှိကာ သေဆုံးသွားခဲ့သောကြောင့် ဓနုဖြူမြို့မရဲစခန်း၌ သေမှုသေခင်းရေးဖွင့်ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

**ရဲပြန်ကြား**

✳ *ကျောဖုံးမှ*

ပွဲစဉ်များကို ယနေ့နံနက် ၈ နာရီမှစတင်၍ ဝဏ္ဏသိဒ္ဓိအားကစားကွင်းရှိ ဖူဆယ်အားကစားရုံ၌ ကျင်းပသည်။

ယနေ့ အကြိုဗိုလ်လုပွဲ ပွဲစဉ်များကို ယှဉ်ပြိုင်ကစားခဲ့ရာ (အမျိုးသမီး) အကြိုဗိုလ်လုပွဲ ပွဲစဉ်တွင် ရန်ကုန်တိုင်းဒေသကြီးအသင်းက စစ်ကိုင်းတိုင်းဒေသကြီးအသင်းကို ၁၂ ဂိုး – ဂိုးမရှိဖြင့်လည်းကောင်း၊ ကချင်ပြည်နယ်အသင်းက ရှမ်းပြည်နယ်အသင်းကို ၁၁ ဂိုး – ၃ ဂိုးဖြင့်လည်းကောင်း၊ (အမျိုးသား) အကြိုဗိုလ်လုပွဲ ပွဲစဉ်တွင် ရန်ကုန်တိုင်းဒေသကြီးအသင်းက ရှမ်းပြည်နယ်အသင်းကို လေးဂိုး – ဂိုးမရှိဖြင့်လည်းကောင်း၊ ကချင်ပြည်နယ်အသင်းက ပဲခူးတိုင်းဒေသကြီးအသင်းကို သုံးဂိုး – တစ်ဂိုးဖြင့် အကြိတ်အနယ် ယှဉ်ပြိုင်ကစားကြသည်။

ဩဂုတ် ၁၉ ရက် နံနက် ၉ နာရီမှစတင်၍ ဖူဆယ်အားကစားရုံ၌ (အမျိုးသမီး) တတိယလုပွဲ ပွဲစဉ်အဖြစ် စစ်ကိုင်းတိုင်းဒေသကြီးအသင်းနှင့် ရှမ်းပြည်နယ်အသင်း၊ (အမျိုးသား) တတိယလုပွဲ ပွဲစဉ်အဖြစ် ရှမ်းပြည်နယ်အသင်းနှင့် ပဲခူးတိုင်းဒေသကြီးအသင်း၊ (အမျိုးသမီး) ဗိုလ်လုပွဲ ပွဲစဉ်အဖြစ် ရန်ကုန်တိုင်းဒေသကြီးအသင်းနှင့် ကချင်ပြည်နယ် အသင်း၊ (အမျိုးသား) ဗိုလ်လုပွဲ ပွဲစဉ်အဖြစ် ရန်ကုန်တိုင်းဒေသကြီးအသင်းနှင့် ကချင်ပြည်နယ်အသင်းတို့ ဆက်လက် ယှဉ်ပြိုင်ကစားသွားကြမည်ဖြစ်ပြီး ပြိုင်ပွဲများအပြီးတွင် ဆုချီးမြှင့်ခြင်း အခမ်းအနားကို ဆက်လက်ကျင်းပသွားမည်ဖြစ်၍ ဖူဆယ်အားကစားကို စိတ်ပါဝင်စားသည့် မည်သူမဆို **အခမဲ့** လာရောက်ကြည့်ရှုအားပေးနိုင်ကြောင်း သိရသည်။ **သတင်းစဉ်**

# ပြည်တက္ကသိုလ် ငွေရတုအထိမ်းအမှတ် ကာယအလှမယ်ပြိုင်ပွဲ၊ အနုပညာတင်ဆက်ပွဲနှင့် ဈေးရောင်းပွဲတော်ကျင်းပ

**ပြည် ဩဂုတ် ၁၈**

ပဲခူးတိုင်းဒေသကြီး ပြည်မြို့ရှိ ပြည်တက္ကသိုလ်၏ (၂၅) နှစ်မြောက် ငွေရတုတက္ကသိုလ် မွေးနေ့အထိမ်းအမှတ် ကာယအလှမယ်ပြိုင်ပွဲ၊ အနုပညာတင်ဆက်ပွဲနှင့် ဈေးရောင်းပွဲတော်ကို ဩဂုတ် ၁၇ ရက်က အဆိုပါတက္ကသိုလ်၌ ကျင်းပသည်။

ဈေးရောင်းပွဲတော်ကို တက္ကသိုလ်ဘက်စုံသုံးခန်းမ အဆောက်အအုံအနီး၌ တက္ကသိုလ်ဘာသာရပ်ပေါင်းစုံအလိုက် ဈေးဆိုင်ခန်းများဖွင့်လှစ်၍ ပြည်ထမင်းသုပ်၊ ကောက်ညှင်းပေါင်း၊ ရွှေရင်အေး၊ မုန့်လက်ဆောင်း၊ ရှမ်းခေါက်ဆွဲနှင့် ရခိုင်မုန့်တီ အပါအဝင် မြန်မာ့ရိုးရာနှင့် တိုင်းရင်းသားရိုးရာ အစားအသောက်မျိုးစုံကို ဈေးနှုန်းချိုသာစွာ ရောင်းချခဲ့သည်။ ဈေးရောင်းပွဲတော်တွင် ဘာသာရပ်ပေါင်းစုံ မိသားစုများ၊ ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများ ပျော်ရွှင်စွာပါဝင်ဆင်နွှဲခဲ့ကြပြီး ပြည်တက္ကသိုလ်ပါမောက္ခချုပ် ဒေါက်တာသက်လွင်နှင့် ဒုတိယပါမောက္ခချုပ်များ၊ အခြားတက္ကသိုလ်နှင့် ဒီဂရီကောလိပ်အသီးသီးမှ ပါမောက္ခချုပ်များနှင့် ကျောင်းအုပ်ကြီးများ၊ ဖိတ်ကြားထားသော ဌာနဆိုင်ရာများ၊ မြို့မိမြို့ဖများနှင့် လူမှုရေးအသင်းအဖွဲ့များက ဈေးရောင်းပွဲတော် ဆင်နွှဲနေမှုနှင့် သီရေတာခန်းမဆောင်၌ သင်္ချာဉာဏ်စမ်းပဟေဠိပြိုင်ပွဲ ကျင်းပနေမှုကို လှည့်လည်ကြည့်ရှုအားပေးကြသည်။

ထို့နောက် ကာယအလှမယ်ပြိုင်ပွဲနှင့် အနုပညာတင်ဆက်ပွဲကို ဘက်စုံသုံးခန်းမဆောင်၌ ဆက်လက်ကျင်းပရာ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးသိန်းအောင်နှင့် တာဝန်ရှိသူများ၊ ခရိုင်အမျိုးသမီးရေးရာအဖွဲ့ ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြည့်ရှုအားပေးခဲ့ကြပြီး ပြည်တက္ကသိုလ် အနုပညာအသင်းဝင် ကျောင်းသား ကျောင်းသူများက မြကျွန်းညိုညိုတေးသီချင်းဖြင့် အခမ်းအနားစတင်ဖွင့်လှစ်ကာ ပြည်တက္ကသိုလ်ပါမောက္ခချုပ်က တက္ကသိုလ် နောက်ခံသမိုင်းကြောင်းကို ပြောကြားသည်။

ယင်းနောက် ဘာသာရပ်ပေါင်းစုံမှ ကျောင်းသား ကျောင်းသူများက ပျူအက၊ မြန်မာ့ရိုးရာ မိုးဇာပြောအက၊ ကရင်ရိုးရာ ဒုံးယိမ်းအက၊ သာစွဌာနေရာမည်မြေ မွန်ရိုးရာအကအလှနှင့် မြန်မာသံစဉ်နှင့် ခေတ်ပေါ်တေးသီချင်း သီဆိုဖျော်ဖြေမှုများအပါအဝင် ကဏ္ဍစုံ အဆို၊ အတီး၊ အကအလှများဖြင့် ကပြသီဆိုဖျော်ဖြေတင်ဆက်ခဲ့ကြသည်။ ထို့နောက် ဘာသာရပ်ပေါင်းစုံကျောင်းသူများ၏ ကာယအလှမယ်ပြိုင်ပွဲကို ကျင်းပသည်။

ပြည်တက္ကသိုလ်သည် တက္ကသိုလ်အဆင့်မတိုင်မီ ၁၉၇၆-၇၇ ခုနှစ်တွင် ရွှေတောင်မြို့ ဒေသကောလိပ်အဖြစ် အစပြုတည်ရှိခဲ့ပြီး ၁၉၇၈-၇၉ ခုနှစ်တွင် ပဲခူးတိုင်းဒေသကောလိပ်(ရွှေတောင်)အဖြစ် ပြည်မြို့ ရွှေတစ်ချောင်းလမ်းရှိ လက်ရှိပြည်တက္ကသိုလ် တည်နေရာ၌ ပြောင်းလဲဖွင့်လှစ်ခဲ့ခြင်းဖြစ်ကာ ယင်းမှတစ်ဆင့် ၁၉၈၁-၈၂ ခုနှစ်တွင် ကောလိပ်အဆင့်နှင့် ၁၉၉၅-၉၆ ခုနှစ်တွင် ဒီဂရီကောလိပ်အဆင့်သို့လည်းကောင်း အဆင့်မြှင့်တင်ခဲ့သည်။ ၁၉၉၉-၂၀၀၀ ပညာသင်နှစ်တွင် ပဲခူးတိုင်းဒေသကြီး (အနောက်ခြမ်း)၏ တစ်ခုတည်းသော တက္ကသိုလ်အဆင့်သို့ နိုင်ငံတော်က တိုးမြှင့်ပေးခဲ့၍ ယခု ၂၀၁၉ ခုနှစ်တွင် ပြည်တက္ကသိုလ်၏ တက္ကသိုလ်အဆင့် သက်တမ်းသည် (၂၅)နှစ်မြောက် ငွေရတုတိုင်ခဲ့ပြီဖြစ်ကြောင်း သိရသည်။



ကိုဆက်

(ပြန်/ဆက်)

# လှိုင်းဘွဲ့မြို့၌ ကရင်ရိုးရာ ဝါခေါင်လချည်ဖြူဖွဲ့ မင်္ဂလာအခမ်းအနား ကျင်းပ

**လှိုင်းဘွဲ့ ဩဂုတ် ၁၈**

ကရင်တိုင်းရင်းသားအားလုံးတို့၏ ရိုးရာဓလေ့တစ်ခုဖြစ်သော ကရင်ရိုးရာ ဝါခေါင်လချည်ဖြူဖွဲ့ မင်္ဂလာအခမ်းအနားကို ကရင်ပြည်နယ် လှိုင်းဘွဲ့မြို့ (က)ရပ်ကွက် အောင်မြင်သာယာဘုန်းတော်ကြီးကျောင်း၌ ဩဂုတ် ၁၈ ရက်က ကျင်းပသည်။



အခမ်းအနားတွင် ဆရာတော်များထံမှ သီလခံယူခြင်းနှင့် ဩဝါဒခံယူခြင်းများ ဆောင်ရွက်ခဲ့ပြီး မြို့နယ်ကရင်စာပေနှင့် ယဉ်ကျေးမှုတိုးတက်ပြန့်ပွားရေး အသင်းဥက္ကဋ္ဌ ဦးအုန်းတင်က နှစ်စဉ်ဝါခေါင်လရောက်တိုင်း ကရင်တိုင်းရင်းသားလူမျိုးများ၏ ချည်ဖြူဖွဲ့မင်္ဂလာပွဲကို ကျင်းပခြင်း၏ ရည်ရွယ်ချက်နှင့် ကရင်ရိုးရာချည်ဖြူဖွဲ့မင်္ဂလာပွဲသည် ကရင်တိုင်းရင်းသားအားလုံးအနေဖြင့် ထိန်းသိမ်းစောင့်ရှောက်ရမည့် ရိုးရာဓလေ့တစ်ခုဖြစ်ကြောင်း အမှာစကားပြောကြားသည်။

ထို့နောက် ကရင်ရိုးရာချည်ဖြူဖွဲ့မင်္ဂလာပွဲဖြစ်ပေါ်လာပုံသမိုင်းကြောင်းကို ကရင်လူငယ်နှစ်ဦးက ကရင်ဘာသာနှင့် မြန်မာဘာသာတို့ဖြင့် ဖတ်ကြားပြီး ချည်ဖြူဖွဲ့မင်္ဂလာပွဲကို စည်ကားစွာ ဆက်လက်ကျင်းပခဲ့ကြောင်း သိရသည်။

မြို့နယ် (ပြန်/ဆက်)

# ပုဂံဒေသရှိ ဝင်ငွေနည်းအိမ်ထောင်စုများအား စားသောက်ကုန်ပစ္စည်းများ ထောက်ပံ့

**ပုဂံ ဩဂုတ် ၁၈**

မန္တလေးတိုင်းဒေသကြီး ညောင်ဦးမြို့နယ်အတွင်းရှိ ဝင်ငွေနည်းအိမ်ထောင်စုများ စားသောက်ရေး အဆင်ပြေစေရန် ရည်ရွယ်၍ မန္တလေးမြို့မှ ရွှေနဒီအလှကုန်ရောင်းဝယ်ရေး မိသားစုက အခြေခံစားသောက်ကုန်ပစ္စည်းများကို ဩဂုတ် ၁၇ ရက်က ထောက်ပံ့လှူဒါန်းသည်။

အဆိုပါ စားကုန်ပစ္စည်းများ ထောက်ပံ့လှူဒါန်းရာတွင် အလှူရှင်မိသားစုက ပုဂံမြို့ရတနာဘုံစံတောရ ဓမ္မရိပ်သာကျောင်းတိုက်နာယကဆရာတော် ဘဒ္ဒန္တသာဂရအား အမှူးထား၍ လှူဒါန်းမှုအစုစုအတွက် ရေစက်သွန်းချအမျှပေးဝေကာ ဆရာတော်အား နဝကမ္မဝတ္ထုငွေနှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းသည်။ ထို့နောက် အလှူရှင်မိသားစုများက ပရဟိတလူငယ်များအဖွဲ့နှင့်အတူ ညောင်ဦးမြို့၊ ပုဂံမြို့နှင့် အနီးဝန်းကျင်ရှိကျေးရွာများမှ ဝင်ငွေနည်းအိမ်ထောင်စု ၁၀၀ အား အိမ်ထောင်စုတစ်စုလျှင် ဆန်နှစ်ပြည်၊ ဆီ ၂၅ ကျပ်သား၊ ဆားတစ်ထုပ်၊ ကြက်ဥငါးလုံး၊ လက်ဖက်ပဲကြော် တစ်ထုပ်စီနှင့် ဆပ်ပြာမှုန့်တစ်ထုပ်စီတို့ကို ထောက်ပံ့လှူဒါန်းခဲ့ကြောင်း သိရသည်။

ရဲဝင်းနိုင် (ညောင်ဦး)

# လယ်ဝေးမြို့နယ် ရှားချောင်းကျေးရွာ၌ စာဖတ်ရှိန်မြှင့်တင်ရေး လူငယ်စကားဝိုင်းကျင်းပ

**နေပြည်တော် ဩဂုတ် ၁၈**

နေပြည်တော် လယ်ဝေးမြို့နယ် ရှားချောင်းကျေးရွာ အခြေခံပညာအထက်တန်းကျောင်း (ခွဲ) ၌ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့်အခြေခံပညာဦးစီးဌာနတို့ပူးပေါင်း၍ စာဖတ်ရှိန်မြှင့်တင်ရေး လူငယ်စကားဝိုင်းကို ဩဂုတ် ၁၇ ရက်က ကျင်းပသည်။




လူငယ်စကားဝိုင်းတွင် ကျောင်းအုပ်ဆရာမကြီး ဒေါ်မေသူဝင့်က အမှာစကားပြောကြားပြီး မြို့နယ်ပြန်/ဆက်ဦးစီးမှူး ဒေါ်ဝေကြည်စန်းအောင်က လူငယ်စကားဝိုင်းကျင်းပရခြင်း ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားသည်။

ထို့နောက် မြို့နယ်ဦးစီးမှူးက ဦးဆောင်သူအဖြစ် ဆောင်ရွက်ပြီး Grade – 10 နှင့် Grade–7 မှ ကျောင်းသား ကျောင်းသူများက လူငယ်နှင့်စာဖတ်ခြင်း၊ လူငယ်နှင့်နည်းပညာ၊ လူငယ်နှင့်ကျန်းမာရေး၊ လူငယ်နှင့်ယဉ်ကျေးမှု စသည့်ခေါင်းစဉ်များဖြင့် ဦးဆောင်ဆွေးနွေးကာ အခြားကျောင်းသား ကျောင်းသူများ၏ မေးခွန်းများကို ပြန်လည်ရှင်းလင်းဖြေကြားသည်။

လူငယ်စကားဝိုင်းအပြီးတွင် မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက လူငယ်များ စာဖတ်ရှိန်မြှင့်တင်ရေး အသိပညာပေး နံရံကပ်စာစောင်ပြပွဲကို ဆက်လက်ကျင်းပပြီး ကျောင်းသားကျောင်းသူများအား နံရံကပ်စာစောင်များ ပြသသည်။

အိအိငြိမ်းဖြူ (ပြန်/ဆက်)

# မိုင်းယောင်းမြို့နယ်၌ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ကွင်းဆင်းဆောင်ရွက်

**မိုင်းယောင်း ဩဂုတ် ၁၈**

ရှမ်းပြည်နယ်(အရှေ့ပိုင်း) မိုင်းယောင်းမြို့နယ်၌ ဒေသဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို မြို့နယ်အုပ်ချုပ်ရေးမှူး ဦးစိုးသက်ဆွေနှင့် သက်ဆိုင်ရာဌာန တာဝန်ရှိသူများက ဩဂုတ် ၁၇ ရက်တွင် ကွင်းဆင်းဆောင်ရွက်သည်။

မြို့နယ်အုပ်ချုပ်ရေးမှူးနှင့် တာဝန်ရှိသူများသည် ဝမ်ထန်ကျန့်ကျေးရွာ၊ မြို့မရပ်ကွက်၊ နားဖန်းကျေးရွာ၊ တာပေါက်ကျေးရွာတို့၌ ဒေသခံများက သဲ/ကျောက်ထုတ်လုပ်ရန်နှင့် အုတ်ထုတ်လုပ်ရန် လိုင်စင်လျှောက်ထားသည့်နေရာများကို ကွင်းဆင်းစစ်ဆေးပြီး လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးသည်။ ထို့နောက် ဝမ်ကောင်းကျေးရွာတွင် ဝမ်ကောင်း-ဝမ်ယွတ် ကျေးရွာချင်းဆက်လမ်းနှင့် ဆည်တည်ဆောက်နိုင်ရေးကို ကွင်းဆင်းကြည့်ရှုပြီး ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများနှင့်ပတ်သက်၍ ရပ်မိရပ်ဖများနှင့် ဆွေးနွေးခဲ့သည်။ ဆက်လက်၍ အမှတ်(၂)ရပ်ကွက်အတွင်း လမ်းဖောက်လုပ်နိုင်ရေးနှင့် အမှတ်(၉)ရပ်ကွက်တွင် မြို့မသုသာန် ခြံစည်းရိုးခတ်နိုင်ရေးတို့ကို ကွင်းဆင်းကြည့်ရှုပြီး ရပ်မိရပ်ဖများနှင့်လည်း ဒေသဖွံ့ဖြိုးရေးဆိုင်ရာများ ဆွေးနွေးခဲ့ကြသည်။

မြို့နယ် (ပြန်/ဆက်)

# လှိုင်ကော်မြို့ သန့်ရှင်းသာယာလှပရေးနှင့် ဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်

**လှိုင်ကော် ဩဂုတ် ၁၈**

ကယားပြည်နယ် အစိုးရအဖွဲ့ အနေဖြင့် ဒေသဖွံ့ဖြိုးတိုးတက်ရေးနှင့် ပြန်လည်ထူထောင်ရေး လုပ်ငန်းများကို အရှိန်အဟုန်ဖြင့် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိရာ ပြည်နယ်ဝန်ကြီးချုပ် ဦးဇော်မျိုးတင်၊ ပြည်နယ်တရားသူကြီးချုပ်၊ ပြည်နယ်အစိုးရအဖွဲ့ဝင်များ၊ တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းက လှိုင်ကော်လေဆိပ်အပြီးသတ် ပြင်ဆင်နေမှုလုပ်ငန်းများ ဆောင်ရွက်လျက်ရှိသည့် အရေးကြီးပုဂ္ဂိုလ်များ နားနေဆောင်၊ ခရီးသည်များ ဆိုက်ရောက်ထွက်ခွာ နားနေဆောင်၊ လေကြောင်း အကဲကြည့်မျှော်စင်နှင့် လေဆိပ်လုံခြုံရေးအုတ်တံတိုင်း ခြံစည်းရိုး ကာရံထားရှိမှုများကို ကြည့်ရှုစစ်ဆေးပြီး လုပ်ငန်းများ သတ်မှတ်စံချိန်စံညွှန်း ပြည့်မီစွာဖြင့် အချိန်မီပြီးစီးရေး ဆောင်ရွက်သွားရန်နှင့် လေဆိပ်ပရဝဏ်အတွင်း စိမ်းလန်းစိုပြည်ရေးနှင့် သန့်ရှင်းသာယာလှပရေးတို့ကို ဆောင်ရွက်သွားရန် တာဝန်ရှိသူများအား မှာကြားသည်။

**သန့်ရှင်းသာယာလှပရေး**

ဆက်လက်၍ ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် လှိုင်ကော်မြို့အဝင် မုခ်ဦးသို့သွားရောက်၍ မြို့အဝင်မုခ်ဦးနှင့် မြို့အဝင် ဆိုင်းဘုတ်များ သစ်လွင်မှု ရှိစေရေးအတွက် ပြန်လည်ပြုပြင်မွမ်းမံခြင်း၊ သန့်ရှင်းသာယာလှပရေးနှင့် မြို့အဝင် လမ်းဘေး ဝဲယာတစ်လျှောက် ချုံနွယ်များရှင်းလင်း၍ သစ်ပင်ပန်းမန်များကို စနစ်တကျစိုက်ပျိုးသွားရန် သက်ဆိုင်ရာ တာဝန်ရှိသူများအား မှာကြားသည်။



**စနစ်တကျစိုက်ပျိုး**

ထို့နောက် လှိုင်ကော်မြို့ မင်းကျောင်းကန်သို့ သွားရောက်၍ ပြည်သူများ စိတ်အေးချမ်းသာစွာဖြင့် လာရောက် အပန်းဖြေ အနားယူနိုင်ရန်အတွက် ရေကန်နှင့် ရေကန်ပတ်လည်ကို သန့်ရှင်းသာယာရေးလုပ်ငန်းများ ဆောင်ရွက်ပြီး အလှပန်းပင်များ စနစ်တကျစိုက်ပျိုး၍ ဆက်လက်ထိန်းသိမ်း ဆောင်ရွက်သွားရန် သက်ဆိုင်ရာ တာဝန်ရှိသူများအား မှာကြားသည်။ (ဓာတ်ပုံ)

**ကြည့်ရှုစစ်ဆေး**

ယင်းနောက် မင်းကျောင်းပရိယတ္တိစာသင်တိုက်သို့ သွားရောက်ပြီး အကြမ်းဖက်သမားများ၏ အဖျက်အမှောင့် လုပ်ရပ်များကြောင့် ထိခိုက်ပျက်စီးခဲ့သည့် သံဃာဆောင်များနှင့် ဆွမ်းစားဆောင်များကို ပြည်နယ်အစိုးရအဖွဲ့၏ အစီအစဉ်ဖြင့် ပြန်လည်ပြုပြင်ဆောင်ရွက်ပြီးစီးမှု အခြေအနေကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

**ကိုဇင်(လှိုင်ကော်)**

# ရှမ်းပြည်နယ်(အရှေ့ပိုင်း)သန်းခေါင်စာရင်းကော်မတီ လုပ်ငန်းဆိုင်ရာ တွေ့ဆုံရှင်းလင်းပွဲကျင်းပ

**ကျိုင်းတုံ ဩဂုတ် ၁၈**

၂၀၂၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်း ကောက်ယူရေးဆိုင်ရာ ကိစ္စရပ်များနှင့် ပတ်သက်၍ ရှမ်းပြည်နယ် (အရှေ့ပိုင်း) သန်းခေါင်းစာရင်း ကော်မတီ လုပ်ငန်းဆိုင်ရာ တွေ့ဆုံရှင်းလင်းပွဲကို ဩဂုတ် ၁၇ ရက် နံနက် ၁၀ နာရီက လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ဒုတိယပြည်နယ်ဦးစီးမှူးရုံး (ကျိုင်းတုံမြို့)၌ ကျင်းပသည်။ **(အပေါ်ယာပုံ)**



တွေ့ဆုံ ရှင်းလင်းပွဲတွင် ရှမ်းပြည်နယ် (အရှေ့ပိုင်း) သန်းခေါင်စာရင်းကော်မတီဥက္ကဋ္ဌ (ကိုယ်စား) ပြည်နယ်အစိုးရအုပ်ချုပ်ရေးအဖွဲ့ခွဲ(ရှမ်းအရှေ့)အဖွဲ့ဝင်-၃ ဦးလုကာက အမှာစကား ပြောကြားပြီး လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ဒုတိယပြည်နယ်ဦးစီးမှူးရုံးမှ ဒုတိယညွှန်ကြားရေးမှူး ဦးအောင်မြတ်သာက ၂၀၂၄ ခုနှစ် လူဦးရေနှင့်အိမ်အကြောင်းအရာ သန်းခေါင်စာရင်း ကော်မတီ အသီးသီး၏ ဆောင်ရွက်ရန် ကိစ္စရပ်များနှင့် ဆက်လက်ဆောင်ရွက်မည့် အစီအစဉ်များကို ရှင်းလင်းတင်ပြသည်။

ထို့နောက် တက်ရောက်လာကြသည့် ပြည်နယ်/ခရိုင်/မြို့နယ် သန်းခေါင်စာရင်ကော်မတီအဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့များက ၂၀၂၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်း ကောက်ယူရေးအတွက် မြေပြင်ကွင်းဆင်း ကောက်ယူရေးဆိုင်ရာ ကိစ္စရပ်များနှင့် ကြိုတင်ပြင်ဆင် ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များနှင့် ပတ်သက်၍ ဆွေးနွေးရာ တာဝန်ရှိသူများက လိုအပ်သည်များ ပေါင်းစပ်ဆောင်ရွက်ပေးသည်။

**အောင်ဇင်မြင့်(ပြန်/ဆက်)**

# မိုင်းဖြတ်မြို့နယ်၌ စဉ်ဆက်မပြတ်မွေးမြူရေးလုပ်ငန်း ဆောင်ရွက်နိုင်ရေး ဒေသဆိတ်များ(အခမဲ့)ဖြန့်ဖြူးပေးအပ်

**မိုင်းဖြတ် ဩဂုတ် ၁၈**

ရှမ်းပြည်နယ်(အရှေ့ပိုင်း) မိုင်းဖြတ်မြို့နယ်၌ ရှမ်းပြည်နယ် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနအနေဖြင့် မွေးမြူရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်လာစေရန်နှင့် အသားကဏ္ဍ ဖွံ့ဖြိုးရေးအတွက် ကြိုးပမ်း ဆောင်ရွက်လျက်ရှိရာ ၂၀၂၄ -၂၀၂၅ ဘဏ္ဍာရေးနှစ် ရှမ်းပြည်နယ်အစိုးရအဖွဲ့ ခွင့်ပြုရန်ပုံငွေဖြင့် (အခမဲ့) ဖြန့်ဖြူးသည့် ဒေသဆိတ်များ ပေးအပ်ခြင်းကို ဩဂုတ်လ ဒုတိယပတ်က လကတ်ကျေးရွာ၌ ကျင်းပသည်။



ရှေးဦးစွာ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးညီညီအောင်က နိုင်ငံတော်မှ ဒေသတွင်းမွေးမြူရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် အကောင်အထည်ဖော် ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ ကျေးရွာနေပြည်သူများ အနေဖြင့် ရရှိသည့် ဆိတ်များကို စနစ်တကျမွေးမြူနိုင်စေရေးနှင့် စပ်လျဉ်း၍ အမှာစကားပြောကြားသည်။ ယင်းနောက် ခရိုင်မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနမှ ခရိုင်ဦးစီးမှူး ဒေါက်တာတင်ကိုကိုက ဒေသဆိတ်များ ဖြန့်ဖြူးပေးရခြင်း၏ ရည်ရွယ်ချက်များနှင့် ဆိတ်မွေးမြူရေးစနစ်အကြောင်းကို ပညာပေး ပြောကြားသည်။

ဆက်လက်၍ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများ၊ ခရိုင်ဦးစီးမှူး၊ မြို့နယ်ဦးစီးမှူး ဒေါက်တာ ထွန်းဇော်ဝင်းတို့က လကတ်ကျေးရွာမှ အိမ်ထောင်စု ငါးစုအတွက် ဆိတ်မအကောင် ၅၀၊ ဆိတ်ထီးငါးကောင်ကို ပေးအပ်သည်။

အဆိုပါ ဒေသဆိတ်မွေးမြူသည့်စနစ်သည်ကျေးရွာကော်မတီဝင်များ၏ ကြီးကြပ်မှုဖြင့် နှစ်နှစ်ပြည့်ပါက စတင်မွေးမြူစဉ်က ပေးအပ်ခဲ့သည့် ကောင်ရေအတိုင်း ကျေးရွာရှိ အခြားအိမ်ထောင်စုများသို့ ပြန်လည်လွှဲပြောင်းပေးရမည်ဖြစ်ပြီး စဉ်ဆက်မပြတ်မွေးမြူရေးလုပ်ငန်းကို အကောင်အထည်ဖော် သွားရမည်ဖြစ်ကြောင်း ဒေါက်တာ ထွန်းဇော်ဝင်းထံမှ သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

# တိုင်းရင်းဆေးတက္ကသိုလ်(မန္တလေး)၌ (၁၁၈)ကြိမ်မြောက် CTME စာတမ်းဖတ်ပွဲကျင်းပ

**မန္တလေး ဩဂုတ် ၁၈**

တိုင်းရင်းဆေးတက္ကသိုလ်(မန္တလေး)နှင့် မြန်မာနိုင်ငံတိုင်းရင်းဆေးဆရာအသင်း မန္တလေးတိုင်းဒေသကြီးတို့ ပူးပေါင်းစီစဉ်ကျင်းပသော တိုင်းရင်းဆေးပညာ စဉ်ဆက်မပြတ် ပညာပေးရေးအစီအစဉ်အရ ၂၀၀၉ ခုနှစ် မေလမှ အစပြု၍ ၂၀၂၄ ခုနှစ် ဩဂုတ်လအထိ (၁၁၈)ကြိမ်မြောက် CTME စာတမ်းဖတ်ပွဲအခမ်းအနားကို ဩဂုတ် ၁၈ ရက် နံနက် ၉ နာရီက မန္တလေးမြို့ အောင်မြေသာစံမြို့နယ် ဥပုသ်တော်ရပ်ကွက် တိုင်းရင်းဆေးတက္ကသိုလ် ဘွဲ့နှင်းသဘင်ခန်းမ၌ ကျင်းပသည်။

CTME စာတမ်းဖတ်ပွဲတွင် သဘာပတိများအဖြစ် တိုင်းရင်းဆေးတက္ကသိုလ် ပါမောက္ခချုပ် ပါမောက္ခဒေါက်တာသိန်းဇော်လင်း၊ ပါမောက္ခဝင်းစိုး ဒုတိယပါမောက္ခချုပ်သင်ကြား(ငြိမ်း) ဂုဏ်ထူးဆောင်ပါမောက္ခ၊ တိုင်းရင်းဆေးတက္ကသိုလ်(မန္တလေး)တို့က ဆောင်ရွက်ကြပြီး အမှာစကား ပြောကြားကြသည်။

ထို့နောက် ပဲခူးမြို့ ဦးချစ်ဦး-ဒေါ်စန္ဒာဝင်း(ဒေဝယက္ခတိုင်းရင်းဆေးဝါးထုတ်လုပ်ရေး) မိသားစုမှ တိုင်းရင်းဆေးပညာဦးစီးဌာန (မန္တလေးတိုင်းဒေသကြီး) သို့ ရုံးသုံးကွန်ပျူတာဝယ်ယူရန် အလှူငွေကျပ် ၁၀ သိန်း ပေးအပ်လှူဒါန်းရာ တိုင်းဒေသကြီးဦးစီးမှူး ဒေါ်ခင်ဖြူသက်က လက်ခံရယူပြီး မန္တလေးခရိုင် တိုင်းရင်းဆေးဆရာအသင်းမှ ဆရာဦးကျော်ဝင်းက တိုင်းရင်းဆေးတက္ကသိုလ်စာကြည့်တိုက်အတွက် စာအုပ်များလှူဒါန်းရာ ပါမောက္ခချုပ်က လက်ခံရယူသည်။

ယင်းနောက် ဒေါ်ချမ်းမြသူ လက်ထောက်ကထိက ဆေးဝါးဗေဒဌာန တိုင်းရင်းဆေးတက္ကသိုလ် (မန္တလေး) က စမ်းသပ်ဆေးအဖြစ် အသုံးပြုသော တိုင်းရင်းဆေးခန်းသုံး ဆေးနည်းများကို လေ့လာခြင်းအကြောင်း ဟောပြောပြီး တက်ရောက်လာသူများက သိလိုသည်များ မေးမြန်းမှုများအပေါ် ပြန်လည်ဆွေးနွေးဖြေကြားခြင်း၊ စာတမ်းရှင်အား ဂုဏ်ပြုလက်ဆောင် ပေးအပ်ချီးမြှင့်ခြင်းနှင့် ပဟေဠိဖြေဆိုခြင်းများ ဆောင်ရွက်ကြကြောင်း သိရသည်။

**ကျော်မင်းသော်**

# ရေနံချောင်းမြို့နယ်၌ မိုးသီးနှံစိုက်ပျိုးရာသီ ပဲတီစိမ်းဧက ၁၅၀၀၀ ကျော် စိုက်ပျိုးပြီးစီး

**ရေနံချောင်း ဩဂုတ် ၁၈**

မကွေးတိုင်းဒေသကြီး ရေနံချောင်းမြို့နယ်၌ တောင်သူများဝင်ငွေရစေရန် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီတွင် ပဲတီစိမ်းဧက ၁၅၀၀၀ ကျော် စိုက်ပျိုးပြီးစီးကြောင်း သိရသည်။

"မိုးရာသီ၊ ဆောင်းရာသီ၊ နွေရာသီမှာ ယာမြေနဲ့ ကိုင်းမြေတွေမှာ သီးထပ်၊ သီးညှပ်အဖြစ် တောင်သူတွေစိုက်ပျိုးပါတယ်။ ထွက်ရှိတဲ့ ပဲတီစိမ်းကို မြို့ခံကုန်သည်ပွဲစားတွေက ဝယ်ယူပြီး မကွေးကို ရောင်းတယ်၊ ပဲတီစိမ်းပဲကို ပဲပင်လုပ်ငန်းကဝယ်ပြီး ခွဲခြမ်းစက်က ဝယ်ယူတယ်"ဟု ရေနံချောင်းမြို့နယ်မှ ပဲတီစိမ်းစိုက်တောင်သူတစ်ဦးကပြောသည်။

ယခုနှစ်မိုးသီးနှံပဲတီစိမ်းဧက၂၉၀၉ ဧက၊ လျာထားစိုက်ပျိုးခဲ့ရာ ယမန်နေ့အထိ ပဲတီစိမ်းဧက ၁၅၂၄၈ ဧက စိုက်ပျိုးပြီးစီးကြောင်း လျာထားချက်ထက်ပို၍ ပိုမိုစိုက်ပျိုးနိုင်ခဲ့ကြောင်း မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

**ဆန်းညွန့်(ရေနံချောင်း)**

**ခရမ်းလွန်ရောင်ခြည် အန္တရာယ်ကာကွယ်ရေး အိုဇုန်းလွှာကို ထိန်းသိမ်းပေး**



အင်းလေးကန်တောရိုင်းတိရစ္ဆာန်ဘေးမဲ့တော



ထမံသီတောရိုင်းတိရစ္ဆာန်ဘေးမဲ့တော



လန်ပိအဏ္ဏဝါအမျိုးသားဥယျာဉ်

# မြန်မာနိုင်ငံအတွင်းရှိ အာဆီယံ အမွေအနှစ်ဥယျာဉ်များ (သို့မဟုတ်) အဓိက အရေးပါသော ဇီဝမျိုးစုံမျိုးကွဲများ တည်ရှိရာနယ်မြေများ

*(ဩဂုတ် ၁၁ ရက်မှအဆက်)*

မြန်မာနိုင်ငံတွင် လက်ရှိအချိန်အထိ သဘာဝထိန်းသိမ်းရေးနယ်မြေ ၅၉ ခု၊ နိုင်ငံဧရိယာ၏ ၆ ဒသမ ၄၈ ရာခိုင်နှုန်းခန့်အထိ ဖွဲ့စည်းနိုင်ခဲ့ပြီး နိုင်ငံဧရိယာ၏ ၁၀ ရာခိုင်နှုန်းကို သဘာဝထိန်းသိမ်းရေးနယ်မြေများအဖြစ် သတ်မှတ်ဖွဲ့စည်းနိုင်ရေး ဆက်လက်ဆောင်ရွက်လျက်ရှိသည့်အပြင် အာဆီယံ အမွေအနှစ်ဥယျာဉ် ရှစ်ခု၊ ယူနက်စကို၏ ကမ္ဘာ့အမွေအနှစ်အစီအစဉ်တစ်ခုဖြစ်သော လူသားနှင့်ဇီဝအဝန်းနယ်မြေ နှစ်ခု၊ နိုင်ငံတကာအဆင့် ရမ်ဆာရေဝပ်ဒေသခြောက်ခု စုစုပေါင်းဧရိယာ ၂၇၈၆၉၇ ဟက်တာ (၆၈၈၃၈၂ဧက) နှင့် ဩစတြေးလျဒေသ ငှက်ပျံသန်းရာလမ်းကြောင်း ကွန်ရက်နယ်မြေ ရှစ်ခုတို့ကို အသိအမှတ်ပြုခံထားပြီးဖြစ်သည်။

သစ်တောဦးစီးဌာနသည် သဘာဝထိန်းသိမ်းရေးနယ်မြေများအတွင်းနှင့် ပြင်ပရှိ မြန်မာ့တောရိုင်းတိရစ္ဆာန်များနှင့်အပင်များ ရေရှည်တည်တံ့နိုင်ရေးအတွက် အကြောင်းအမျိုးမျိုးကြောင့် မျိုးသုဉ်းရန် အန္တရာယ်ကျရောက်နေသော တောဆင်ရိုင်းများ၊ ကျားများ၊ မြန်မာ့ရွှေသမင်များ၊ မိကျောင်းများ၊ ကြယ်လိပ်များအပါအဝင် နို့တိုက်သတ္တဝါ၊ ငှက်များနှင့် အပင်မျိုးစိတ်များ၊ ကုန်းနေရေနေနှင့် တွားသွားသတ္တဝါများ လေ့လာဖော်ထုတ်ထိန်းသိမ်းကာကွယ်ခြင်း၊ ရေဝပ်ဒေသများ ထိန်းသိမ်းခြင်း၊ အပင်၊ သစ်ခွနှင့် ပရဆေးပင်များ ထိန်းသိမ်းကာကွယ်ခြင်းတို့ကို မိတ်ဖက်ဌာနများ၊ အစိုးမဟုတ်သော အဖွဲ့အစည်းများနှင့်အတူ လက်တွဲဆောင်ရွက်လျက်ရှိသည်။

> မြန်မာနိုင်ငံအတွင်း ထိန်းသိမ်းကာကွယ်ထားသည့် သဘာဝဘေးမဲ့တောနယ်မြေများနှင့် အာဆီယံအမွေအနှစ်ဥယျာဉ် ရှစ်ခုတို့အတွင်း ရှားပါးဘင်္ဂလားကျား၊ အာရှဆင်၊ မြန်မာ့နှာလန်မျောက်မျိုးစိတ်၊ ပန်ဒါနီ၊ ရွှေရောင်သားမင်း၊ အင်းကျား၊ ကြံ့သူတော် စသည့် ရှားပါးသတ္တဝါများသာမက မြန်မာ့ဒေသမျိုးရင်းသတ္တဝါများနှင့် အပင်မျိုးစိတ်များဖြစ်သည့် သစ်ခွနက်၊ သော်ကကြီး၊ မြန်မာ့ကြယ်လိပ်၊ ရွှေသမင်၊ မျက်ခုံးဖြူငှက်ပြာခြောက် စသည်တို့ကိုလည်း ဖော်ထုတ်မှတ်တမ်းတင်ထားနိုင်

## ကမ္ဘာ့ဇီဝမျိုးစုံမျိုးကွဲများ၏ ၂၀ ရာခိုင်နှုန်းခန့်ကို ပိုင်ဆိုင်

မြန်မာနိုင်ငံအပါအဝင် အာဆီယံဒေသသည် တစ်ကမ္ဘာလုံးဧရိယာ၏ ၃ ရာခိုင်နှုန်းမျှသာ ကျယ်ဝန်းသော်လည်း ကမ္ဘာ့ဇီဝမျိုးစုံမျိုးကွဲများ၏ ၂၀ ရာခိုင်နှုန်းခန့်ကို ပိုင်ဆိုင်လျက်ရှိသကဲ့သို့ ဖော်ပြခဲ့ပြီးဖြစ်သည့် မြန်မာနိုင်ငံအတွင်း ထိန်းသိမ်းကာကွယ်ထားသည့် သဘာဝဘေးမဲ့တောနယ်မြေများနှင့် အာဆီယံအမွေအနှစ်ဥယျာဉ် ရှစ်ခုတို့အတွင်း ရှားပါးဘင်္ဂလားကျား၊ အာရှဆင်၊ မြန်မာ့နှာလန်မျောက်မျိုးစိတ်၊ ပန်ဒါနီ၊ ရွှေရောင်သားမင်း၊ အင်းကျား၊ ကြံ့သူတော် စသည့်ရှားပါးသတ္တဝါများသာမက မြန်မာ့ဒေသမျိုးရင်းသတ္တဝါများနှင့် အပင်မျိုးစိတ်များဖြစ်သည့် သစ်ခွနက်၊ သော်ကကြီး၊ မြန်မာ့ကြယ်လိပ်၊ ရွှေသမင်၊ မျက်ခုံးဖြူငှက်ပြာခြောက် စသည်တို့ကိုလည်း ဖော်ထုတ်မှတ်တမ်းတင်ထားနိုင်ပြီဖြစ်သည်။

## ထိန်းသိမ်းကာကွယ်

ဆက်လက်၍လည်း မိုးယွန်းကြီးအင်း တောရိုင်းတိရစ္ဆာန်ဘေးမဲ့တောနှင့် ရွှေစက်တော်ဘေးမဲ့တောကို အာဆီယံအမွေအနှစ် ဥယျာဉ်များအဖြစ် တည်ထောင်သတ်မှတ်နိုင်ရေးအတွက် သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာနက အာဆီယံဇီဝမျိုးစုံမျိုးကွဲဗဟိုဌာန (ASEAN Center for Biodiversity–ACB) နှင့် ချိတ်ဆက်ဆောင်ရွက်နေကြောင်း သိရသည်။

အဆိုပါ ဘေးမဲ့တောဥယျာဉ်နှစ်ခုအနက် မိုးယွန်းကြီးအင်း ဘေးမဲ့တောသည် ပဲခူးတိုင်းဒေသကြီး ပဲခူးမြို့နယ်နှင့် ဝေါမြို့နယ်အတွင်းတည်ရှိပြီး နို့တိုက်သတ္တဝါမျိုးစိတ် ၁၂၀၊ ကုန်းနေရေနေနှင့် တွားသွားသတ္တဝါ ၂၈ မျိုး၊ အင်းဆက် ၃၃ မျိုး၊ ဆောင်းခိုငှက် ၅၉ မျိုး၊ ဌာနေငှက် ၇၇ မျိုး၊ ငါးမျိုးစိတ် ၄၄ မျိုးနှင့် ရေနေပင် ၇၄ မျိုးကို ထိန်းသိမ်းကာကွယ်ထားသည်။ ထို့အတူ မကွေးတိုင်းဒေသကြီးအတွင်း တည်ရှိသည့် ရွှေစက်တော်ဘေးမဲ့တောတွင် မျိုးသုဉ်းရန်အလွန်နီးအဆင့်သတ်မှတ် ခံထားရသည့် မြန်မာ့ကြယ်လိပ်များကို မွေးမြူထိန်းသိမ်းလျက်ရှိသကဲ့သို့ နို့တိုက်သတ္တဝါ ၁၄ မျိုး၊ ကုန်းနေရေနေသတ္တဝါ ၄၃ မျိုး၊ လိပ်ပြာမျိုးစိတ် ၃၉ မျိုး နှင့် ငှက်မျိုးစိတ် ၁၁၃ မျိုးတို့အပြင် မြန်မာဌာနေဖွား ဒေသရင်းမျိုးစိတ်များဖြစ်သည့် စွေ့ငှက်၊ နဖားကြူးအမြီးဝိုင်းငှက်၊ မြန်မာဘီလုံးငှက်၊ ငှက်မင်းသားဝမ်းဖြူ၊ ရွှေသမင်နှင့် ကြယ်လိပ်များကို ထိန်းသိမ်းကာကွယ်လျက်ရှိကြောင်း သိရှိရသည်။

## ကြွယ်ဝလှသည့် ဇီဝမျိုးစုံမျိုးကွဲများ

အာဆီယံဇီဝမျိုးစုံမျိုးကွဲဗဟိုဌာန၏ အချက်အလက်များအရ ကြွယ်ဝလှသည့် မြန်မာနိုင်ငံ၏ ဇီဝမျိုးစုံမျိုးကွဲများအနက် အပင်မျိုးစိတ် ၁၁၈၀၀ ခန့်၊ နို့တိုက်သတ္တဝါ မျိုးစိတ် ၃၀၀ ခန့်၊ ငှက်မျိုးစိတ် ၁၁၀၀ ကျော်၊ တွားသွားသတ္တဝါမျိုးစိတ် ၂၈၀ ခန့်၊ ကုန်းနေ ရေနေသတ္တဝါ ၈၀ ကျော်၊ ဆေးဖက်ဝင်အပင်မျိုးစိတ် ၈၄၀ ကျော်၊ ဝါးမျိုးစိတ် ၉၆ မျိုးနှင့် အပူပိုင်း အပင် မျိုးစိတ်များစွာကို ပိုင်ဆိုင်ထားသည့်အပြင် ရေချိုငါးမျိုးစိတ် ၃၅၀ ကျော်၊ အဏ္ဏဝါငါးမျိုးစိတ် ၈၀၀ ကျော်၊ ပင်လယ်မြက်မျိုးစိတ် ကိုးမျိုး၊ သန္တာမျိုးစိတ် ၃၃၂ မျိုးနှင့် ကမ္ဘာ့ပင်လယ်လိပ် ငါးမျိုးကို ပိုင်ဆိုင်ထားသဖြင့် အာရှဒေသ၏ ဇီဝမျိုးစုံအမွေအနှစ် ခံတပ်ကြီးသဖွယ် တည်ရှိနေသည်။ ၎င်းတို့အနက် မျိုးသုဉ်းအန္တရာယ်ခြိမ်းခြောက်ခံနေရသည့် နို့တိုက်သတ္တဝါများ၊ ငှက်များ၊ တွားသွားသတ္တဝါများနှင့် အပင်မျိုးစိတ်ပေါင်း ၁၄၄ မျိုး ရှိကြောင်း သိရသည်။

လူသားများ၏ လူမှုဘဝဖူလုံရေး၊ ကျန်းမာသော ကမ္ဘာမြေ၊ သာယာဝပြောသော စီးပွားရေးအတွက် အခြေခံအကျဆုံး လိုအပ်ချက်ဖြစ်သည့် အစားအစာ၊ ဆေးဝါး၊ စွမ်းအင်၊ သန့်ရှင်းသောလေနှင့် ရေ၊ သဘာဝဘေးအန္တရာယ်များမှ လုံခြုံမှု၊ အပန်းဖြေမှုနှင့် ယဉ်ကျေးမှု စသည်တို့သည် ဇီဝမျိုးစုံဂေဟစနစ်များအပေါ် တည်မှီလျက်ရှိရာ မိမိတို့နိုင်ငံက ပိုင်ဆိုင်ထားသည့် ဇီဝမျိုးစုံအမွေအနှစ်များသည် အမျိုးသားအဆင့်သာမက အာဆီယံဒေသတွင်းအဆင့် အမွေအနှစ်များပင်ဖြစ်ပေသည်။ ထို့ကြောင့် ယခုကဲ့သို့အာဆီယံအဆင့် သတ်မှတ်ပြီး ထိန်းသိမ်းကာကွယ်လျက်ရှိသည့် တောရိုင်းတိရစ္ဆာန်ဘေးမဲ့တော ရှစ်ခုသည် ကမ္ဘာလုံးဆိုင်ရာ ဇီဝမျိုးစိတ်များအတွက် အဓိကအရေးပါသောနယ်မြေဒေသများဖြစ်ရာ ထိုဇီဝမျိုးစုံမျိုးကွဲများ ရေရှည်တည်တံ့မှုရှိစေရေး၊ မျိုးသုဉ်းပျောက်ကွယ်မှု မရှိစေရေးနှင့် လူတို့၏ ပယောဂများကြောင့် ဆုံးရှုံးမှုများမဖြစ်ပေါ်ရေး အဖွဲ့အစည်းအားလုံးက အမျိုးသားရေး အသိစိတ်ဓာတ်ဖြင့် ထိန်းသိမ်းကာကွယ်စောင့်ရှောက်သွားကြရမည် ဖြစ်ပါကြောင်း ရေးသားတင်ပြအပ်ပါသည်။ ။

*သီဟစည်သူ*



အလောင်းတော်ကဿပ အမျိုးသားဥယျာဉ်



မိန်းမလှကျွန်း တောရိုင်းတိရစ္ဆာန်ဘေးမဲ့တော



နတ်မတောင် အမျိုးသားဥယျာဉ်



ခါကာဘိုရာဇီ အမျိုးသားဥယျာဉ်

**ကိုးကား –**

(၁) သယံဇာတနှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေး ဦးစီးဌာန၊ သစ်တောကြေးမုံဂျာနယ်များ။

(၂) ဒေါက်တာဆုစန္ဒာအောင် (သစ်တောဦးစီးဌာန)– ဇီဝမျိုးစုံမျိုးကွဲ ထိန်းသိမ်းရေး လူတိုင်းပါဝင်ဆောင်ရွက်ပေး ဆောင်းပါး

(၃) သစ်တောမောင် ဆောင်းပါးများ။

(၄) https: // www.aseanbiodiversity.org/asean-biodiversity-dashboard/



# Myanmar Cyber Security Challenge 2024 ပြိုင်ပွဲဝင်ရန် ၂၅ သင်းထက်ကျော်နေသဖြင့် လက်ရည်စစ်ပွဲယှဉ်ပြိုင်

**ရန်ကုန် ဩဂုတ် ၁၈**

ဩဂုတ် ၂၄ ရက်တွင် ကျင်းပမည့် Myanmar Cyber Security Challenge 2024 (MCSC2024) ပြိုင်ပွဲတွင် ၂၅ သင်းကိုသာ ယှဉ်ပြိုင်ခွင့်ပြုရန် သတ်မှတ်ထားသော်လည်း ပြိုင်ပွဲဝင်ရန် စာရင်းပေးသည့် အသင်းအရေအတွက်မှာ ၃၁ သင်းအထိရှိခဲ့သဖြင့် လက်ရည်စစ်ပွဲကို အောက်တိုဘာ ၁၇ ရက်က ကျင်းပခဲ့ကြောင်း သိရသည်။

ပြိုင်ပွဲဝင်အသင်းများသည် လက်ရည်စစ်ပွဲကို အွန်လိုင်းမှတစ်ဆင့် https://www.mcsc2024.live ဝက်ဘ်ဆိုက်တွင် နှစ်နာရီကြာ ယှဉ်ပြိုင်ကြရပြီး လက်ရည်စစ်ပွဲတွင် Web Security၊ Reverse Engineering၊ Forensics နှင့် Crypto ဆိုင်ရာ မေးခွန်းအချို့ကို ဖြေဆိုရကြောင်း သိရသည်။

လက်ရည်စစ်ပွဲ အောင်မြင်သော အသင်း ၂၅ သင်းကို ဩဂုတ် ၁၈ ရက်တွင် မြန်မာနိုင်ငံ ကွန်ပျူတာအရေးပေါ် တုံ့ပြန်ရေးအဖွဲ့ (MMCERT)၏ ဝက်ဘ်ဆိုက်မှတစ်ဆင့် ကြေညာခဲ့ပြီး အဆိုပါအသင်းများသည် ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန၊ ရုံးအမှတ် (၂)၊ နေပြည်တော်၌ ဩဂုတ် ၂၄ ရက်တွင် ကျင်းပမည့် MCSC2024 ပြိုင်ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်ခွင့်ရရှိမည်ဖြစ်ကာ အဆိုပါပြိုင်ပွဲဝင်အသင်း ၂၅ သင်းထံသို့ ပြိုင်ပွဲကျင်းပရေးကော်မတီမှ တာဝန်ရှိသူများက လိုအပ်သောအုပ်ချုပ်မှုကိစ္စရပ်များအတွက် ချိတ်ဆက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

**ဆက်သွယ်မေးမြန်းနိုင်**

MCSC2024 ပြိုင်ပွဲ ဝင်ရောက်ယှဉ်ပြိုင်ရာတွင် ပြိုင်ပွဲဝင်များအနေဖြင့် မိမိတို့၏ Laptop ကွန်ပျူတာများကိုသာ အသုံးပြုရမည်ဖြစ်ပြီး အဆိုပါကွန်ပျူတာများတွင် Kali Linux၊ SIFT Workstation၊ Windows 7 (64-bit) VM များကဲ့သို့သော မိမိဖြေဆိုရမည့် မေးခွန်းများနှင့် သက်ဆိုင်သော Virtual Machine များ၊ လိုအပ်သော Tool များကို ကြိုတင် Install ပြုလုပ်ထားရမည်ဖြစ်ကြောင်း၊ ပြိုင်ပွဲတွင် အင်တာနက်ကို အသုံးပြုခွင့်ရရှိမည်ဖြစ်ပြီး Google Search Engine မှတစ်ဆင့်လည်း လိုအပ်သော သဲလွန်စများကို ရှာဖွေနိုင်မည်ဖြစ်ကြောင်း၊ ပြိုင်ပွဲဝင်များအနေဖြင့် ပြိုင်ပွဲနှင့် ပတ်သက်၍ မရှင်းလင်းသည်များ ရှိပါက MMCERT ဖုန်း ၀၆၇-၃၄၂၂၂၇၂ သို့ဖြစ်စေ၊ ctf@ncsc.gov.mm သို့ဖြစ်စေ ဆက်သွယ်မေးမြန်းနိုင်ကြောင်း MMCERT က သတင်းထုတ်ပြန်ထားသည်။

**ကိုစိုး**

# ဂူဂဲလ်၏ Made by Google နည်းပညာပြပွဲတွင် ပြသခဲ့သော Pixel ဖုန်း မော်ဒယ်သစ် လေးမျိုး



ဂူဂဲလ်၏နောက်ဆုံးထွက် နည်းပညာနှင့် ဟာ့ဒ်ဝဲထုတ်ကုန်များကို မိတ်ဆက်ပြသရန် နှစ်စဉ်ကျင်းပသည့် "Made by Google" ပြပွဲကို ယခုနှစ်အတွက် ဩဂုတ် ၁၃ ရက်တွင် ကျင်းပခဲ့ပြီး ဂူဂဲလ်စတိုးဝက်ဘ်ဆိုက်နှင့် Youtube တို့မှတစ်ဆင့် ကမ္ဘာတစ်ဝန်းသို့ တိုက်ရိုက်လွှင့်ပြသခဲ့သည်။ ယခုနှစ် Made by Google ပြပွဲတွင် ဂူဂဲလ်သည် ၎င်း၏ အဓိက AI နည်းပညာဖြစ်သည့် Gemini AI နှင့် အန်းဒရွိုက်ဗားရှင်း ၁၅ တွင် အသုံးပြုနိုင်မည့် Gemini AI စွမ်းရည်အသစ်များကို ပြသခဲ့ကာ ဟာ့ဒ်ဝဲထုတ်ကုန်များအနေဖြင့် Pixel 9 စီးရီး ဖုန်းများ၊ Pixel Buds Pro 2 နားကြပ်နှင့် Pixel Watch 3 စမတ်နာရီတို့ကို ပြသခဲ့သည်။

**Google Pixel 9 စီးရီးဖုန်းများ**

Pixel 9 စီးရီးဖုန်းများတွင် Pixel 9၊ Pixel 9 Pro၊ Pixel 9 Pro XL နှင့် Pixel 9 Pro Fold ဟု ဖုန်းမော်ဒယ်သစ်လေးမျိုးကို ပြသခဲ့သည်။ ယခင်နှစ်များက ရိုးရိုးမော်ဒယ်နှင့် ပရိုမော်ဒယ် နှစ်မျိုးကိုသာ ပြသသော်လည်း ယခုနှစ်တွင် အရွယ်အစားပိုကြီးသည့် Pro XL နှင့် ဂူဂဲလ်၏ ပထမဆုံးခေါက်ဖုန်းဖြစ်သော Pro Fold တို့ကိုပါ ပြသခဲ့ခြင်းဖြစ်သည်။ အဆိုပါ ဖုန်းမော်ဒယ် လေးမျိုးအနက် Pixel 9၊ Pixel 9 Pro၊ Pixel 9 Pro XL မော်ဒယ်များ၏ အဓိကအချက်များကို နှိုင်းယှဉ်ဖော်ပြလိုက်ပါသည်။

| | Pixel 9 | Pixel 9 Pro | Pixel 9 Pro XL |
|---|---|---|---|
| မျက်နှာပြင်အကျယ် | ၆ ဒသမ ၃ လက်မ | ၆ ဒသမ ၃ လက်မ | ၆ ဒသမ ၈ လက်မ |
| မျက်နှာပြင်အမျိုးအစား | OLED | LTPO* OLED | LTPO* OLED |
| Resolution | 1080 x 2424 pixels | 1280 x 2856 pixels | 1344 x 2992 pixels |
| အန်းဒရွိုက်ဗားရှင်း | Android 14 | Android 14 | Android 14 |
| | (Android 15 အပ်ဒိတ် အပါအဝင် အပ်ဒိတ်များကို ခုနစ်နှစ်အထိ ရရှိမည်။) | | |
| Chipest | Google Tensor G4 | | |
| CPU | Octa-core (Cortex-X4, Cortex-A720 & A520) | | |
| RAM & Memory | 12/128, 12/256 | 16/128, 16/ 256, 16/512, 16/1TB | |
| ပင်မကင်မရာ | 50MP+48MP | 50MP+48MP+48MP (5x optical zoom) | |
| ဆယ်လ်ဖီကင်မရာ | 10.5 MP | 42 MP | 42 MP |
| ဘက်ထရီ | Li-Ion 4700 mAh | Li-Ion 4700 mAh | Li-Ion 5060 mAh |
| အားသွင်းစနစ် | 27W အမြန်အားသွင်းစနစ်<br>15W ကြိုးမဲ့အားသွင်းစနစ် | 27W အမြန်အားသွင်းစနစ်<br>21W ကြိုးမဲ့အားသွင်းစနစ် | 37W အမြန်အားသွင်းစနစ်<br>23W ကြိုးမဲ့အားသွင်းစနစ် |
| ဈေးနှုန်း(ကန်ဒေါ်လာ) | ၇၉၉ | ၉၉၉ | ၁၀၉၉ |

ဂူဂဲလ်၏ Pixel ဖုန်းများတွင် အသုံးပြုထားသော UI သည် Pixel UI ဖြစ်ပြီး အခြားအန်းဒရွိုက်စနစ်သုံးဖုန်းများတွင် သုံးထားသော UI များထက်ပို၍ မူလအန်းဒရွိုက်စနစ် (Pure android)နှင့် ပိုမိုနီးစပ်သည့်အပြင် Pixel ဖုန်းများသည် အန်းဒရွိုက်အပ်ဒိတ်များကို အခြားဖုန်းများထက်ပို၍ အစောဆုံးရရှိတတ်ခြင်းကြောင့် မြန်မာနိုင်ငံအပါအဝင် ကမ္ဘာတစ်ဝန်းမှ နည်းပညာကိုစိတ်ဝင်စားသူများ အသုံးများကြသည့် ဖုန်းအမှတ်တံဆိပ်ဖြစ်သည်။

**ကိုစိုး**

# Realme က ငါးမိနစ်ခန့်အတွင်း ဖုန်းအားအပြည့်သွင်းနိုင်သည့် Supersonic Charge နည်းပညာကိုပြသ

မိုဘိုင်းဖုန်းများ၏ အလယ်အလတ်စား ဘက်ထရီပမာဏဖြစ်သော 4400mAh ခန့်ကို အချိန် ငါးမိနစ်ခန့်အတွင်း ရာနှုန်းပြည့် အားသွင်းနိုင်မည့် 320W အမြန်နှုန်း Supersonic Charge နည်းပညာကို တရုတ်နိုင်ငံအခြေစိုက် စမတ်ဖုန်းကုမ္ပဏီဖြစ်သည့် Realme က ဩဂုတ် ၁၄ ရက်တွင် စတင်မိတ်ဆက်ပြသလိုက်ရာ ဖုန်းကုမ္ပဏီများ၏ အမြန်အားသွင်းစနစ်ပြိုင်ဆိုင်မှုတွင် ဦးဆောင်သူ ဖြစ်လာခဲ့သည်။

တရုတ်နိုင်ငံ၌ ပြုလုပ်ခဲ့သည့် Realme Tech Show နည်းပညာပြပွဲတွင် 4420mAh ပမာဏရှိသော ဘက်ထရီတစ်လုံးကို လေးမိနစ်နှင့် ၃၀ စက္ကန့်အတွင်း အပြည့်အဝအားသွင်းနိုင်သည့် အဆိုပါ Supersonic Charge နည်းပညာကို Realme က ပြသခဲ့ခြင်းဖြစ်သည်။ ယင်းနည်းပညာသည် Realme က ယမန်နှစ်ကပြသခဲ့သော Pocket Cannon ဟုခေါ်သည့် 240W အားသွင်းကိရိယာ(Adaptor)၏ ပါဝါအထွက်ကို အဆင့်မြှင့်တင်ထားခြင်းဖြစ်ကြောင်း သိရသည်။

Realme Tech Show နည်းပညာပြပွဲတွင် အခြားဆန်းသစ်တီထွင်မှုတစ်ခုအဖြစ် ဆဲလ်လေးခုပါရှိသော 4420mAh ဘက်ထရီကိုလည်း မိတ်ဆက်ခဲ့ပြီး အဆိုပါဘက်ထရီအသစ်သည် ဆဲလ်လေးခုစလုံးကို တစ်ပြိုင်တည်း အားသွင်းနိုင်သည့်အပြင် ဖုန်းများအတွင်း၌လည်း ဘက်ထရီကိုခေါက်၍ ထည့်သွင်းထားနိုင်မည်ဖြစ်ကြောင်း သိရသည်။

ယခု Realme က ပြသသည့် 320W အမြန်နှုန်း အားသွင်းစနစ်သည် နည်းပညာကိုသာ ပြသခြင်းဖြစ်ပြီး လက်ရှိအချိန်အထိ မည်သည့်ဖုန်းများတွင်မှ အဆိုပါ 320W အားသွင်းစနစ်ကို ထည့်သွင်းပေးထားခြင်းမရှိသေးကြောင်း သိရသည်။

**ကျော်ဇင်ဦး၊ ကိုးကား - The verge**



# အူရီဒူးက မြန်မာနိုင်ငံတွင် ဝန်ဆောင်မှုပေးသည့် ၁၀ နှစ်ပြည့် အထိမ်းအမှတ်အဖြစ် ဆေးရုံကြီး ၁၀ ခုသို့ လှူဒါန်း

**ရန်ကုန် ဩဂုတ် ၁၈**

အူရီဒူးမြန်မာက မြန်မာနိုင်ငံတွင် ဆက်သွယ်ရေးဝန်ဆောင်မှုများ ပေးအပ်ခြင်း ၁၀ နှစ်ပြည့်မြောက်သည့် အထိမ်းအမှတ်အဖြစ်




နှစ်ပတ်လည်နေ့ဖြစ်သော ဩဂုတ် ၁၆ ရက်တွင် ရန်ကုန်နှင့် မန္တလေးမြို့ရှိ ပြည်သူ့ဆေးရုံကြီး ၁၀ ခုသို့ ကျပ်သိန်း ၃၀၀ တန်ဖိုးရှိ ဆေးဝါးနှင့် ဆေးပစ္စည်းများ သွားရောက်လှူဒါန်းခဲ့ကြောင်း သိရသည်။

အူရီဒူးမြန်မာအနေဖြင့် ၂၀၁၄ ခုနှစ်တွင် လုပ်ငန်းစတင်ဆောင်ရွက်စဉ်ကတည်းက ယနေ့အထိ လူမှုအသိုင်းအဝိုင်းများကို အကျိုးပြုနိုင်ရန်အတွက် ပညာရေးနှင့် ကျန်းမာရေးကဏ္ဍများကို ပံ့ပိုးပေးလျက်ရှိကြောင်း၊ ၁၀ နှစ်ပြည့် နှစ်ပတ်လည်နေ့တွင်လည်း အများပြည်သူအတွက် ကျန်းမာရေးစောင့်ရှောက်မှုများပေးအပ်နိုင်ရန် အူရီဒူးမြန်မာက ရန်ကုန်နှင့်မန္တလေးရှိ ပြည်သူ့ဆေးရုံကြီး ၁၀ ခုသို့ ကျပ်သိန်း ၃၀၀ တန်ဖိုးရှိ ဆေးဝါးနှင့်ဆေးပစ္စည်းများ လှူဒါန်းခဲ့ကြောင်း၊ ထို့ပြင် အူရီဒူး ၁၀ နှစ်ပြည့် အမှတ်တရအနေဖြင့် ဝန်ထမ်းများစုပေါင်းပြီး ဗဟိုအမျိုးသမီးဆေးရုံ၌ ထိုနေ့က မွေးဖွားသော ကလေးငယ် ၁၀ ဦးအတွက် အမှတ်တရလက်ဆောင်များ ပေးအပ်ခဲ့ကြောင်း အူရီဒူးမြန်မာက ထုတ်ပြန်ထားသည်။

အူရီဒူးမြန်မာက ဆေးဝါးနှင့် ဆေးပစ္စည်းများ လှူဒါန်းခဲ့သည့် ဆေးရုံများမှာ ရန်ကုန်ပြည်သူ့ဆေးရုံကြီး၊ ရန်ကုန်အရှေ့ပိုင်း (ဂန္တီ) ပြည်သူ့ဆေးရုံကြီး၊ ရန်ကုန်အနောက်ပိုင်းဆေးရုံ၊ သင်္ဃန်းကျွန်းစံပြဆေးရုံ၊ ရန်ကုန်အထွေထွေရောဂါကုဆေးရုံ၊ ရန်ကုန်ဗဟိုအမျိုးသမီးဆေးရုံ၊ ရန်ကုန်ကလေးဆေးရုံကြီး (ဟယ်လ်ပင်)၊ ရန်ကင်းကလေးဆေးရုံကြီး၊ မန္တလေးပြည်သူ့ဆေးရုံကြီးနှင့် တီဘီရောဂါအထူးကုဆေးရုံကြီး(မန္တလေး)တို့ဖြစ်ကြောင်း သိရသည်။

**ကျော်ဇင်ဦး**

# တရားမဝင် သစ်မျိုးစုံ၊ ကျောက်စိမ်းများ၊ ဓာတုပစ္စည်းများ၊ စားသောက်ကုန်ပစ္စည်းများ၊ နိုင်ငံခြားငွေကြေးများ၊ မော်တော်ဆိုင်ကယ်နှင့် မော်တော်ယာဉ်များ ဖမ်းဆီးရမိ

**နေပြည်တော် ဩဂုတ် ၁၈**

တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင်ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာ တားဆီးအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိရာ ဩဂုတ် ၁၆ ရက်တွင် အကောက်ခွန်ဦးစီးဌာန၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ရာတွင် ရန်ကုန်လေဆိပ် (ကုန်လှောင်ရုံ)၌ ခရီးသည်တစ်ဦး၏ ဝန်စည်များအတွင်းမှ တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် ကျောက်စိမ်းဟုယူဆရသော လက်ကောက် ၁၂ ကွင်း၊ ကျောက်စိမ်းလည်ဆွဲပုတီး (လတ်) ၁၁ ကုံးအပါအဝင် ကျောက်စိမ်းပစ္စည်း ၁၀ မျိုး စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၅၃၄၂၀၀၀ ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။



ရန်ကုန်လေဆိပ်(ကုန်လှောင်ရုံ)၌ ဖမ်းဆီးရမိမှု။

### ဖမ်းဆီးရမိ

ဩဂုတ် ၁၆ ရက်တွင် ရန်ကုန်တိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ လှည်းကူးမြို့နယ် မင်းကုန်းကားလမ်းအနီး၌ မော်တော်ယာဉ်တစ်စီးပေါ်မှ တရားမဝင်ကျွန်းသစ် ၂ ဒသမ ၀၁၅ တန် (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၇၇၃၂၀၀) နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Mitsubishi Canter တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၅၀၀၀၀၀၀) စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၂၆၇၇၃၂၀၀ ကို ဖမ်းဆီးရမိခဲ့ပြီး သစ်တောဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

### အရေးယူဆောင်ရွက်

ထို့အတူ ဩဂုတ် ၁၆ ရက်တွင် ရှမ်းပြည်နယ်တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ တာချီလိတ်မြို့နယ် မယ်ယန်းပူးပေါင်းစစ်ဆေးရေးဂိတ်၌ တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် Foam Slipper ဖိနပ်အရံ ၂၀၀၀ အပါအဝင် ကုန်ပစ္စည်းသုံးမျိုး စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၁၀၄၀၀၀၀၀ ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် ပဲခူးတိုင်းဒေသကြီးတရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ဩဂုတ် ၁၆ ရက်တွင် ပြည်မြို့ ဆံတော်ရပ်ကွက်ရှိ ဂိုဒေါင်တစ်လုံးအတွင်းမှ တရားဝင်စာရွက်စာတမ်း အထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် ထိုင်းနိုင်ငံထုတ် ဟင်းသီးဟင်းရွက်ဆီ တစ်လီတာပါဘူး၁၁၄၀ အပါအဝင် ကုန်ပစ္စည်းနှစ်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၆၇၃၂၀၀၀)၊ ပြည်မြို့နယ်အတွင်း၌ ပြည်မြို့မှ နတ်တလင်းမြို့သို့ ပို့ဆောင်ရန် ကုန်စည်များတင်ဆောင်နေသည့် မော်တော်ယာဉ်တစ်စီးပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် ထိုင်းနိုင်ငံထုတ် ဟင်းသီးဟင်းရွက်ဆီတစ်လီတာပါဘူး ၁၂၀၀ (ခန့်မှန်းတန်ဖိုးငွေကျပ် ၅၃၃၅၀၀၀)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်ထားသည့် Mitsubishi Canter တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၀၀၀၀၀၀၀) တို့ကို အကောက်ခွန်လုပ်ထုံးလုပ်နည်းများ အရလည်းကောင်း၊ ဩဂုတ် ၁၇ ရက်တွင် ပြည်ခရိုင်အတွင်း၌ တရားမဝင် ကျွန်းသစ် ၀ ဒသမ ၆၁၆ တန်၊ သစ်မာ ၀ ဒသမ ၈၅၅ တန် (ခန့်မှန်းတန်ဖိုးငွေကျပ် ၆၄၁၆၇၂) ကို သစ်တောဥပဒေအရလည်းကောင်း စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၄၂၇၀၈၆၇၂ ကို ဖမ်းဆီးအရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့နောက် ဩဂုတ် ၁၆ ရက်နှင့် ၁၇ ရက်တို့တွင် စစ်ကိုင်းတိုင်းဒေသကြီး တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ စစ်ကိုင်းမြို့ ကံတလူပူးပေါင်းစစ်ဆေးရေးဂိတ်၌ လိုင်စင်မဲ့ Toyota Voxy မော်တော်ယာဉ်တစ်စီးနှင့် Honda Fit မော်တော်ယာဉ်တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၇၀၀၀၀၀၀)နှင့် ခန္တီးမြို့နယ်အတွင်း၌ လိုင်စင်မဲ့ Kenbo 125 မော်တော်ဆိုင်ကယ်တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၀၀၀၀၀)တို့ကို ပို့ကုန်သွင်းကုန်ဥပဒေအရလည်းကောင်း၊ စစ်ကိုင်းမြို့ ရတနာပုံတံတားပူးပေါင်းစစ်ဆေးရေးဂိတ်၌ တရားမဝင်ကန့်သတ်ထားသော ကုန်ပစ္စည်းများဖြစ်သည့် Propio Phendne ဟု ယူဆရသော ဓာတုဆေးရည် လီတာ ၁၀၂၀ (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၀၂၀၀၀၀၀) ကို ဓာတုပစ္စည်းနှင့် ဆက်စပ်အန္တရာယ်တားဆီးကာကွယ်ရေးဥပဒေအရလည်းကောင်း၊ ကလေးမြို့နယ် ဒိုးဝိုင်းချောင်းကျေးရွာ၌ တရားမဝင်နိုင်ငံခြားငွေဖြစ်သည့် အိန္ဒိယနိုင်ငံသုံး ရူပီး ၅၀၀ တန် အရွက် ၈၈၀ (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၉၈၀၀၀၀၀) ကို နိုင်ငံခြားငွေစီမံခန့်ခွဲမှုဥပဒေအရလည်းကောင်း စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၂၃၅၀၀၀၀၀ ကို ဖမ်းဆီးအရေးယူဆောင်ရွက်လျက်ရှိသည်။

### ဖမ်းဆီးရမိမှု စုစုပေါင်း အမှုတွဲ ၁၇ မှု

သို့ဖြစ်ပါ၍ ဩဂုတ် ၁၆ ရက်နှင့် ၁၇ ရက်တို့တွင် ဖမ်းဆီးရမိမှု စုစုပေါင်းမှာ အမှုတွဲ ၁၇ မှု၊ (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၂၀၇၂၃၈၇၂) ဖြစ်ကြောင်း တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီမှ သိရသည်။

**သတင်းစဉ်**

## ရေဘေးအန္တရာယ် ကြိုတင်ပြင်ဆင်ရေးနှင့်စပ်လျဉ်း၍ ပြည်သူသို့ အသိပေးနှိုးဆော်ချက်

၁။ မြန်မာနိုင်ငံ၌ နှစ်စဉ် ဇူလိုင်၊ ဩဂုတ်လများတွင် ရေဘေးအန္တရာယ်နှင့် ကြုံတွေ့ရလေ့ရှိပြီး မိုးရွာသွန်းမှု၊ မြစ်ရေကြီးမှုအခြေအနေများအရ ပုံမှန်ရေကြီးရေလျှံမှုများအပြင် အချိန်တိုအတွင်း မိုးရေချိန် များပြားစွာရွာသွန်းမှုကြောင့် လျှပ်တပြက်ရေကြီးခြင်းများ၊ တောင်ပြို၊ မြေပြိုခြင်းများကိုလည်း ကြုံတွေ့ရနိုင်ပါသည်။

၂။ ယခုနောက်ပိုင်းတွင် ရေဘေးသည် ၂၀၂၃-၂၀၂၄ ဘဏ္ဍာရေးနှစ်တွင် တစ်နိုင်ငံလုံးအတိုင်းအတာအနေဖြင့် ရေဘေးဖြစ်ပွားမှုအကြိမ်ရေ(၁၄၄) ကြိမ် ဖြစ်ပွားခဲ့ပြီး နေအိမ်အဆောက်အဦပေါင်း (၂၇၉)လုံး ထိခိုက်ပျက်စီးခဲ့သည့်အပြင် လူနှင့်တိရစ္ဆာန်သေဆုံး၊ ထိခိုက်/ဒဏ်ရာရရှိမှု များပြားလှသည့် ဘေးအန္တရာယ်တစ်ခု ဖြစ်ပါသည်။

၃။ သို့ဖြစ်ပါ၍ ပြည်သူများအနေဖြင့် ရေဘေးအန္တရာယ်ကြောင့် ထိခိုက်ပျက်စီးဆုံးရှုံးမှုများလျော့နည်းသက်သာစေရန်အတွက် ရေဘေးမဖြစ်ပွားမီ အောက်ပါကြိုတင်ပြင်ဆင်မှုများကို ပူးပေါင်းပါဝင်ဆောင်ရွက်ပေးနိုင်ပါရန် အသိပေးနှိုးဆော်အပ်ပါသည်-

(က) မိမိအိမ်ပတ်ဝန်းကျင်ရှိ ဘေးအန္တရာယ်ဖြစ်နိုင်ခြေများနှင့် အိမ်၏ကြံ့ခိုင်မှုကို စစ်ဆေးပါ၊

(ခ) မိသားစုများအရေးပေါ်ပြောင်းရွှေ့နိုင်ရန် နေရာ၊ လမ်းကြောင်းများနှင့် မိသားစုဆုံရပ်ကို ကြိုတင်သတ်မှတ်ထားပါ၊

(ဂ) ရေစိုပျက်စီးနိုင်သော ပစ္စည်းများကို ခြောက်သွေ့၍ မြင့်သောနေရာတွင် ထားရှိပါ၊

(ဃ) မိမိပတ်ဝန်းကျင်ရှိ မြစ်ချောင်းများ၏ အန္တရာယ်ရှိနိုင်သော ရေကြီးမှု အမြင့်ပေများကို သိရှိမှတ်သားထားပါ၊

(င) သောက်သုံးရေများ ကြိုတင်စုဆောင်းထားပါ၊

(စ) မြေနိမ့်ဒေသ၊ ချိုင့်၊ ရေနုတ်မြောင်းအစရှိသည့် ရေလွှမ်းမိုးပါက အန္တရာယ်ဖြစ်နိုင်သောနေရာများကို မြင်သာသော အမှတ်အသားထားရှိပါ၊

(ဆ) အရေးပေါ်သုံးပစ္စည်းများနှင့် အရေးပေါ်အသက်ကယ်ပစ္စည်းများကို ကြိုတင်ပြင်ဆင်ထားပါ။

၄။ ရေကြီးခြင်း သတိပေးချက်ရလျှင် ပြည်သူများအနေဖြင့် အောက်ပါတို့ကို သတိပြုလိုက်နာဆောင်ရွက်ကြရန် လိုအပ်ပါသည်-

(က) သက်ဆိုင်ရာအစိုးရဌာနမှ ထုတ်ပြန်ကြေညာသော မိုးလေဝသသတင်းများကို စဉ်ဆက်မပြတ် နားထောင်ပြီး အကြံပြုချက်ကို လိုက်နာပါ။ အခြားသူများကိုလည်း မျှဝေပါ၊

(ခ) တောင်ပေါ်ဒေသများ ချောင်းဖျား၊ မြစ်ဖျားများတွင် မိုးကြီးပါက မြစ်ဝှမ်းတစ်လျှောက်တွင် လျှပ်တစ်ပြက်ရေကြီးခြင်းများ ဖြစ်နိုင်ကြောင်းသတိပြုကြပါ၊

(ဂ) အရေးပေါ်သုံးပစ္စည်းများ၊ စားရေရိက္ခာနှင့် အရေးကြီးစာရွက်စာတမ်းများကို မိမိနှင့်အတူထားရှိပါ၊

(ဃ) မိသားစုဝင်များ ကွဲကွာသွားပါက ပြန်လည်ဆက်သွယ်ရန် ဖုန်းနံပါတ်၊ အမည်၊ ရပ်ကွက်၊ ကျေးရွာ၊ မြို့ ဆက်သွယ်ရမည့်သူ စသည်တို့အား ရေးသားပြီး မိသားစုဝင်တိုင်း ယူဆောင်ထားပါ၊

(င) သက်ဆိုင်ရာအစိုးရဌာန၏ ညွှန်ကြားချက်ရရှိပါက ရွေးချယ်ထားသော ဘေးလွတ်ရာနေရာသို့ပြောင်းရွှေ့ခိုလှုံပါ။

၅။ ရေကြီးခြင်း ဖြစ်ပေါ်နေချိန်တွင် ပြည်သူများအနေဖြင့် အောက်ဖော်ပြပါ သတိပြုလိုက်နာရန် အချက်များနှင့် ရှောင်ရှားသင့်သည့်အချက်များအား အသိပေးနှိုးဆော်အပ်ပါသည်-

(က) သက်ဆိုင်ရာအစိုးရဌာနမှ ထုတ်ပြန်ကြေညာသော မိုးလေဝသသတင်းများကို စဉ်ဆက်မပြတ် နားထောင်ပြီး အကြံပြုချက်များကို လိုက်နာပါ၊

(ခ) အိမ်သုံးလျှပ်စစ်ပစ္စည်းများ၊ မိန်းခလုတ်များကို ပိတ်ထားပါ၊

(ဂ) သောက်သုံးရေသန့်(သို့) ကျိုချက်ထားသော ရေ(သို့) ရေသန့်ဆေးခတ်ထားသော ရေကိုသာ အမြဲသောက်သုံးပါ၊

(ဃ) အဆိပ်ရှိသော တိရစ္ဆာန်များ၊ အိမ်၊ ခြံအတွင်း၌ ရှိ မရှိ စစ်ဆေးပါ၊

(င) တိရစ္ဆာန်များကို မလိုအပ်ဘဲ ချည်နှောင်ထားခြင်း မပြုလုပ်ပါနှင့်၊

(စ) ရေကြီးသော ဒေသများတွင် မြစ်၊ ချောင်းကမ်းပါးတိုက်စားပြီး ပြိုကျတတ်သောကြောင့် မြစ်၊ ချောင်းကမ်းပါးများအနီးသို့ မသွားပါနှင့်၊

(ဆ) ရေထဲတွင် ရေကူးခြင်း၊ လမ်းလျှောက်ခြင်းများ မပြုလုပ်ပါနှင့်၊

(ဇ) ရေစိုနေသော လျှပ်စစ်ပစ္စည်းများကို အသုံးမပြုပါနှင့်။

၆။ ရေကြီးခြင်းဖြစ်ပွားပြီးနောက် ပြည်သူများအနေဖြင့် အောက်ဖော်ပြပါအချက်များအား သတိပြုလိုက်နာဆောင်ရွက်ကြပါရန် အသိပေးနှိုးဆော်အပ်ပါသည်-

(က) မိသားစုဝင်များ ပျောက်ဆုံး၊ ကွဲကွာပါက သက်ဆိုင်ရာသို့ အကြောင်းကြားပါ၊

(ခ) အမှိုက်များအား စနစ်တကျရှင်းလင်းခြင်း၊ တိရစ္ဆာန်အသေကောင်များအား စနစ်တကျမီးရှို့ခြင်း(သို့) မြေမြှုပ်ခြင်းများ ပြုလုပ်ပါ၊

(ဂ) အန္တရာယ်ရှိနိုင်သော ဓာတ်ကြိုးများ၊ ဓာတ်တိုင်၊ သစ်ပင်သစ်ကိုင်းများကို သတိပြုရှောင်ရှားပါ။ သက်ဆိုင်ရာသို့ အကြောင်းကြားပြီး ကူညီရှင်းလင်းပါ၊

(ဃ) ရေကြီးခြင်း၏ နောက်ဆက်တွဲအနေဖြင့် ဖြစ်ပေါ်နိုင်သော ဘေးအန္တရာယ်များနှင့် ကူးစက်ရောဂါများကို ဂရုပြုပါ၊

(င) ကယ်ဆယ်ရေးနှင့် အရေးပေါ်ပြန်လည်ထူထောင်ရေး လုပ်ငန်းများတွင် ပူးပေါင်းလုပ်ဆောင်ပါ။

(စ) သက်ဆိုင်ရာအစိုးရဌာနမှ ထုတ်ပြန်ကြေညာခြင်း မဟုတ်သည့် ကောလာဟလ သတင်းများကို မယုံပါနှင့်၊

(ဆ) မသန့်ရှင်းသော ရေအရင်းအမြစ်များကို မသုံးစွဲပါနှင့်၊

(ဇ) ရေစိုပြီး အနံ့အသက်မကောင်းသော အစားအစာများ မစားပါနှင့်၊

(ဈ) ရေထဲတွင် ဖိနပ်မပါဘဲ လမ်းမလျှောက်ပါနှင့်။

၇။ သဘာဝဘေးအန္တရာယ်များနှင့် ပတ်သက်၍ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနတွင် (၂၄)နာရီ ဖွင့်လှစ်ထားရှိသည့် Hot-Line ဖုန်းများဖြစ်သော ၀၆၇-၃၄၀၄၆၆၆၊ ၀၆၇-၃၄၀၄၇၇၇ တို့သို့ ဆက်သွယ်၍ အကူအညီတောင်းခံနိုင်ပါကြောင်း လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနက အသိပေးကြေညာအပ်ပါသည်။

**လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်**
**ပြန်လည်နေရာချထားရေးဝန်ကြီးဌာန**



# ပဋိပက္ခတွေကြောင့် ဘေးလွတ်ရာပြောင်းရွှေ့မှုတွေပြုလုပ်နေရတဲ့ လက်ဘနွန်တောင်ပိုင်းဒေသခံများ

----- နွယ်နီလင်း -----

**လက်ဘနွန်နိုင်ငံသည် အာရှတိုက်၏ အနောက် မြောက်ဘက်၊ မြေထဲပင်လယ်၏ အရှေ့ဘက်ကမ်းခြေတွင်တည်ရှိသည့် သမ္မတနိုင်ငံတစ်ခုဖြစ်ပြီး အကျယ်အဝန်းမှာ ၄၀၁၅ စတုရန်းမိုင်ခန့်ရှိသည်။ လက်ဘနွန်နိုင်ငံတောင်ပိုင်း၌ လူပေါင်း ၁၃၃၆၀၀ နေထိုင်လျက်ရှိရာ ယခုအခါ အစ္စရေးနှင့် အီရန် ကျောထောက်နောက်ခံပြုထားသည့် ဟစ်ဇ်ဘိုလာအကြား ပဋိပက္ခဖြစ်ပွားနေသည့်အတွက် အစ္စရေး၏ တိုက်ခိုက်မှုများကြောင့် ဒေသခံတစ်သိန်းကျော်မှာ ဘေးလွတ်ရာသို့ ပြောင်းရွှေ့လျက်ရှိသည်။**

၂၀၂၃ ခုနှစ် အောက်တိုဘာ ၇ ရက်က ဟားမားစ်တို့က အစ္စရေးကို အလစ်ဝင်ရောက်တိုက်ခိုက်ခဲ့သောကြောင့် လူပေါင်း ၁၂၀၀ သေဆုံးပြီး ၂၀၀ ကျော် ဓားစာခံအဖြစ် ခေါ်ဆောင်ခြင်းခံခဲ့ရသည်။ ယင်းသို့ ဟားမားစ်တို့၏ တိုက်ခိုက်မှုကို လက်ဘနွန်နိုင်ငံရှိ ဟစ်ဇ်ဘိုလာလက်နက်ကိုင်အဖွဲ့က ထောက်ခံခဲ့သည့်အနေဖြင့် ဩဂုတ် ၈ ရက်တွင် အစ္စရေးကို ၎င်းတို့က တိုက်ခိုက်မှုများ ပြုလုပ်ခဲ့သည်။

ယခုအခါတွင်လည်း လက်ဘနွန်နိုင်ငံတောင်ပိုင်းရှိ လူနေအဆောက်အအုံတစ်လုံးကို ဩဂုတ် ၁၇ ရက် အစောပိုင်းက အစ္စရေးက လေကြောင်းတိုက်ခိုက်ရာ လူ ၁၀ ဦး သေဆုံးပြီး စစ်ဘေးရှောင် ဆီးရီးယားနိုင်ငံသား သုံးဦးဒဏ်ရာရရှိခဲ့သည်။ နေအိမ်မှာလည်း ပျက်စီးသွားခဲ့သဖြင့် အရပ်ဘက်ကာကွယ်ရေးအဖွဲ့များနှင့် အစ္စလာမ့်စ်ကျန်းမာရေးအာဏာပိုင်အဖွဲ့များက နေအိမ်အပျက်အစီးများကို ရှင်းလင်းရန် ဘူဒိုဇာများ၊ ကရိန်းများဖြင့် ကယ်ဆယ်ရေးလုပ်ငန်းများ ပြုလုပ်လျက်ရှိသည်။ အခြားဒဏ်ရာရရှိသူများကိုလည်း ဆေးရုံများသို့ ပို့ဆောင်ပေးလျက်ရှိသည်ဟု လက်ဘနွန်စစ်ဘက်ဆိုင်ရာ သတင်းရင်းမြစ်များက ဆိုသည်။

## လက်နက်ကြီးဖြင့်ပစ်ခတ် နေအိမ်အများအပြားပျက်စီး

အစ္စရေးက လက်ဘနွန်နိုင်ငံတောင်ပိုင်းရှိ ကျေးရွာလေးရွာနှင့် မြို့များကို ယင်းနေ့ အရုဏ်တက်ချိန်နှင့် နံနက်ပိုင်းက ဒရုန်းနှင့် စစ်လေယာဉ်များဖြင့် လေကြောင်းတိုက်ခိုက်ခဲ့သည်ဟု စစ်ဘက်ဆိုင်ရာသတင်းရင်းမြစ်များက ဆိုသည်။

လက်ဘနွန်နိုင်ငံတောင်ပိုင်း နယ်စပ်ဒေသ၏ အရှေ့ဘက်၊ အနောက်ဘက်နှင့် အလယ်ပိုင်းရှိ ကျေးရွာ ရှစ်ရွာနှင့် မြို့များကို အစ္စရေးက လက်နက်ကြီး ၃၅ လုံးဖြင့် ပစ်ခတ်ခဲ့ရာ နေအိမ်အများအပြားပျက်စီးခဲ့သည်ဟု သတင်းရင်းမြစ်များက ဆိုသည်။

ပြီးခဲ့သည့် ရက်အနည်းငယ်အတွင်း ဘေရွတ်မြို့တောင်ပိုင်း ဆင်ခြေဖုံးဖြစ်သည့် ဒါဟီကို အစ္စရေး၏ တိုက်ခိုက်မှုကြောင့် ဟစ်ဇ်ဘိုလာအကြီးတန်းအရာရှိတစ်ဦးဖြစ်သူ ဖော့အစ်ရှော့ကာနှင့် အရပ်သား ခုနစ်ဦး သေဆုံးမှုဖြစ်ပွားပြီးနောက် နှစ်ဖက်နောက်ထပ်တင်းမာမှုများ ပိုမိုမြင့်တက်လာခဲ့ခြင်းဖြစ်သည်။ ဟစ်ဇ်ဘိုလာ အထွေထွေအတွင်းရေးမှူးချုပ် ဟက်ဆန်နာစရယ်လာကလည်း အစ္စရေး၏ တိုက်ခိုက်မှုအပေါ် သင့်လျော်သည့်အချိန်နှင့် နေရာတို့၌ ပြန်လည်လက်တုံ့ပြန်မည်ဟု ခြိမ်းခြောက်ပြောကြားသည်။ ဟစ်ဇ်ဘိုလာအဖွဲ့ကလည်း အရပ်သား ၁၀ ဦး သေဆုံးခဲ့သည့် အစ္စရေး၏ တိုက်ခိုက်မှုကို လက်တုံ့ပြန်သည့်အနေဖြင့် အစ္စရေးနိုင်ငံမြောက်ပိုင်းသို့ ကက်ယူရှာ ဒုံးကျည်များဖြင့် ဩဂုတ် ၁၇ ရက်က ပစ်ခတ်တိုက်ခိုက်ခဲ့သည်ဟု စစ်ဘက်ဆိုင်ရာအဖွဲ့က ဆိုသည်။

လက်ဘနွန်နိုင်ငံမှ အစ္စရေးနိုင်ငံမြောက်ပိုင်းသို့ ပစ်လွှတ်သည့် ဒရုန်းများနှင့် ဒုံးကျည်အချို့ကို အစ္စရေး Iron Dome ဒုံးကျည်များက ကြားဖြတ်တားဆီးခဲ့ပြီး အချို့မှာ လက်ဘနွန်တောင်ပိုင်း နယ်စပ်ဒေသလေပိုင်နက်တွင် ပေါက်ကွဲခဲ့သည်ဟု လက်ဘနွန်စစ်ဘက်ဆိုင်ရာ သတင်းရင်းမြစ်များက ဆိုသည်။

"ပုံမှန်ဖောက်သည်တွေကို ရောင်းချဖို့အတွက် သလဲပြုလုပ်ရန် ခရမ်းချဉ်သီးအရေအတွက် အများအပြားကို ရေဆေးခြင်း၊ ညှစ်ခြင်းနဲ့ ကျိုချက်ခြင်း အလုပ်တွေ လုပ်ကိုင်ပါတယ်" ဟု လက်ဘနွန်နိုင်ငံ နယ်စပ်ကျေးရွာတစ်ရွာမှ နာဘာတီမြို့တောင်ပိုင်းကို နေရပ်စွန့်ခွာလာတဲ့ အသက် ၆၀ အရွယ် အမျိုးသမီး ဆာဘက်အခ်ီက ဆိုသည်။

"အိမ်လုပ်အစားအစာ အမျိုးအစားပေါင်း ၂၅ မျိုးကျော်ကို ရောင်းချခဲ့တာ အခုဆို နှစ် ၂၀ ရှိပါပြီ။ အဲဒီလုပ်ငန်းကနေ မိသားစုအတွက် နှစ်လိုဖွယ်ကောင်းတဲ့ဝင်ငွေနဲ့ ဆင်းရဲနွမ်းပါးမှုကနေ ကာကွယ်ပေးပါတယ်" လို့ ၎င်းက ဆိုပါတယ်။

"ဒါပေမယ့် ၂၀၂၃ ခုနှစ် အောက်တိုဘာလမှစကာ လက်ဘနွန်နိုင်ငံတောင်ပိုင်းမှာ လက်ဘနွန်လက်နက်ကိုင်အဖွဲ့ ဟစ်ဇ်ဘိုလာနဲ့ အစ္စရေးတို့အကြား ဖြစ်ပွားနေတဲ့ပဋိပက္ခတွေကြောင့် အသက်မွေးဝမ်းကျောင်းအရင်းအမြစ်ကို ဆုံးရှုံးစေတယ်။ စစ်ပွဲရဲ့ အကျိုးဆက်ကြောင့် နေအိမ်၊ အစားအစာပြုလုပ်ရာမှာအသုံးပြုတဲ့ စက်ပစ္စည်းတွေ၊ ဟင်းသီးဟင်းရွက်နဲ့ အသီးအနှံတွေမျိုးစုံစိုက်ပျိုးထွက်ရှိတဲ့ စိုက်ခင်းလည်း မီးလောင်ပျက်စီးသွားတဲ့အတွက် အခုအခါမှာ အစားအစာသုံးမျိုးပဲ ပြုလုပ်နိုင်ပါတယ်။

အိမ်လုပ်အစားအစာဆိုတာ ဒေသတွင်းသီးနှံများအပေါ်များစွာ မှီခိုနေရတဲ့အတွက် လက်ဘနွန်နိုင်ငံတောင်ပိုင်းကို အစ္စရေးရဲ့ လေကြောင်းတိုက်ခိုက်မှုနဲ့ လက်နက်ကြီး၊ အမြောက်တွေနဲ့ ပစ်ခတ်မှုတွေကြောင့် သံလွင်ပင်၊ သီးပင်စားပင်၊ စပျစ်ပင်၊ မွေးမြူရေးတိရစ္ဆာန်တွေ အပါအဝင် လယ်ယာမြေတွေကို ဆိုးရွားစွာ ပျက်စီးစေပါတယ်" ဟု ၎င်းက ဆက်ပြောသည်။

ထို့ပြင် လက်ဘနွန်နိုင်ငံတောင်ပိုင်း၌ ဆက်လက်ဖြစ်ပွားနေသည့် အစ္စရေး- ဟစ်ဇ်ဘိုလာ ပဋိပက္ခကြောင့် ရေနှင့် လျှပ်စစ်ဓာတ်အား အကျပ်အတည်းကိုလည်း ပိုမိုဆိုးရွားလာစေသည်။

## လူသားချင်းစာနာမှုဆိုင်ရာ ကပ်ဘေးတစ်ခုဖြစ်လာ

အဆိုပါ ပဋိပက္ခကြောင့် လူသားချင်းစာနာမှုဆိုင်ရာကပ်ဘေးတစ်ခု ဖြစ်လာခဲ့သည်။ ယင်းသို့ နေရာပြောင်းရွှေ့ရခြင်းမှာ ပိုမိုဆိုးရွားလာသည့် လက်ဘနွန်စီးပွားရေး အကျပ်အတည်းဖြစ်ပေါ်နေချိန် ဒေသခံအိမ်ရှင်မများ၏ ဝင်ငွေမှာ သိသိသာသာ လျော့ကျလာခဲ့သည်ဟု သိရသည်။

ဟစ်ဇ်ဘိုလာနှင့် အစ္စရေးတို့အကြား ပဋိပက္ခကြောင့် တင်းမာမှုများတိုးလာနိုင်သည့်အတွက် လက်ဘနွန်နိုင်ငံ၌ နေထိုင်သည့် ဖိလစ်ပိုင်နိုင်ငံသားများကို လက်ဘနွန်နိုင်ငံမှ အမြန်ဆုံးထွက်ခွာရန် ဩဂုတ် ၁၆ ရက်က လက်ဘနွန်ရှိ ဖိလစ်ပိုင်သံရုံးက လူမှုကွန်ရက်မီဒီယာတွင် အကြံပြုထားသည်။

"ဖိလစ်ပိုင်နိုင်ငံသားအားလုံး ၎င်းတို့ရဲ့ ဘေးကင်းရေးကို ဦးစားပေးပြီး လက်ဘနွန်နိုင်ငံကနေ အမြန်ဆုံးထွက်ခွာဖို့ အကြံပြုပါတယ်" ဟု သံရုံးက အကြံပေးထားသည်။ လက်ဘနွန်နိုင်ငံ၌ ဖိလစ်ပိုင်နိုင်ငံသား ၁၇၅၀၀ ခန့်ရှိပြီး ၃၀၀၀ မှာ လက်ဘနွန်တောင်ပိုင်း၌ နေထိုင်ကြသည်။

ဟစ်ဇ်ဘိုလာအဖွဲ့သည် အစ္စရေး-ဟားမားစ် အပစ်အခတ်ရပ်စဲသည့်အချိန်အထိ ၎င်းတို့၏ တိုက်ခိုက်မှုများ ပြုလုပ်သွားမည်ဟု ပြောကြားသည်။

**ကိုးကား- ဆင်ဟွာ**

❑ **လက်ဘနွန်နိုင်ငံတောင်ပိုင်းမှာ လက်ဘနွန်လက်နက်ကိုင်အဖွဲ့ ဟစ်ဇ်ဘိုလာနဲ့ အစ္စရေးတို့အကြား ဖြစ်ပွားနေတဲ့ ပဋိပက္ခတွေကြောင့် အသက်မွေးဝမ်းကျောင်း အရင်းအမြစ်ကို ဆုံးရှုံးစေတယ်။ စစ်ပွဲရဲ့ အကျိုးဆက်ကြောင့် နေအိမ်၊ အစားအစာပြုလုပ်ရာမှာအသုံးပြုတဲ့ စက်ပစ္စည်းတွေ၊ ဟင်းသီးဟင်းရွက်နဲ့ အသီးအနှံတွေ မျိုးစုံစိုက်ပျိုးထွက်ရှိတဲ့ စိုက်ခင်းလည်း မီးလောင်ပျက်စီး**

နိုင်ငံ တစ်ဝန်း စိမ်းလန်းဖို့ သစ်ပင် စိုက်ပျိုး ထိန်းသိမ်းစို့

## ကြော်ငြာစာ

မန္တလေးမြို့၊ အောင်မြေသာစံမြို့နယ်၊ အောင်မြေသာစံရပ်ကွက်၊ အကွက်အမှတ် ၁၁၅၊ ဦးပိုင်အမှတ် (၁၀၅.စ)၊ ၈၆(F)လမ်း၊ ၂၁x၂၂ လမ်းကြားရှိ ဘိုးဘမြေကွက်အမည်ပေါက်သူ ဒေါ်ချိုချိုဝင်းထံမှ မှတ်ပုံတင်အရောင်းအဝယ်စာချုပ်အမှတ် (၁၄၆၂/၂၀၂၄)ဖြင့် ဝယ်ယူခဲ့သူ ဒေါ်မီမီကြွယ် ၉/အမဇ(နိုင်)၀၀၁၃၀၆က အမှုတွဲအမှတ် ၀၃၆၉(ဘပြောင်း)/၂၀၂၄-၂၀၂၅)ဖြင့် ဘိုးဘ/အမည်ပြောင်း လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ အောင်မြေသာစံမြို့နယ်၊ ညောင်ကွဲရပ်ကွက်၊ အကွက်အမှတ် ၄၁၅-မ/၄၊ ဦးပိုင်အမှတ်(၆/ခဲစင်း)၊ ၈လမ်း၊ မြို့ပတ်လမ်းကြား၊ ဥယျာဉ်ကုန်းလမ်းနှင့် မြို့ပတ်ကမ်းနားလမ်းကြားရှိ ဂရန်မြေကွက် အမည်ပေါက်သူ ဒေါ်နန်းရွှေညွန့် ၁၃/နခန(နိုင်)၀၀၅၁၀၇က အမှုတွဲအမှတ်(၂၈၇၅/၂၀၂၄-၂၀၂၅)ဖြင့် သက်တမ်းတိုး/ ဦးပိုင်ခွဲလျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

# ငါးမွေးမြူရေးကန်များ ရေကြီးနစ်မြုပ်မှုမှ ကြိုတင်ကာကွယ်ရေး သတိပေးနှိုးဆော်ချက်

နိုင်ငံတော်စားနပ်ရိက္ခာဖူလုံရေးနှင့် ပြည်ပတင်ပို့ခြင်းဖြင့် နိုင်ငံခြားဝင်ငွေရရှိရေးအတွက် နိုင်ငံအနှံ့အပြားတွင် ငါးမွေးမြူရေးကန်များဖြင့် မွေးမြူဆောင်ရွက်လျက်ရှိရာ မိုးအလွန်အကျွံရွာသွန်းခြင်းနှင့် မြစ်ရေကြီးခြင်းများကြောင့် ငါးမွေးမြူရေးကန်များ ရေကြီးနစ်မြုပ်ခြင်းမှ ကြိုတင်ကာကွယ်ရန်နှင့် ဆုံးရှုံးမှုလျော့နည်းစေရေးအတွက် အောက်ဖော်ပြပါအချက်များကို ငါးပုစွန်မွေးမြူရေးကန်များ၌ လိုက်နာဆောင်ရွက်ကြပါရန် သတိပေးနှိုးဆော်အပ်ပါသည် -

- ➢ ငါးမွေးမြူရေးကန်များ၏ ကန်ပေါင်များခိုင်ခံ့ရန်အတွက် ကန်ပေါင်ပါးသောနိမ့်သောနေရာများတွင် သဲအိတ်များဖို့၍ ကန်ပေါင်ခိုင်ခံ့အောင် ပြုလုပ်ထားပါရန်၊
- ➢ အကယ်၍ ရေကြီးရေလျှံလာပါက ငါးများလွတ်ထွက်မှုမရှိစေရေးအတွက် ဇာပြာပိုက်များဖြင့် ကာရံထားပါရန်၊
- ➢ ရေစီးကြောင်းနှင့်နီးသောငါးကန်များတွင် ရေတိုက်စားမှုကာကွယ်ရန်အတွက် တုတ်ရိုက်ပြီး ဝါးထရံများဖြင့် ကာရံ၍ သဲအိတ်များဖို့ထားပါရန်၊
- ➢ လိုအပ်ပါက ငါးများရွှေ့ပြောင်းနိုင်ရန်အတွက် ငါးဖမ်းပိုက်များ၊ စက်လှေများနှင့် စက်ပစ္စည်းများအား ကြိုတင်ပြင်ဆင်ထားပါရန်နှင့် အထူးသဖြင့် မျိုးငါးကြီးများအား ဦးစားပေးရွှေ့ပြောင်းထားပါရန်၊
- ➢ သိုလှောင်ထားသော ငါးအစာနှင့်လုပ်ငန်းသုံးပစ္စည်းများအား ရေလွတ်သောနေရာသို့ ရွှေ့ပြောင်းထားပါရန်၊
- ➢ ပုံမှန်အစာကျွေးခြင်းဖြင့် ငါးများလွတ်ထွက်မသွားစေရေး ဆောင်ရွက်ထားပါရန်၊
- ➢ မွေးမြူရေးကန်၏ ရေထွက်/ရေလျှံပေါက်များ၊ ရေကျော်မည့်နေရာများအား အစဉ်ဂရုတစိုက် စစ်ဆေးနေပါရန်၊
- ➢ ထူးခြားသည့်အခြေအနေများ အချိန်နှင့်တစ်ပြေးညီ သိရှိနိုင်ရန်အတွက် ဆက်သွယ်သတင်းပို့နိုင်မည့် နည်းလမ်းများ ကြိုတင်ပြင်ဆင်ထားပါရန်၊
- ➢ နိုင်ငံပိုင်ရေဒီယို၊ အသံလွှင့်ဌာနများမှ ထုတ်လွှင့်လျက်ရှိသော အရေးပေါ်မိုးလေဝသသတိပေးချက်များနှင့် ပတ်သက်သည့်သတင်းများကို အမြဲဂရုတစိုက်နားထောင်ပါရန်နှင့် ပြည်တွင်းထုတ်နေ့စဉ်သတင်းစာများတွင်ပါရှိသည့် မိုးလေဝသနှင့်ပတ်သက်သည့်သတင်း၊ ဆောင်းပါးများအား အမြဲမပြတ် ဖတ်ရှုသတိပြုပြီး ငါးမွေးမြူသူအချင်းချင်း သတင်းအချက်အလက်ဖလှယ်ကြပါရန်၊
- ➢ ရေကြီးနစ်မြုပ်မှုအတွက် အရေးပေါ်အခြေအနေများဖြစ်ပေါ်ပါက နီးစပ်ရာ ငါးလုပ်ငန်းဦးစီးဌာနများနှင့် ဆက်သွယ်အကူအညီတောင်းခံကြပါရန်။

**စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန**
**ငါးလုပ်ငန်းဦးစီးဌာန**

## ကြော်ငြာစာ
## (အမွေဆက်ခံခြင်းအက်ဥပဒေပုဒ်မ- ၂၈၃)
## ကျောက်ဆည်ခရိုင်တရားရုံးတော်
## ၂၀၂၄ခုနှစ်၊ တရားမအထွေထွေမှုအမှတ်-၄၇
## ကွယ်လွန်သူ ဦးကျော်အေး၏ ကျန်ရစ်သောပစ္စည်းများနှင့် စပ်လျဉ်းသည့်အမှု

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်ခရိုင်၊ ကျောက်ဆည်မြို့၊ ကြက်မင်းတွန်ရပ်ကွက်တွင် နေထိုင်ခဲ့သော ကွယ်လွန်သူ ဦးကျော်အေး၏ ကျန်ရစ်သော ပစ္စည်းအပေါ်၌ အမွေထိန်းလက်မှတ်ထုတ်ပေးပါမည့်အကြောင်းနှင့် ဒေါ်မြင့်မြင့်မော်က အမွေဆက်ခံခြင်းအက်ဥပဒေအရ လျှောက်ထားသဖြင့် ဤအမှုကို ၂၀၂၄ခုနှစ်၊ ဩဂုတ်လ ၂၉ရက်(၁၃၈၆ခုနှစ်၊ ဝါခေါင်လဆုတ် ၁၀ ရက်)၌တွင် ဆိုင်ဆိုကြားနာရန် ချိန်းဆိုထားသည်ဖြစ်သောကြောင့် ထိုကွယ်လွန်သူ ဦးကျော်အေး၏ ကျန်ရစ်သောပစ္စည်းတွင် အကျိုးစီးပွားသက်ဆိုင်သည် အဆိုရှိသူတို့အား အဆိုပါအမှုတွင် ၎င်းတို့(လာရောက်ဆိုင်ဆိုရန် သင့်လျော်မည်ဟု ထင်မြင်လျှင်) ၂၀၂၄ ခုနှစ်၊ ဩဂုတ်လ ၂၉ရက် (၁၃၈၆ခုနှစ်၊ ဝါခေါင်လဆုတ် ၁၀ ရက်) မိမိတို့ကိုယ်တိုင်သော်လည်းကောင်း၊ ကိုယ်စားလှယ်တစ်ဦးဦးအားဖြင့်သော်လည်းကောင်း လာရောက်ဆိုင်ဆိုရန် နှင့်အမွေထိန်းလက်မှတ် မထုတ်ပေးမီ မှတ်တမ်းများကို ကြည့်ရှုရန် အမွေဆက်ခံခြင်း အက်ဥပဒေပုဒ်မ ၂၈၃နှင့်အညီ ဆင့်ဆိုလိုက်သည်။ လာရောက်ခြင်းမရှိ ပျက်ကွက်ခဲ့လျှင် ရုံးတော်က ဒေါ်မြင့်မြင့်မော်၏ လျှောက်လွှာအပေါ်၌ စစ်ဆေးဆောင်ရွက်ပြီးလျှင် ၎င်းအမှုအကြောင်းအရာတွင် စီရင်ချက်ချမှတ်လိမ့်မည် ဖြစ်သည်။

၂၀၂၄ခုနှစ်၊ ဩဂုတ်လ ၁၅ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ် ရေးထိုးထုတ်ပေးလိုက်သည်။

**(ခင်သီတာထွန်း)**
**ခရိုင်တရားသူကြီး**
**ကျောက်ဆည်ခရိုင်တရားရုံး**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ ၄၁/တိုးချဲ့ရပ်ကွက်၊ တော်ဝင်အိမ်ရာ၊ ဗဟိုလမ်း၊ အဆောက်အအုံ တိုက်အမှတ်(၇)၊ အခန်းအမှတ်(၉)၊ ပထမထပ်၊ အလျား(၂၀)ပေxအနံ(၂၀)ပေအကျယ်အဝန်းရှိ တိုက်ခန်းနှင့် ယင်းအခန်းအတွင်းရှိ ရေမီးအစုံ အကျိုးခံစားခွင့်အရပ်ရပ်တို့ကိုရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၏ တိုက်ခန်းပိုင်ဆိုင်မှု မှတ်ပုံတင်စာချုပ်တွင် အမည်ပေါက်ပိုင်ဆိုင်သူ ဦးခင်မောင်စိုးနှင့် ဒေါ်အေးအေးစီတို့ အသီးသီးကွယ်လွန်သွားသဖြင့် ၎င်းတို့၏အမွေဆက်ခံသားသမီးများဖြစ်ကြသည့် ဦးဇေထက် ၇/ပမန(နိုင်)၁၂၃၁၉၅နှင့် ဒေါ်စိုးသူဇာ ၇/ပမန(နိုင်) ၀၉၁၈၁၃တို့မှ ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုသည့်အတွက် အပြီးအပိုင်ဝယ်ယူရန် ကျွန်ုပ်၏မိတ်ဆွေမှ စရန်ငွေပေးချေထားပြီး ဖြစ်ပါသည်။ အထက်ဖော်ပြပါ တိုက်ခန်းအား အရောင်းအဝယ်ပြုလုပ်ခြင်းကို ကန့်ကွက်လိုပါက ဤကြေညာပါသည့်ရက်မှ(၇)ရက်အတွင်း ခိုင်လုံသောပိုင်ဆိုင်မှုစာရွက်စာတမ်းအထောက်အထားမူရင်းများ ယူဆောင်လာပြီး ကျွန်ုပ်ထံသို့လာရောက် ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်းကန့်ကွက်ခြင်းမရှိပါက အရောင်းအဝယ် ပြုလုပ်ခြင်းကို ဥပဒေနှင့်အညီ ပြီးဆုံးတိုင်အောင်ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိရှိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**

| | | |
|---|---|---|
| **ဒေါ်နန်းယုယုအောင်** | **ဒေါ်ပြည့်ပြည့်ဖြိုးအောင်** | **ဒေါ်ခိုင်ဇင်ဝင်း** |
| **(LL.B, D.B.L, D.I.L)** | **(LL.B)** | **(LL.B)** |
| **အထက်တန်းရှေ့နေ** | **အထက်တန်းရှေ့နေ** | **အထက်တန်းရှေ့နေ** |
| **(စဉ်-၄၈၉၆၅)** | **(စဉ်-၅၆၁၃၄)** | **(စဉ်-၅၆၂၁၉)** |

**တိုက်အမှတ်(N-1)၊ အခန်းအမှတ် (၃၀၃)၊ လေးထောင့်ကန်လမ်းမကြီး၊ တာမွေမြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း-၀၉-၇၇၇၂၂၀၀၄၀၊ ၀၉-၂၆၁၄၈၀၀၅၉**

## ဖခင်အမည်မှန်

မကွေးတိုင်းဒေသကြီး၊ မြို့သစ်မြို့ အထက(၂) Grade-12 တွင် ပညာသင်ယူနေသော မောင်မင်းခန့်ကျော်၏ ဖခင်အမည်မှန်မှာ ၈/မသန(နိုင်)၀၇၃၀၄၆ ကိုင်ဆောင်သူ ဦးပြည့်စုံဖြစ်ပါကြောင်း။

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 69W/24724, Honda Wave-100,M/C ယာဉ်လက်ဝယ်ရှိသူ ဦးရဲဝင်းစိုး ၃/ဘအန(နိုင်)၁၆၇၁၀၉ က(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက် အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ပြည်နယ်ရုံး(ဘားအံမြို့)**

## ကြော်ငြာစာ

မန္တလေးမြို့၊ အောင်မြေသာစံမြို့နယ်၊ ညောင်ကွဲရပ်ကွက်၊ အကွက်အမှတ် ၄၁၅-မ/၄၊ ဦးပိုင်အမှတ်(၅)၊ ၈လမ်းနှင့်မြို့ပတ်လမ်းကြား၊ ဥယျာဉ်ကုန်းလမ်းနှင့်မြို့ပတ်ကမ်းနားလမ်းကြားရှိ ဂရန်မြေကွက်အမည်ပေါက်သူ ဒေါ်နန်းရွှေကြည် ၁၃/နခန(နိုင်) ၀၀၅၁၀၉က အမှုတွဲအမှတ်(၂၈၇၄/၂၀၂၄-၂၀၂၅)ဖြင့် သက်တမ်းတိုး လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီ**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 52W/74355, Yunde 110 ယာဉ်လက်ဝယ်ရှိသူ Yatanar Eik Mat Co.,Ltd. က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက် အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက်၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး**
**(မန္တလေးမြောက်ပိုင်း) မန္တလေးမြို့**

**စာအုပ်စာပေ လှူမိတ်ဆွေ**




## ငြင်းချက်ထုတ်ရန်ဆင့်စာ
## (တရားမကျင့်ထုံးဥပဒေ အမိန့်-၅၊ နည်းဥပဒေ-၂၀)
## ချမ်းမြသာစည်မြို့နယ်တရားရုံးတော်
## ၂၀၂၄ ခုနှစ်၊ တရားမကြီးမှုအမှတ် -၁၅၁

| | | |
|---|---|---|
| ဒေါ်မြင့်ခိုင် | **နှင့်** | တပ်ကြပ်မြွေး |
| **တရားလို** | | **တရားပြိုင်** |

မန္တလေးတိုင်းဒေသကြီး၊ ချမ်းမြသာစည်မြို့နယ်၊ ၄၉ x ၅၀လမ်းကြား၊ ပိတောက်လမ်း၊ မြရည်နန္ဒာရပ်ကွက်နေ တပ်ကြပ်မြွေး (ဘ) ဦးငြိမ်းမောင် (ယခုနေရပ်လိပ်စာမသိသူ) သိစေရမည်။

သင့်အပေါ်၌ တရားလို ဒေါ်မြင့်ခိုင်က "မှတ်ပုံတင်အရောင်းအဝယ်စာချုပ်ချုပ်ဆိုပေးစေလိုမှု" လျှောက်ထားစွဲဆိုသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ ၂၀၂၄ခုနှစ်၊ ဩဂုတ်လ(၂၉)ရက် (၁၃၈၆ခုနှစ်၊ ဝါခေါင်လဆုတ်၁၀ရက်)မွန်းမတည့်မီ နံနက်(၁၀:၀၀)နာရီတွင် အထက်ကအမည်ပါရှိသူ တရားလို၏အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့ လာရောက်ရမည်။ ၎င်းပြင် အထက်ပါနေ့ရက်တွင် သင်မလာရောက် ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်တွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုကကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့် သင်ကထုချေတင်ပြ အမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူယူဆောင်လာရမည်။ သို့မဟုတ် သင်၏ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်ကထုချေလွှာ တင်သွင်းလိုလျှင် အမှုမဆိုင်မီ လေးရက်က တင်သွင်းရမည်။

၂၀၂၄ ခုနှစ်၊ ဩဂုတ်လ ၁၅ရက်နေ့ ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(ကောင်းမြတ်နေခြည်ထူး)**
**ဒုတိယမြို့နယ်တရားသူကြီး(၂)**
**ချမ်းမြသာစည်မြို့နယ်တရားရုံး**

## ကန့်ကွက်နိုင်ပါကြောင်း

ပဲခူးမြို့၊ ဥဿာမြို့သစ်၊ အမှတ်(၅)ရပ်ကွက်၊ မြေတိုင်းအမှတ်(၁၇)၊ မြေကွက်အမှတ်(၅၇၇)၊ မြေရိယာ(၀ဒသမ၀၅၅)ကေရှိမြေအား ဒေါ်မမလေး( တပ်ကြပ်ကြီးစိုးဝင်းကွယ်လွန်၏ဇနီး)မှ မြေငှားဂရန်အသစ် လျှောက်ထားလာမှုနှင့်ပတ်သက်၍ ကန့်ကွက်လိုပါက တရားဝင်ခိုင်လုံသော အထောက် အထား(မူရင်း)များဖြင့် ဤကြော်ငြာသည့်ရက်မှစ၍ ၁၅ရက်အတွင်း ပဲခူးမြို့နယ်၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက မြေငှားဂရန်အသစ် လျှောက်ထားခြင်းအား ဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်း၊ ညွှန်ကြားချက်များနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**
**ပဲခူးမြို့**

## ကန့်ကွက်နိုင်ကြောင်းအများသိစေရန် ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ရန်ကင်းမြို့နယ်၊ ကန်ဘဲ့တာဝါ၊ Block-C, Unit No.02, Level 19, အခန်းအမှတ်(C-1902)၊ အကျယ်အဝန်း(882-82 Sqft) စတုရန်းပေရှိ ကန်ဘဲ့တာဝါကွန်ဒိုတိုက်ခန်းနှင့်ကွန်ဒိုတိုက်ခန်းတွင် တွဲကပ်နေသည့်အရာများ အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို အမည်ပေါက်ပိုင်ဆိုင်သူ Wu, Hung-Chien (Passport No.361397975) မှ တရားဝင်ပိုင်ဆိုင်၊ လွှဲပြောင်း၊ ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုပြီး ရောင်းချလိုကြောင်း ကမ်းလှမ်းရာ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေအဖြစ် အရောင်းအဝယ်ပြုလုပ်သည့်တန်ဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို ရောင်းသူအား ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါ အရောင်းအဝယ်နှင့်စပ်လျဉ်း၍ ပိုင်ရေးဆိုင်ခွင့်ရှိသူ မည်သူမဆို ကန့်ကွက်လိုပါက ဤသတင်းစာကြော်ငြာပါသည့် ရက်မှစ၍ ခုနစ်ရက်အတွင်း တိကျခိုင်လုံသော စာရွက်စာတမ်းမူရင်းအပြည့်အစုံ ဖြင့် ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးစီးအထမြောက်သည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်အေးအေးမွန်**
**LL.B,M.Sc,(Maritime Law & Policy, WMU, Sweden)**
**DML,DPS,Dip in English**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၇၇၄၅)**
**အမှတ်(၄၄၃)၊ ၆လွှာ၊ ကုန်သည်လမ်း၊ (၆)ရပ်ကွက်၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့**
**ဖုန်း-၀၉-၅၀၀၃၁၅၈၊ ၀၉-၇၉၅၉၅၂၈၀၇**

## ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန
## မြန်မာ့မီးရထား
### အိတ်ဖွင့်တင်ဒါ (Open Tender) ခေါ်ယူခြင်း

၁။ အောက်ဖော်ပြပါပစ္စည်းများကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသည်-

| စဉ် | တင်ဒါအမှတ် | ပစ္စည်းအမျိုးအမည် |
|---|---|---|
| ၁ | 12(T)16/MR(ML/YUG) | စက်ခေါင်းအရန်ပစ္စည်း (၁၁၅) မျိုးဝယ်ယူရန် |
| ၂ | 12(T)17/MR(CME/NPT) | စက်ပစ္စည်းကိရိယာများနှင့် စက်ခေါင်းအရန်ပစ္စည်းများ (၁၂) မျိုးဝယ်ယူရန် |
| ၃ | ၂၀၇/မမ/(CME/MIT) | တွဲပြုပြင်ပြောင်းလဲရန်လိုအပ်သောပစ္စည်း (၂) မျိုး ဝယ်ယူရန် |
| ၄ | ၂၀၈/မမ/(CME/MIT) | တွဲအသစ်တည်ဆောက်ခြင်းလုပ်ငန်းအတွက် လိုအပ်သောပစ္စည်း (၂) မျိုး ဝယ်ယူရန် |
| ၅ | ၂၀၉/မမ/(CME/MIT) | တွဲအကြီးတန်းပြုပြင်ရေးလုပ်ငန်းအတွက် လိုအပ်သော ပစ္စည်း (၇၇) မျိုး ဝယ်ယူရန် |
| ၆ | ၂၁၀/မမ/(CME/MIT) | တွဲအကြီးတန်းပြုပြင်ရေးလုပ်ငန်းအတွက် လိုအပ်သော ပစ္စည်း (၄၄) မျိုး ဝယ်ယူရန် |

တင်ဒါပိတ်မည့်နေ့/အချိန် - (၁၃.၉.၂၀၂၄) နေ့လည်(၂:၃၀)နာရီ

၂။ တင်ဒါပုံစံများကို အောက်ဖော်ပြပါဌာနတွင် (၁၆.၈.၂၀၂၄) ရက်နေ့မှစတင်၍ ရုံးချိန်အတွင်း ဝယ်ယူနိုင်ကြောင်းနှင့် အသေးစိတ်သိရှိလိုပါက ၎င်းဌာနသို့ မေးမြန်းနိုင်ပါသည်-

ထောက်ပံ့ဌာန၊ မြန်မာ့မီးရထား၊ ကုန်သည်လမ်းနှင့် ၅၁ လမ်းထိပ်
ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း - 294352, 291994, 291985

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 39W/98444, Yamaha Tricker -250 ယာဉ်လက်ဝယ်ရှိသူ Superior International Trading Co.,Ltd. က(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက်၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါ သည်။

**ကညန၊ခရိုင်ရုံး**
**(မန္တလေးမြောက်ပိုင်း)မန္တလေးမြို့**

## ကန့်ကွက်နိုင်ပါသည်

ယာဉ်အမှတ် 4W/93402 ယာဉ်လက်ဝယ်ရှိသူ ဦးခေါ်သန်းဝင်း ၉/ပဥလ(နိုင်) ၀၆၃၂၃၉ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့် ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(ပြင်ဦးလွင်)**

## ကြော်ငြာစာ

မန္တလေးမြို့၊ မဟာအောင်မြေမြို့နယ်၊ မဟာမြိုင်(၂)ရပ်ကွက်၊ အကွက်အမှတ် ပ-၈၊ ဦးပိုင်အမှတ်(၃၃-က)၊ ၆၀လမ်း၊ ၄၀X၄၁လမ်းကြားရှိ ဂရန်မြေကွက်အမည်ပေါက်သူ ဦးစိုးနိုင် ၁၃/မဆတ(နိုင်)၀၄၀၁၀၂ က အမှုတွဲအမှတ် (၂၉၀၂/၂၀၂၄-၂၀၂၅)ဖြင့် သက်တမ်းတိုးလျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီ**

## NOTICE OF OVERSEAS CORPORATION CEASING TO CARRY ON BUSINESS IN MYANMAR
## JUSTWARE MYANMAR CO., LTD.
## (Overseas Corporation Ceasing to carry on business in the Union)
## Company Registration No. [126862113]

NOTICE is hereby given pursuant to Section 55, subsection A of the Myanmar Companies Law, 2017 that the oversea corporation was ceased to carry on business in Myanmar and the branch office is solvent and is in a position to pay all its liabilities in full within three years from date of ceasing which is 5th August 2024. The Liquidator is as follow:

1. Myanmar Enterprise Solutions Co., Ltd (Reg No: 101259552)
   liquidator@mesc.pro
   +95-9-253388144, +95-9-253388177,
   No. 13 Lakeken Street Pazundaung Township, Yangon, Myanmar

**LIQUIDATOR(s) NAME**

1. Myanmar Enterprise Solutions Co., Ltd

## (THE FRENCH BAKERY LTD. GTY.)
## မြန်မာနိုင်ငံ လူမွဲခံယူခြင်းဆိုင်ရာ ဥပဒေ ပုဒ်မ ၁၅၂ (က)၊ နည်းဥပဒေ ပုဒ်မ (၁၅) အရ ကုမ္ပဏီအား ဆန္ဒအလျောက်ဖျက်သိမ်းခြင်း

၂၀၂၄ခုနှစ်၊ ဩဂုတ်လ (၁၂)ရက်နေ့တွင် ကျင်းပပြုလုပ်သော အစုရှယ်ယာရှင်များ၏ အထူးအစည်းအဝေးဆုံးဖြတ်ချက်အရ "(THE FRENCH BAKERY LTD. GTY.)"အား ၂၀၂၄ ခုနှစ်၊ ဩဂုတ်လ (၁၂)ရက်နေ့မှစ၍ အစုရှယ်ယာရှင်များ၏ ဆန္ဒအလျောက် စာရင်းရှင်းလင်းဖျက်သိမ်းရာတွင် ဦးမျိုးဟိန်း MAIP (00074)အား တရားဝင်စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိအဖြစ် ခန့်အပ်ထားပါသည်။

ကုမ္ပဏီမှ ရရန်နှင့် ပေးရန်ရှိသည်များကို ၂၀၂၄ ခုနှစ်၊ စက်တင်ဘာလ (၂၀) ရက်နေ့ထက် နောက်မကျစေဘဲ အောက်ဖော်ပြပါ တရားဝင်စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိထံ တောင်းခံခြင်းများနှင့် ပေးသွင်းခြင်းများကို ပြုလုပ်နိုင် ကြောင်း ကြေညာအပ်ပါသည်။

**ဦးမျိုးဟိန်း**
**စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ MAIP (00074)**
**(ဖျက်သိမ်းဆဲ)**
**(THE FRENCH BAKERY LTD. GTY.)**

**Liquidator Office: No (13), Lakeken Street, Ground Floor,**
**(7) Ward, Pazundaung Township, Yangon.**
**Myanmar Enterprise Solutions Co., Ltd.**

## ကြော်ငြာစာ

မန္တလေးမြို့၊ မဟာအောင်မြေမြို့နယ်၊ ရဲမွန်တောင်ရပ်ကွက်၊ အကွက်အမှတ် မ-၂၈၊ ဦးပိုင်အမှတ်(၈၀)၊ ၄၂လမ်းမျက်နှာပြု၊ ၅၈X၅၉လမ်းကြားရှိ ဂရန်မြေကွက်အမည်ပေါက်သူ ဒေါ်လီလီဇော ၁၃/လရန(နိုင်) ၀၅၇၄၂၄ကအမှုတွဲအမှတ်(၂၈၈၀/၂၀၂၄-၂၀၂၅)ဖြင့် သက်တမ်းတိုးလျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ငြင်းချက်ထုတ်ရန်ဆင့်စာ
## (တရားမကျင့်ထုံးဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)
## အောင်မြေသာစံခရိုင်တရားရုံးတော်
## ၂၀၂၄ ခုနှစ်၊ တရားမကြီးမှုအမှတ်-၈၅

| | | |
|---|---|---|
| ဒေါ်မေလွင် (၎င်း၏အထွေထွေ ကိုယ်စားလှယ်စာရသူ ဦးစောထွန်း) | နှင့် | ၁။ ဦးကျော်အောင်(ခ) ဦးကျော်ကျော်အောင်<br>၂။ ဒေါ်ငြိမ်းငြိမ်း<br>၃။ ဦးအောင်သန်းဇော်<br>၄။ ဦးအောင်သက်ဦး<br>၅။ ဦးနိုင်ဦး<br>၆။ ဦးစံလှဘော်<br>၇။ ဒေါ်အေးအေးသန်း |
| **တရားလို** | | **တရားပြိုင်များ** |

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ ၆၈ လမ်းနေ ဦးအောင်သက်ဦးနှင့် မန္တလေးမြို့ မဟာအောင်မြေမြို့နယ်၊ ကုက္ကိုလ်စုရပ်ကွက်နေ ဦးစံလှဘော် (ယခုနေရပ်လိပ်စာမသိသူ)တို့ သိစေရမည်။

